ကြေးမှုံ

The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်၊ အင်္ဂါနေ့၊ (22-9-2015) (စာ၃၃၁)

မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ် ၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။ (အင်္ဂုတ္တိရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)

မြန်မာနိုင်ငံ၏ ငွေကြေးနှင့်ဘဏ္ဍာရေးဆိုင်ရာများ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး မစ္စတာ တာရို အာစိ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။(အောက်ပုံ)

ယင်းသို့ တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်ကိုယ်စားလှယ်အဖွဲ့နှင့် အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာတဲရှိ ဟိဂုချိလည်း တက်ရောက်သည်။

တွေ့ဆုံရာတွင် မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် ဂျပန်နိုင်ငံမှ ပိုမိုကူညီပူးပေါင်းဆောင်ရွက်ရေး၊ သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းများ အမြန်ဆုံးပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံ၏ ရေတေးသင့်ဒေသများရှိ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰

မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် ဂျပန်နိုင်ငံမှ ပိုမိုကူညီပူးပေါင်းဆောင်ရွက်ရေး အမြင်ချင်းဖလှယ်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်

နေရာကွက်ကျားမီးထစ်ချုန်းရွာမည်။ ရွာရန်ရာနှန်းပြည့်ဖြစ်သည်။

ရန်ကုန်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်

နေရာကွက်ကျားမီးထစ်ချုန်းရွာမည်။ ရွာရန်ရာနှန်း ၈၀ ဖြစ်သည်။

မြန်မာနိုင်ငံ၏ ငွေကြေးပြုပြင်ပြောင်းလဲရေးဆိုင်ရာ ရဲဝံ့ပြတ်သားသော လုပ်ဆောင်ချက်အပေါ် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(IMF)က ကြိုဆို

ဒေါက်တာ သာစိန်

စက်တင်ဘာ ၂၀ ရက်ထုတ် အစီရင်ခံစာတစ်ခုတွင် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(IMF)က မြန်မာအစိုးရ၏ နိုင်ငံခြားငွေလဲလှယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များ လျှော့ပေါ့လိုက်သည့် ရဲဝံ့ပြတ်သားသော လုပ်ဆောင်ချက်အပေါ် ကြိုဆိုပါကြောင်း ရေးသားဖော်ပြထားသည်ဟု ရိုက်တာသတင်းများအရ သိရသည်။

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က မြန်မာအစိုးရအနေဖြင့် ငွေကြေးစျေးကွက်အတွင်း ပြုပြင်ပြောင်းလဲမှုများကြောင့် ကျပ်ငွေလဲလှယ်နှုန်းမှာ အခြားသော စျေးကွက်များ၏ငွေလဲလှယ်နှုန်းနှင့် တူလုနီးပါးရှိလာခဲ့သဖြင့် ယင်းပြုပြင်ပြောင်းလဲမှုများကို ကြိုဆိုပါကြောင်း၊ သို့သော် ပြုပြင်ပြောင်းလဲမှုများထပ်မံလုပ်ဆောင်ရန်လိုကြောင်း၊ ၂၀၁၄ ခုနှစ် စက်တင်ဘာလမှစပြီး

စာမျက်နှာ ၃ ကော်လံ ၅ သို့ ✻

ကြေးမုံ့စာတည်းရှေ့ထောင့် ၂၂-၉-၂၀၁၅၊ အင်္ဂါနေ့

သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေး

ကျွန်ုပ်တို့နေထိုင်သော ဤကမ္ဘာကြီးစတင်ဖြစ်တည်စဉ်ကတည်းက လူသတ္တဝါများ အသက်ရှင်ရပ်တည်နေထိုင်နိုင်ရန် သဘာဝကပေးသည့် သန့်ရှင်းသောလေထုအလွှာ တည်ဆောက်ထားသည်။ ဤသို့ဖြင့် သန့်ရှင်းသောလေထု၊ သန့်ရှင်းသောအစားအစာများဖြင့် လူသတ္တဝါများ အသက်ရှင်ရပ်တည်နေထိုင်လာခဲ့ကြသည်။ ထို့ကြောင့် ရှေးဦးကာလက လူသားများမှာ သက်တမ်းရှည်လျားခဲ့သည်။

သို့သော် အချိန်ကာလရွှေ့လျားပြောင်းလဲလာသောအခါ ဤကမ္ဘာကြီးသည် လူတို့ကြောင့်ပင် တစ်စတစ်စပျက်ယွင်းလာခဲ့သည်။ သဘာဝပတ်ဝန်းကျင် ပျက်ယွင်းခြင်းအမျိုးမျိုးအနက် လူတို့နေထိုင်ရာကမ္ဘာကြီး၏ လေထုပျက်ယွင်းခြင်းက အရေးကြီးသောအချက်ဖြစ်လာသည်။ အထူးသဖြင့် လေထုညစ်ညမ်းခြင်းက လူသားများ၏ ကျန်းမာရေးကို များစွာထိခိုက်လာခဲ့သည်။

လေထုညစ်ညမ်းခြင်း အကြောင်းအရင်းများစွာရှိသည့်အနက် စက်ရုံ၊ အလုပ်ရုံ၊ ယာဉ်၊ စက်ပစ္စည်းနှင့် လူသုံးပစ္စည်းများမှ ထွက်ရှိလာသည့် ဓာတ်ငွေ့များမှာ လေထုညစ်ညမ်းခြင်း၏ အဓိကအကြောင်းခြင်းရာများ ဖြစ်လာသည်။ ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်ခြင်း၊ ဖန်လုံအိမ်အာနိသင်ပျက်ယွင်းလာခြင်းများသည် သန့်ရှင်းသောလေထုကို ပျက်ယွင်းစေသည်။ စက်မှုတော်လှန်ရေးစတင်ပြီးနောက်ပိုင်းတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့စုဝေးမှုသည် လေထုတွင်သာမက ရေထုတွင်လည်း စိမ့်ဝင်ပျံ့နှံ့လာသည်။

ထို့အပြင် ကမ္ဘာကြီးတွင် လူဦးရေထူထပ်မှု တစ်နေ့တခြား များပြားလာခြင်းနှင့်အတူ မြို့ပြတည်ထောင်ခြင်းများရှိလာခဲ့သည်။ မြို့ပြအိမ်ရာများနှင့် အထပ်မြင့်အဆောက်အအုံများ ထူပြောလာခြင်း၊ လူတို့အသုံးပြုသော ယာဉ်များ တစ်နေ့တခြား များပြားလာခြင်းတို့သည် ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုကို တစ်နေ့ထက်တစ်နေ့ သိသာစွာ ရိုက်ခတ်လာသည်။ တစ်ဆက်တည်းတွင် လူမှုစီးပွားဘဝ နေထိုင်မှုပုံစံများကြောင့် လူတို့၏ပတ်ဝန်းကျင် လေထုသိပ်သည်းညစ်ညမ်းမှုများ မြင့်တက်လာခြင်းလည်း ပါဝင်သည်။

မကြာသေးမီရက်ပိုင်းအတွင်းက အင်ဒိုနီးရှားနိုင်ငံ မြောက်ပိုင်းဒေသ၊ အိမ်နီးချင်းစင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံဒေသအချို့တွင် မီးခိုးမြူလွှမ်းခြုံမှုအခြေအနေများ ပိုမိုဆိုးရွားလာကြောင်း ကြားသိလိုက်ရသည်။ အကျိုးဆက်အားဖြင့် စာသင်ကျောင်းများအား ပိတ်လိုက်ရပြီး လေကြောင်းခရီးစဉ်များကိုပါ ခေတ္တဆိုင်းငံ့ထားလိုက်ရသည်။ အလားတူ တရုတ်နိုင်ငံ၏ အဓိကမြို့တော်ကြီးတစ်ခွင်လုံးတွင်လည်း ထိုကဲ့သို့ပင် မကြာခဏဖြစ်ပေါ်နေသည်။ အရှေ့တောင်အာရှနိုင်ငံအချို့၏ မီးခိုးမြူလွှမ်းမိုးမှုသည် ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်သူများ တောမီးရှို့ခြင်းကြောင့် ဖြစ်ပေါ်လာသည်ဟု ဆိုထားသည်။

ထိုသို့နှစ်စဉ်ဖြစ်ပေါ်ခြင်းကြောင့် သက်ဆိုင်ရာအစိုးရက တောမီးရှို့ခြင်းပြုလုပ်ပါက အရေးယူမည်ဖြစ်ကြောင်း သတိပေးထားသည်။ လေထုညစ်ညမ်းခြင်းတွင် တောမီးရှို့ခြင်းသည်လည်း အဓိကအချက်အဖြစ်ပါဝင်လာသည်။ မြန်မာနိုင်ငံတွင်လည်း အချို့သောဒေသများရှိ တောတောင်များတွင် နှစ်စဉ်ခြောက်သွေ့ရာသီရောက်သည့်ကာလတိုင်း တောမီးရှို့သည့်ပြဿနာများနှင့် ရင်ဆိုင်နေရသည်။ လေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင် ပျက်ယွင်းမှုတွင် တောမီးလောင်ခြင်းပါဝင်နေသဖြင့် လက်သည်မပေါ်သော ထိုပြဿနာကို အလေးအနက်ထား ကိုင်တွယ်သွားကြရမည်ဖြစ်သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သက်ဆိုင်ရာပညာရှင်များက လေထုအရည်အသွေး တိုးတက်ကောင်းမွန်လာအောင် မည်သည့်အရေးယူဆောင်ရွက်ခြင်းမျှ မရှိပါလျှင် လူသားများ၏အသက်အန္တရာယ်ကိုပင် ထိခိုက်လာနိုင်ကြောင်း ပြင်းပြင်းထန်ထန် အသိပေးထားသည်။ အောက်ဆီဂျင်၏ အဆိပ်တစ်မျိုးဖြစ်သော အိုဇုန်းနှင့် သေးငယ်သော အမှုန်အမွှားများကဲ့သို့ ညစ်ညမ်းစေသော လေထုတစ်စတစ်စတိုးတက်လာသောကြောင့် ၂၀၅၀ ပြည့်နှစ်တွင် အရွယ်မတိုင်မီသေဆုံးသူ တစ်နှစ်လျှင် ၆ ဒသမ ၆ သန်းရှိလာနိုင်ကြောင်း သတိပေးထားသည်။

သို့ဖြစ်ရာ လေထုညစ်ညမ်းမှုသည် လူသားတို့နေထိုင်ရာ ဤမြေကမ္ဘာကို တစ်စတစ်စ ခြိမ်းခြောက်လာပြီ ဖြစ်သည်။ လူသားအားလုံး အသက်ရှည်ကျန်းမာစွာ နေထိုင်ရပ်တည်နိုင်ရေးအတွက် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေနိုင်သော ပြုမူလုပ်ဆောင်မှုအားလုံးကို အရေးတကြီး ဟန့်တားကာကွယ်သွားကြရန် လိုအပ်ပါကြောင်း အသိပေးလိုက်ရပါသည်။ ။

အမျိုးသားကဇာတ်ရုံ(ရန်ကုန်)အား ရေရှည်တည်တံ့စေရေး နှစ်လပိတ်ထားစဉ်အတွင်း အကြီးစားပြင်ဆင်ခြင်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၁

ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် ကမ္ဘာအေးဘုရားလမ်း ကမ္ဘောဇရိပ်သာသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ကမ္ဘောဇရိပ်သာသည် နှစ်ပေါင်း ၁၀၀ ခန့်ရှိ ရှေးဟောင်းအဆောက်အအုံဖြစ်သည့်အတွက် အမိုးများ ယိုယွင်းမှုကို ပြန်လည်ပြုပြင်ရန်နှင့် ရေရှည်တည်တံ့ရေးအတွက် အခြားပြုပြင်ထိန်းသိမ်းရန် လိုအပ်သောနေရာများကို ကြည့်ရှုစစ်ဆေး၍ ပြုပြင်ထိန်းသိမ်းရန်အတွက် တာဝန်ရှိသူများကို မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘောဇရိပ်သာတွင် ဖွင့်လှစ်ထားရှိသော အနုပညာအထက်တန်းကျောင်း(ရန်ကုန်)၌ တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်လမ်းရှိ အမျိုးသားပြတိုက်(ရန်ကုန်)သို့ သွားရောက်ပြီး ပြတိုက်ရှိ ခင်းကျင်းပြသမည့် ပစ္စည်းများကို ရေရှည်တည်တံ့စေရေးအတွက် ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှုများနှင့် ပြတိုက်ရှိလုပ်ငန်းဆောင်ရွက်နေမှုများကိုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ(ရန်ကုန်)သို့ ရောက်ရှိပြီး အမျိုးသားကဇာတ်ရုံ အကြီးစားပြင်ဆင်ရန် နှစ်လပိတ်ထားစဉ်ကာလအတွင်း ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်မည့် ဇာတ်စင်ပေါ်တွင် ပင်မ LED နှင့် အရန် LED များ တပ်ဆင်ရန်လျာထားမှု၊ မီးအလင်းရောင်ပေးမှုစနစ် ပြုပြင်ရန်များ၊ အသံစနစ်ပြုပြင်မွမ်းမံရန်လုပ်ငန်းများ၊ လေအေးပေးစက်များထပ်မံတပ်ဆင်ရန် ဆောင်ရွက်နေမှုများ၊ ပွဲကြည့်ပရိသတ်များ သက်သာစွာကြည့်ရှုနိုင်ရန်အတွက် ထိုင်ခုံများပြုပြင်ရန်နှင့် အမျိုးသားဇာတ်ရုံ၏ အတွင်းအပြင်သန့်ရှင်းသာယာမှုရှိစေရေး ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် စက်တင်ဘာ ၂၁

ရန်ကုန် ရွှေဈေး ၇၇၂၅၀၀ - ၇၇၃၅၀၀
မန္တလေး ရွှေဈေး ၇၇၂၅၀၀ - ၇၇၃၅၀၀

စက်သုံးဆီဈေးနှုန်း

(က) ဒီဇယ်	တစ်လီတာ	၆၄၀/၆၅၀ ကျပ်
(ခ) အောက်တိန်း 95	တစ်လီတာ	၇၉၀/၈၀၀ ကျပ်
(ဂ) အောက်တိန်း 92	တစ်လီတာ	၆၉၀/၇၀၀ ကျပ်
(ဃ) ဓာတ်ဆီ	တစ်လီတာ	၇၁၀ ကျပ်

၁၄-၉-၂၀၁၅ ရက်နေ့မှ ၁၈-၉-၂၀၁၅ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၆၁၈ ကျပ်နှင့် ဒီဇယ်တစ်လီတာ ၅၈၀ ကျပ် ဖြစ်ပါသည်။ *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	= ၁၂၉၁.၀
(ခ) ဥရောပ	တစ်ယူရို	= ၁၄၅၉.၂
(ဂ) တရုတ်	တစ်ယွမ်	= ၂၀၂.၈၅
(ဃ) ထိုင်း	တစ်ဘတ်	= ၃၆.၁၃၇
(င) မလေးရှား	တစ်ရင်းဂစ်	= ၃၀၄.၅၂
(စ) အိန္ဒိယ	တစ်ရူပီး	= ၁၉.၅၉၆
(ဆ) ဂျပန်	တစ်ရာယန်း	= ၁၀၇၇.၄
(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	= ၁၁၀.၀၅
(ဈ) သြစတြေးလျ	တစ်ဒေါ်လာ	= ၉၂၇.၉၁
(ည) စင်ကာပူ	တစ်ဒေါ်လာ	= ၉၁၉.၈၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

သံအမတ်ကြီး ဦးကျော်မျိုးထွင့်အား ပနားမားနိုင်ငံဆိုင်ရာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် စက်တင်ဘာ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အမေရိကန်ပြည်ထောင်စုဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်မျိုးထွင့်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ပနားမားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလုပ စိမ်းမြမြ

စတော့အိတ်ချိန်းပြင်ဆင်ထားရှိမှုများ ရှင်းလင်းပြသ

ရန်ကုန် စက်တင်ဘာ ၂၁

ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းသည် စက်တင်ဘာ ၁၈ ရက်က မြန်မာ့အာမခံလုပ်ငန်းဌာန ဦးဆောင်ညွှန်ကြားရေးမှူး အပါအဝင် အာမခံကုမ္ပဏီ ၁၂ ခုတို့မှ အလုပ်အမှုဆောင်အရာရှိများနှင့် ဒုတိယအထွေထွေမန်နေဂျာများအား စတော့အိတ်ချိန်းအဆောက်အအုံ၌ စတော့အိတ်ချိန်း၏ သမိုင်းကြောင်း၊ စတော့အိတ်ချိန်း လုပ်ဆောင်ပုံ၊ ရန်ကုန်စတော့အိပ်ချိန်းပေါ်ပေါက်လာပုံ၊ ရန်ကုန်စတော့အိတ်ချိန်း၏ ဖွဲ့စည်းပုံ၊ ရန်ကုန်စတော့အိတ်ချိန်း တည်ရာအဆောက်အအုံ၏ သမိုင်းကြောင်းများကို ရှင်းလင်းပြသပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

ရန်ကုန် စတော့အိတ်ချိန်းကို လာမည့် ဒီဇင်ဘာလတွင် ဖွင့်ရန် ရည်ရွယ်ထားပြီး ဖွင့်လှစ်ရေးအတွက် ဦးဆောင်ကော်မတီနှင့် ဆပ်ကော်မတီ ခြောက်ခုကို ဖွဲ့စည်းထားပြီးဖြစ်သည်။ ရန်ကုန်စတော့အိတ်ချိန်း၏ အခင်းအကျင်းများကို ပထမဆုံး အကြိမ် ရှင်းလင်းပြသခြင်းဖြစ်ပြီး နောင်တွင်လည်း အလားတူ ရှင်းလင်းပြသသွားမည်ဖြစ်သည်။

ဩဂုတ် ၂၉ ရက်က စာနယ်ဇင်းနှင့် ရုပ်သံလွှင့်ဌာနများမှ ကိုယ်စားလှယ်များအား ဖိတ်ခေါ်ရှင်းပြခဲ့ပြီးဖြစ်သည်။ ရန်ကုန်စတော့အိတ်ချိန်းပေါ်ပေါက်လာမှုသည် ပြည်သူများ ရင်းနှီးမြှုပ်နှံမှုနှင့် အများပိုင်ကုမ္ပဏီများ ဖွဲ့ဖြိုးမှုအတွက် များစွာအထောက်အပံ့ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းများ - ဦးလှမိန်း၊ ဦးဝင်းနိုင်၊ ဦးစိုးဗိုနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဥေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်း၊ ဦးဓော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလုံသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ပြုံးစန္ဒာမြင့်၊ သီသီမင်း
အထူးသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြီန်း၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဒေယျာဝင်း(ဖြိုးဌေး)
အထူးသတင်းထောက် - ဆုနှင်းလုံ၊ သီရိ

ပြည်တွင်းရေးရာ

☆ ရှေ့ဖုံးမှ

ပျက်စီးဆုံးရှုံးခဲ့ရသည့် စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်တည်ဆောက်နိုင်ရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ငွေကြေးနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ်အတွက် လက်မှတ်ရေးထိုးနိုင်ရေး၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြီး အမြင်ချင်းဖလှယ်ခဲ့ကြသည်။ **(သတင်းစဉ်)**

သံအမတ်ကြီး ဦးစံလွင် ၎င်း၏သံအမတ်ခန့်အပ်လွှာပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၂

ဩစတြီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစံလွင်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၄ရက်တွင် ဗီယင်နာမြို့၌ ဩစတြီးယားသမ္မတနိုင်ငံ သမ္မတဒေါက်တာ ဟိန့်ဇ်ဖစ်ရှာထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။ **(သတင်းစဉ်)**

သံအမတ်ကြီး ဦးစံလွင် အမြဲတမ်းကိုယ်စားလှယ်အဖြစ် ခန့်အပ်လွှာပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၂

ဩစတြီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစံလွင်သည် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ရုံးစိုက်သည့် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများသို့ မြန်မာနိုင်ငံ၏ အမြဲတမ်းကိုယ်စားလှယ်အဖြစ် ခန့်အပ်လွှာများကို ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်းက ပေးအပ်ခဲ့ပြီးဖြစ်သည်။

သံအမတ်ကြီး ဦးစံလွင်သည် ဗီယင်နာမြို့ ကုလသမဂ္ဂရုံး၏ ညွှန်ကြားရေးမှူးချုပ်နှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး အမှုဆောင်ညွှန်ကြားရေးမှူး မစ္စတာ ယူရီဖီဒိုတော့ဗ် ထံသို့ ၅-၈-၂၀၁၅ ရက်တွင်လည်းကောင်း၊ ရှျုကလီးယားစမ်းသပ်ဖောက်ခွဲမှု အလုံးစုံတားမြစ်ပိတ်ပင်ရေးစာချုပ်ဆိုင်ရာ အဖွဲ့အစည်း၏ အမှုဆောင်အတွင်းရေးမှူး ဒေါက်တာလာဇီနာဇာဘို ထံသို့ ၁၇-၈-၂၀၁၅ ရက်တွင်လည်းကောင်း၊ ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာ တိုင်ဇိုနိရှိကာဝါ ထံသို့ ၁၈-၈-၂၀၁၅ ရက်တွင်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ၏ ညွှန်ကြားရေးမှူးချုပ် မစ္စတာ ယူကိုရာအမာနို ထံသို့ ၂၀-၈-၂၀၁၅ ရက်တွင် လည်းကောင်း ခန့်အပ်လွှာများကို အသီးသီးပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

❖ ကျောဖုံးမှ

"အားလုံးအတွက် ရေရှည်တည်တံ့သော စွမ်းအင်ရရှိသုံးစွဲရေး Sustainable Energy for All (SE4ALL)" အစီအစဉ်အောက်မှ နည်းပညာအကူအညီ အရ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းဖြင့် ကမ္ဘာ့ဘဏ်အဖွဲ့မှ ဦးဆောင်၍ စီစဉ်ရေးဆွဲပေးခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကမ္ဘာ့ဘဏ်အဖွဲ့တို့ပူးပေါင်း၍ ၂၀၁၃ ခုနှစ် မေလမှ ၂၀၁၄ ခုနှစ် စက်တင်ဘာလအတွင်း အလုပ်ရုံဆွေးနွေးပွဲများ လေးကြိမ်တိုင် ပြုလုပ်ခဲ့ကြသည်ကိုလည်း သိရှိရပါကြောင်း။

၂၀၃၀ ခုနှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရန် ရေးဆွဲထားသော အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်အား စနစ်တကျ ထိရောက်အကျိုးရှိစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက်များမှ ပေးအပ်သောချေးငွေ၊ အထောက်အပံ့များအား စနစ်တကျ စီမံခန့်ခွဲနိုင်ရန်အတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး အမှုဆောင်ကော်မတီအား ဖွဲ့စည်းခဲ့ပါကြောင်း။

အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းအတွက် ကမ္ဘာ့ဘဏ်မှ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၄၀၀ မှ မဟာဓာတ်အားလိုင်းစနစ်မှ လျှပ်စစ်မီးပေးနိုင်ရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၃၁၀၊ မဟာဓာတ်အားလိုင်းပြင်ပစနစ်များအတွက် အမေရိကန်ဒေါ်လာ သန်း ၉၀ ပေးအပ်ရန် အဆိုပြုချက်နှင့်ပတ်သက်၍ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၌ အတည်ပြုခဲ့ပြီးဖြစ်သည့်အတွက် လုပ်ငန်းများ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန် အရေးကြီးသည့်အပိုင်းသို့ ရောက်ရှိနေပြီ ဖြစ်ပါကြောင်း။

မိမိတို့ အကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်နှင့် အပြီးသတ်ဆောင်ရွက်မည့် အချိန်တို့အား သတ်မှတ်ရေးဆွဲဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ ဈေးနှုန်းသက်သာပြီး ပြည်သူကို အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်သည့် လျှပ်စစ်မီးရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲသည့် အမျိုးသားဓာတ်အားပေးစနစ်ဖြစ်ရန် လိုအပ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံးလျှပ်စစ်မီးရရှိရေးအတွက် နိုင်ငံတော်ဘတ်ဂျက်မှ နှစ်စဉ်လျာထားဆောင်ရွက်ပေးခဲ့သော်လည်း ပြည်သူ့အားလုံး လိုအပ်သမျှ ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသည့်အတွက် ကမ္ဘာ့ဘဏ်မှ ချေးငွေအား လက်ခံရယူခဲ့ခြင်းဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျန်ရှိသည့် အိမ်ထောင်စုခုနှစ်သန်းကျော်အား လျှပ်စစ်ဓာတ်အားပေးနိုင်ရေး ဆောင်ရွက်ရာတွင် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး အမှုဆောင်ကော်မတီ အနေဖြင့် Single Window အဖြစ် ညှိနှိုင်းဆောင်ရွက်နိုင်မှသာ နိုင်ငံတကာ အဖွဲ့အစည်းအသီးသီးမှပေးအပ်သည့် ချေးငွေအကူအညီအား ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးက အကောင်အထည်ဖော်ရာတွင် လုပ်ငန်းများမထပ်အောင် ကြီးကြပ်စီမံနိုင်မှာဖြစ်ပါကြောင်း။

မဟာဓာတ်အားလိုင်းစနစ်၊ မဟာဓာတ်အားလိုင်းပြင်ပမှ အငယ်စားဓာတ်အားလိုင်းစနစ်နှင့် အိမ်ထောင်စုတစ်စုချင်းအလိုက် မီးသွယ်တန်းမှုစနစ်များကို အားလုံးလွှမ်းခြုံနိုင်ပြီး နည်းပညာခိုင်မာစွာ စရိတ်ကုန်အသက်သာဆုံးဖြင့် ဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း၊ နှစ်အလိုက် မီးလင်းနိုင်မည့် အိမ်ထောင်စုလျာထားချက်များအတိုင်း အရည်အသွေးကောင်းမွန်သည့် လျှပ်စစ်ဝန်ဆောင်မှုပေးနိုင်ရေးအတွက် စောင့်ကြည့်အကဲဖြတ်စနစ်များထားရှိပြီး ကြပ်မတ်ပေးသွားရန် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး အမှုဆောင်ကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ဝိုးက အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းကို ကဏ္ဍစီမံချက်အပြင် ဒေသန္တရစီမံချက်နှင့်လည်း လိုက်လျောညီထွေ အသုံးပြုနိုင်မည့် စီမံချက်ဖြစ်ရန် ဆောင်ရွက်နေမှု၊ လျှပ်စစ်ဓာတ်အား မရရှိသေးသည့် ဒေသများအား လျှပ်စစ်ဓာတ်အား ပေးနိုင်မည့် နည်းလမ်းများ၊ လိုအပ်သည့် ရင်းနှီးမြှုပ်နှံငွေ၊ ဓာတ်အားစနစ်မှ ဆက်သွယ်ပေးမည့် ကျေးရွာများ ရွေးချယ်မှုတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရမည့် အခြေအနေ၊ ဓာတ်အားခွဲရုံများ တည်ဆောက်မှုနှင့် တပ်ဆင်စရိတ်ကျခံရမည့် အခြေအနေ၊ နိုင်ငံတစ်ဝန်း လျှပ်စစ်မီးလင်းရေးအတွက် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် လျှပ်စစ်မီးလင်းရေး ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး အမှုဆောင်ကော်မတီ ဒုတိယ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ကျေးလက်နေပြည်သူများ လျှပ်စစ်မီးရရှိရေး၊ မဟာဓာတ်အားလိုင်းပြင်ပ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများအား ကာလတို၊ ကာလရှည်စီမံကိန်းများ ရေးဆွဲဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၆၃၈၉၉ ရွာရှိသည့်အနက် ၂၉၀၁၈ ရွာခန့်တွင် လျှပ်စစ်မီးရရှိမှုနှင့် ၃၄၈၈၁ ရွာမှာ လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ပေးရန် ကျန်ရှိမှု၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးပြု၍ ကျေးလက်မီးလင်းရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေးစီမံချက်ကို အကောင်အထည်ဖော်ရာတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် မဟာဓာတ်အားလိုင်းပြင်ပ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများအား တာဝန်ယူ ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမှုဆောင်ကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက စီမံချက်အတွက် ကမ္ဘာ့ဘဏ်နှင့်ပူးတွဲ၍အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ထားရှိမှု၊ စီမံချက်အရ လျှပ်စစ်ဓာတ်အားရရှိနိုင်မှု၊ မဟာဓာတ်အားလိုင်းမှ ဓာတ်အားဆက်သွယ်ပေးနိုင်မှု၊ စီမံချက် အကောင်အထည်ဖော်ရန်လိုအပ်သော ရင်းနှီးမြှုပ်နှံမှု၊ ၂၀၁၅-၂၀၁၆ မှ ၂၀၂၉-၂၀၃၀ အထိ ဘဏ္ဍာရေးနှစ်များအလိုက် လျှပ်စစ်ဓာတ်အား တိုးချဲ့ဆက်သွယ်ပေးနိုင်မည့် အခြေအနေ၊ ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၃၁၀ ဖြင့် ဓာတ်အားစနစ်မှ တိုးချဲ့ဓာတ်အားပေးမည့် လုပ်ငန်းစဉ်များ၊ ဓာတ်အားစနစ်မှ ဆက်သွယ်ပေးမည့် ဦးစားပေးအဆင့် သတ်မှတ်ချက်များ၊ ဓာတ်အားစနစ်မှ ဓာတ်အားဆက်သွယ်ပေးရန် အချိန်ကြာမြင့်မည့်ဒေသများသို့ ကြိုတင်ဓာတ်အားပေးရန် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးတင်ငွေက ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၉၀ ဖြင့် မဟာဓာတ်အားလိုင်းပြင်ပတွင် ဆောင်ရွက်မည့် ဓာတ်အားစနစ်လုပ်ငန်းများ၊ နည်းပညာအကူအညီ အထောက်အပံ့ပေးမှုများ၊ စီမံကိန်းဧရိယာ ရွေးချယ်မှု၊ အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ထားရှိမှု လုပ်ငန်းစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က လျှပ်စစ်ဓာတ်အား တိုးချဲ့ရယူဖြန့်ဖြူးနိုင်မည့် အခြေအနေများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က လျှပ်စစ်ဓာတ်စွမ်းအင်တိုးတက်ရရှိရေးဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က လျှပ်စစ်စီမံကိန်းများနှင့်ပတ်သက်သည့် ဘဏ္ဍာငွေဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက အမျိုးသားဓာတ်အားပြင်ပစနစ် လျှပ်စစ်ဆိုင်ရာ ကျွမ်းကျင်မှုနှင့် စွမ်းရည်မြှင့်တင်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက ဆွေးနွေးတင်ပြချက်များအပေါ် သုံးသပ်ဆွေးနွေးပြီး ကဏ္ဍအလိုက်စီမံချက်များနှင့် စီမံကိန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လုပ်ဆောင်ချက်များသည် ရိုးရှင်းရမည်ဖြစ်ပြီး ထိရောက်စွာ စောင့်ကြည့်အကဲဖြတ်သည့်စနစ်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန် လုပ်ဆောင်ချက်များကို အစီရင်ခံစာနှင့် ပြန်တမ်းစနစ်များဖြင့် ထားရှိဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

(သတင်းစဉ်)

ဒေါ်လာ သန်း ၃၃၀ ကုန်ကျမည့် သီလဝါအထူးစီးပွားရေးဇုန် တိုးချဲ့ရေးစီမံကိန်း ၂၀၁၆ ခုနှစ် နွေရာသီတွင် ပြီးမြောက်မည်

နေပြည်တော် စက်တင်ဘာ ၂၁

သီလဝါ အထူးစီးပွားရေးဇုန်အတွင်းရှိ စက်မှုဥယျာဉ်မြို့တော်သည် မြန်မာနှင့်ဂျပန်တို့ အကောင်အထည်ဖော်ဆောင်ရွက်နေသော စီးပွားရေးလုပ်ငန်းကြီးတစ်ရပ်ဖြစ်ပြီး အဆိုပါစီမံကိန်းတွင်ပါဝင်သည့် ပြည်သူပိုင်နှင့် ပုဂ္ဂလိကပိုင်ကုမ္ပဏီများမှာ ယခုအခါ ယင်းစက်မှုဥယျာဉ်မြို့တော်၏ အရွယ်အစားကို သုံးဆတိုးချဲ့ရန် သဘောတူညီမှုရရှိခဲ့ပြီးဖြစ်ကြောင်း နစ်ခဲအိ အေးရှန်းရီဗျူးတွင် ရေးသားဖော်ပြထားသည်။

ယင်းစက်မှုဥယျာဉ်မြို့တော်ရှိ မြေဧရိယာ ဟက်တာ ၄၀၀ ထဲမှ ၇၀ ရာခိုင်နှုန်းကို လုပ်ငန်းရှင်များအားခွဲဝေပေးလိုက်ပြီးဖြစ်သည်။ အဆိုပါလုပ်ငန်းရှင်များအနေဖြင့် တိုးချဲ့ရေးစီမံကိန်းအရ မူလစက်မှုဇုန်အနီးတွင် နောက်ထပ်ဟက်တာ ၇၀၀ ကို စတင်ဖော်ထုတ်နေကြပြီဖြစ်သည်။ မြေယာတိုးချဲ့ဖော်ထုတ်မှု၏ ကုန်ကျစရိတ်မှာ ဒေါ်လာ သန်း ၃၃၀ ကုန်ကျဖွယ်ရှိသည်ဟု ဆိုသည်။ ယင်းမြေယာတိုးချဲ့ဖော်ထုတ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတစ်ရပ်ကို ဂျပန်ကုမ္ပဏီ သုံးခု၊ မြန်မာကုမ္ပဏီ ကိုးခု၊ မြန်မာအစိုးရနှင့် ဂျပန်နိုင်ငံတကာ ကော်ပိုရေးရှင်းအေဂျင်စီ (JICA) တို့က စက်တင်ဘာလကုန်တွင် လက်မှတ်ရေးထိုးကြမည်ဖြစ်သည်။

ရန်ကုန်မြို့တောင်ဘက် ကီလို ၂၀ ကွာဝေးသည့် သီလဝါစက်မှုဥယျာဉ်မြို့တော်ဖော်ထုတ်မှုမှာ ၂၀၁၆ ခုနှစ် နွေရာသီတွင် ပြီးမြောက်မည်ဟု ရည်မှန်းထားကြောင်းနှင့် ယင်းစက်မှုဥယျာဉ်မြို့တော်တွင် မြန်မာနိုင်ငံ အပါအဝင် နိုင်ငံ ၁၀ နိုင်ငံကျော်မှ ကုမ္ပဏီများ လုပ်ငန်းလည်ပတ်ကြမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ်မှစ၍ အသွင်ကူးပြောင်းရေးနှင့်အတူ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်ပရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်ခဲ့ရာ ပြည်ပရင်းနှီးမြှုပ်နှံမှု များစွာဝင်ရောက်လာခဲ့ကြောင်း၊ ယင်းတို့အနက် သီလဝါစက်မှု မြို့တော်သည် ပြည်ပရင်းနှီးမြှုပ်နှံမှုများထဲက တစ်ခုအပါအဝင်ဖြစ်ကြောင်း ဆိုသည်။

(ဝရဇိန်)

✻ မြန်မာနိုင်ငံမှ

ဒေါ်လာနှင့်လဲလှယ်ရာတွင် မြန်မာကျပ်ငွေ၏တန်ဖိုးမှာ ၂၀ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်းဆိုသည်။

နိုင်ငံ၏လိုင်ငွေပြေမှုမှာ ဂျီဒီပီ ၃ ရာခိုင်နှုန်းရှိသည်ဟု ခန့်မှန်းထားခဲ့သော်လည်း ဆက်သွယ်ရေးနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီများမှ ရငွေကို ထည့်သွင်းတွက်ချက်ခြင်းမပြုပါက အမှန်တကယ်လိုင်ငွေပြေမှုမှာ ၅ ဒသမ ၅ ရာခိုင်နှုန်းနီးပါးရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပြုပြင်ပြောင်းလဲမှုများ ထပ်မံ၍မလုပ်ဆောင်ပါက သွင်းကုန်သုံးလတာလောက်သာ ဆောင်ရွက်နိုင်သည့်ပမာဏရှိသော ၎င်း၏အရန်နိုင်ငံခြားငွေများ ထိခိုက်ပွန်းပဲ့လာနိုင်ကြောင်း၊ မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုသည် ၁၃ ရာခိုင်နှုန်းအထိ ရောက်ရှိနိုင်ပြီး စာရင်းရှင်အပ်ငွေဆိုင်ရာ လိုင်ငွေပြမှုမှာလည်း ဂျီဒီပီ၏ ကိုးရာခိုင်နှုန်းခန့်ရောက်ရှိလာနိုင်ကြောင်း၊ မည်သို့ပင်ဆိုစေကာမူ မြန်မာနိုင်ငံ၏ စီးပွားရေးသည် ယခုနှစ်အတွင်း ၈ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်လာမည်ဟု ခန့်မှန်းရကြောင်း IMF က ဆိုသည်။

ဆီးရီးယားနိုင်ငံတွင် ရုရှားတပ်ဖွဲ့များ ဖြည့်တင်းရေး အစ္စရေးဝန်ကြီးချုပ်နှင့် သမ္မတပူတင်ဆွေးနွေးမည်

ကျေရူဆလင် စက်တင်ဘာ ၂၁

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ရာဟုက ဆီးရီးယားနိုင်ငံတွင် ရုရှားတပ်ဖွဲ့များ ထပ်မံအင်အား ဖြည့်တင်းမည့်အစီအစဉ်နှင့်ပတ်သက်ပြီး ရုရှားသမ္မတ ဗလာ ဒီမာပူတင်နှင့် တွေ့ဆုံဆွေးနွေးရန် ရုရှားနိုင်ငံ မော်စကိုမြို့သို့ ထွက်ခွာသွားခဲ့ကြောင်း သတင်းများအရ သိရသည်။

အစ္စရေးနိုင်ငံ၏ အဓိကရန်သူအဖွဲ့အစည်းဖြစ်သည့် ဟဇီဘိုလာအဖွဲ့မှ အဆင့်မြင့်လက်နက်များသုံးစွဲမှုကို ရပ်ဆိုင်းရန်၊ ဆီးရီးယားနယ်စပ်တစ်လျှောက်ရှိ အစ္စရေးနယ်မြေများစီးနင်းတိုက်ခိုက်ခံရမှုများကို တန်ပြန်ခုခံကာကွယ်ရန်နှင့် ဆီးရီးယားနိုင်ငံအတွင်းရှိ စစ်သွေးကြွများအား တိုက်ခိုက်ချေမှုန်းရန် အစ္စရေးလေကြောင်းပါဝင်ပူးပေါင်းမည့်ကိစ္စရပ်များကို ခေါင်းဆောင်နှစ်ဦးတို့ ဆွေးနွေးကြမည်ဖြစ်ကြောင်း 'ဟာရာဇတ်'နေ့စဉ်သတင်းစာက ဖော်ပြထားသည်။

ဆီးရီးယားနိုင်ငံတွင် ရုရှားတပ်ဖွဲ့များအင်အား ဖြည့်တင်းမှုသည် ဟဇီဘိုလာအဖွဲ့အပါအဝင် အခြားသောစစ်သွေးကြွအဖွဲ့များအတွက် အင်အားကောင်းသွားနိုင်ဖွယ်ရှိမှုကို အစ္စရေးနိုင်ငံက စိုးရိမ်နေကြောင်း ဝန်ကြီးချုပ်ရုံး၏ ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။ ဟဇီဘိုလာအဖွဲ့သည် ဆီးရီးယားနှင့် အီရန်နိုင်ငံတို့မှ ထောက်ပံ့ကူညီမှုများ ရယူနေသည့်အဖွဲ့ဖြစ်သည်။

ဆီးရီးယားစစ်ပွဲလေးနှစ်တာကာလလုံး ရုရှားနိုင်ငံသည် ဆီးရီးယားသမ္မတဘာရှာ အာဆက်ကို ထောက်ခံအားပေးမှုများပြုလုပ်ခဲ့သည့်အတွက် အနောက်နိုင်ငံများက ရုရှားနိုင်ငံကို ရှုတ်ချဝေဖန်ကြသည်။ ဆီးရီးယားနိုင်ငံတွင် အိုင်အက်စစ်သွေးကြွများကို တိုက်ခိုက်ချေမှုန်းရန် ရုရှားကတပ်ဖွဲ့များကို အင်အားဖြည့်တင်းခြင်းဖြစ်သည်ဟု ရုရှားသမ္မတက ဆိုသည်။

ရုရှားနိုင်ငံက ယခုနှစ်ဧပြီလတွင် အီရန်နိုင်ငံကို အက်စ်-၃၀၀ ဒုံးကျည်များ ရောင်းချရန်စာချုပ်ချုပ်ဆိုမည်ဟု ကြေညာခဲ့သည့်အတွက် အစ္စရေးနှင့်ရုရှား ဆက်ဆံရေး တင်းမာမှုများရှိခဲ့သည်။

၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် အစ္စရေးဝန်ကြီးချုပ်က မော်စကိုသို့ နောက်ဆုံးအကြိမ် သွားရောက်ခဲ့ပြီး ရုရှားဝန်ကြီးချုပ်နှင့် တွေ့ဆုံခဲ့သည်။

ဆင်ဟွာ။

တရုတ်တွင် ကလေးမွေးဖွားနှုန်းကျဆင်းသည့်အတွက် ကျောင်းအပ်နှံမှုလျော့ကျ

ပေကျင်း စက်တင်ဘာ ၂၁

တရုတ်နိုင်ငံတွင် လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း ကလေးမွေးဖွားနှုန်း ကျဆင်းနေခဲ့သည့်အတွက် မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းအပ်နှံမှုအရေအတွက် လျော့ကျလျက်ရှိသည်ဟု စက်တင်ဘာ ၂၁ ရက်တွင် ထုတ်ပြန်သည့် လေ့လာမှုစစ်တမ်းတစ်ခုအရ သိရသည်။

အဆိုပါ လေ့လာမှုစစ်တမ်းကို တရုတ်နိုင်ငံ၏ အကြီးမားဆုံးပညာရေးဝက်ဘ်ဆိုက် www.eol.cn က ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး မူလတန်းအဆင့် ကျောင်းအပ်နှံမှုမှာ ၁၉၉၇ ခုနှစ်တွင် ၂၅ သန်းရှိခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ၁၆ ဒသမ ၅၈ သန်းအထိ လျော့ကျသွားခဲ့သည်ဟု ဆိုသည်။ အလားတူ ၁၉၉၇ ခုနှစ်တွင် အလယ်တန်းအဆင့် ကျောင်းအပ်နှံမှုမှာ ၂၂ ဒသမ ၆၃ သန်းရှိခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ၁၄ ဒသမ ၄၈ သန်းသာရှိခဲ့သည်။ ယင်းကဲ့သို့ ကျောင်းအပ်နှံမှုလျော့ကျရခြင်းမှာ မွေးဖွားနှုန်းကျဆင်းခြင်းကြောင့်ဖြစ်သည်ဟု လေ့လာမှုစစ်တမ်းက မှတ်ချက်ပြုသည်။

၁၉၉၀ ခုနှစ်များတွင် တရုတ်နိုင်ငံ၌ နှစ်စဉ် ကလေးအရေအတွက် သန်း ၂၀ ကျော်မွေးဖွားခဲ့သော်လည်း ယခုအခါ ၁၆ သန်း ဝန်းကျင်နှင့်သာ မွေးဖွားသည်။ တရုတ်လူဦးရေ အဖွဲ့အစည်း၏ အဆိုအရ ကလေးမွေးဖွားမှုအနည်းဆုံးနှစ်မှာ ၂၀၀၆ ခုနှစ်ဖြစ်ပြီး ၁၅ ဒသမ ၈ သန်းဖြစ်သည်ဟု သိရသည်။

ဆင်ဟွာ။

ဂျက်လေယာဉ် အမျိုးအစားသစ် တရုတ်နှင့် ရုရှားပူးတွဲထုတ်လုပ်မည်

ပေကျင်း စက်တင်ဘာ ၂၁

ယခုနှစ်မကုန်မီမှာပင် ကိုယ်ထည်အရွယ်အစားကြီးမားသော ဂျက်လေယာဉ်ပုံ အမျိုးအစားသစ် တစ်မျိုးကို သုတေသနပြု ထုတ်လုပ်သွားရန် သဘောတူညီချက် တစ်ရပ်ကို တရုတ်နှင့် ရုရှားနိုင်ငံတို့ သဘောတူညီချက် လက်မှတ်ရေးထိုးကြမည်ဖြစ်ကြောင်း ချိုင်းနားဒေလီ သတင်းစာအား ကိုးကား၍ ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ရုရှား နိုင်ငံပိုင်က ထိန်းချုပ်ယူနိုက်တက် လေယာဉ်ထုတ်လုပ်ရေးကော်ပိုရေးရှင်းနှင့် တရုတ်၏ နိုင်ငံပိုင် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ လေယာဉ်ထုတ်လုပ်ရေးကော်ပိုရေးရှင်းတို့သည် ၂၀၁၄ ခုနှစ်မေလမှစ၍ ဂျက်လေယာဉ် အမျိုးအစားသစ်ကို ပူးတွဲထုတ်လုပ်ရန် လေ့လာခဲ့ကြသည်။

လေယာဉ် ပူးတွဲထုတ်ရာတွင် အကျိုးအမြတ်ခွဲဝေယူရေးနှင့် တာဝန်ခွဲဝေရေးဆိုင်ရာ စည်းမျဉ်းများ ရေးဆွဲရန်လိုအပ်ပြီး လာမည့်နှစ်မတ်လထက် နောက်မကျဘဲ သဘောတူညီချက် မူကြမ်းပါ အသေးစိတ်အချက်အလက်များနှင့် ပတ်သက်၍ ဆုံးဖြတ်မည်ဖြစ်ကြောင်း ရုရှားယူနိုက်တက် လေယာဉ်ထုတ်လုပ်ရေးကော်ပိုရေးရှင်းနှင့် တရုတ်၏ နိုင်ငံပိုင် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ လေယာဉ်ထုတ်လုပ်ရေးကော်ပိုရေးရှင်းတို့သည် ၂၀၁၄ ခုနှစ်မေလမှစ၍ ဂျက်လေယာဉ် အမျိုးအစားသစ်ကို ပူးတွဲထုတ်လုပ်ရန် လေ့လာခဲ့ကြသည်။

ချိုင်းနားဒေလီ သတင်းစာ၏ အထက်ပါ ရေးသားဖော်ပြချက်နှင့် ပတ်သက်၍ တာဝန်ရှိသူများက မှတ်ချက်ပေးပြောကြားခြင်းမရှိပေ။

လောလောဆယ်ကာလတွင် ဥရောပ၏ အဲဘာတစ်ကုမ္ပဏီနှင့် အမေရိကန်ဘိုးအင်းကုမ္ပဏီတို့ကသာ ကိုယ်ထည်ကြီးမားသော လေယာဉ်များကို တည်ဆောက်လျက်ရှိကြသည်။ တရုတ်နှင့် ရုရှားတို့၏ ပူးတွဲ လေယာဉ်ထုတ်လုပ်ရေး စီမံကိန်းသည် ယင်းကုမ္ပဏီများနှင့် စျေးကွက်ယှဉ်ပြိုင်မှု မြင့်မားစေမည်ဖြစ်သည်။

ရိုက်တာ။

ဟားမားစ်အဖွဲ့၏ တိုက်ခိုက်မှုမှကာကွယ်ရန် အစ္စရေးစစ်ဘက်က ဒုံးကျည်ကာကွယ်ရေးစနစ်များဖြန့်ကြက်

ကျေရူဆလင် စက်တင်ဘာ ၂၁

လွန်ခဲ့သည့်ရက်သတ္တပတ်ကုန်က ဂါဇာကမ်းမြောင်ဒေသမှ စစ်သွေးကြွများက အစ္စရေးနိုင်ငံ တောင်ပိုင်းသို့ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီးနောက် အစ္စရေးက ဒုံးခွင်းဒုံးစနစ်နှစ်ခုကို ဖြန့်ကြက်ထားလိုက်ပြီဖြစ်ကြောင်း အစ္စရေး သတင်းမီဒီယာများက စက်တင်ဘာ ၂၀ ရက်တွင် ဖော်ပြသည်။

အစ္စရေးနိုင်ငံတောင်ပိုင်း မြို့များဖြစ်သည့်ဆီးဒရော့စ်နှင့်နီတီဗော့မြို့များကို ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် ဟားမားစ်တို့၏ ဒုံးကျည်ဘေးအန္တရာယ်မှ ကာကွယ်ရန်အတွက် ဒုံးကျည်ကာကွယ်ရေးစနစ်များကို ဖြန့်ကြက်ရခြင်းဖြစ်ကြောင်း အစ္စရေးသတင်းဌာနများက ဖော်ပြသည်။

စက်တင်ဘာ ၁၈ ရက် ညနေပိုင်းက ဂါဇာကမ်းမြောင်ဒေသမှ ပစ်ခတ်သော ဒုံးကျည်များသည် ဆီးဒရော့စ်မြို့နှင့် ပင်လယ်ဆိပ်ကမ်းမြို့ အက်ရ်ကီလွန်မြို့များသို့ ကျရောက်ခဲ့သည်။ ယင်းတို့အနက် ဒုံးကျည်တစ်စင်းသည် ဆီးဒရော့စ်မြို့မှနေ အိမ်တစ်လုံးအနီး၌ ကျရောက်ပေါက်ကွဲခဲ့ပြီး မော်တော်ယာဉ်တစ်စီး ပျက်စီးခဲ့ကြောင်း၊ ယင်းဖြစ်ရပ်၌ ထိခိုက်ဒဏ်ရာရသူ တစ်ဦးတစ်ယောက်မျှ မရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ဟားမားစ်တို့၏ ဒုံးကျည်ပစ်လွှတ်တိုက်ခိုက်မှု ပေါ်ပေါက်ခဲ့ပြီးနောက် အစ္စရေးလေတပ် လေယာဉ်များက ဂါဇာဒေသတွင်းရှိ ဟားမားစ်အဖွဲ့၏ ပစ်မှတ်များကို စီးနင်းတိုက်ခိုက်ခဲ့သည်။ ယင်းလေကြောင်း စီးနင်းတိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရသူ တစ်ဦးတစ်ယောက်မျှ မရှိပေ။ **ရိုက်တာ။**

အိုင်အက်စ် ချေမှုန်းရေးညွှန့်ပေါင်းအဖွဲ့တွင် ပါဝင်ရေး အမေရိကန် တိုက်တွန်းမှု ပါကစ္စတန်စဉ်းစားသုံးသပ်

အစ္စလမ္မာဘတ် စက်တင်ဘာ ၂၁

အိုင်အက်စ်စစ်သွေးကြွအဖွဲ့အား ချေမှုန်းတိုက်ခိုက်မည့် နိုင်ငံတကာ ညွှန့်ပေါင်းအဖွဲ့တွင် ပူးပေါင်းပါဝင်ရန် အမေရိကန်၏တိုက်တွန်းမှုကို ပါကစ္စတန်နိုင်ငံက စဉ်းစားသုံးသပ်လျက်ရှိကြောင်း တာဝန်ရှိသူများက စက်တင်ဘာ ၂၁ ရက်တွင် ပြောကြားကြသည်။

ဆာဟဲဒေသမှသည် တောင်အာရှဒေသအထိ နိုင်ငံများပါဝင်သော နိုင်ငံတကာမဟာမိတ်အဖွဲ့တွင် ပါကစ္စတန်နိုင်ငံပါဝင်ရန် အမေရိကန်ပြည်ထောင်စုက ကမ်းလှမ်းခဲ့ကြောင်း ပါကစ္စတန် နိုင်ငံခြားရေးရုံး ပြောရေးဆိုခွင့်ရှိသူ ကွာဇီခါလီလူလာက ပြောကြားသည်။

အိုင်အက်စ်အိုင်အက်စ် သို့မဟုတ် အိုင်အက်စ်အဖွဲ့သည် အယ်လ်ခိုင်ဒါအဖွဲ့မှ ခွဲထွက်အုပ်စုဖြစ်ပြီး အီရတ်နှင့် ဆီးရီးယားနိုင်ငံတို့၌ နယ်မြေအများအပြားကို သိမ်းပိုက်ထားသည်။

အိုင်အက်စ် ဆန့်ကျင်ရေး ညွှန့်ပေါင်းအဖွဲ့၌ ပါကစ္စတန်နိုင်ငံ ပါဝင်ခြင်းဖြင့် ပြည်တွင်း၌ ဆန့်ကျင်ကန့်ကွက်မှုများ ရှိလာနိုင်ကြောင်း၊ အထူးသဖြင့် နိုင်ငံရေးနှင့် ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းများက အပြင်းအထန် ကန့်ကွက်လာနိုင်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပီတီအိုင်။

နိုင်ငံရေးပါတီများ၏ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

နေပြည်တော် စက်တင်ဘာ ၂၁

မြိုတိုင်းရင်းသားပါတီနှင့် တိုင်းလိုင်(ရှမ်းနီ) အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၂၂ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD (Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၂၃ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။

နိုင်ငံရေးပါတီများအား တစ်နေ့လျှင် သုံးပါတီဖြင့် အလှည့်ကျ စည်းရုံးဟောပြောခွင့်ပြုလျက်ရှိရာတွင် ကရင်ဒီမိုကရက်တစ်ပါတီအနေဖြင့် လာရောက်ဟောပြောခြင်းမပြုခဲ့၍ ထုတ်လွှင့်ဖော်ပြနိုင်မှုမရှိခြင်းဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ **(သတင်းစဉ်)**

❍ မြန်မာမှ

ခရီးသည်များသည် ညနေပိုင်းတွင် သိမ်တော်ကြီးဘုရားသို့ သွားရောက်ဖူးမြော်ခဲ့ကြပြီး မြိတ်မြို့တွင် ညအိပ်ရပ်နားခဲ့ကြသည်။

စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် မြိတ်မြို့ရှိဘုရားများနှင့် မြို့မဈေး၊ တောကျောင်း၊ မင်းကျောင်း (ဘုန်းကြီးကျောင်း)၊ မြိတ် Shopping Center တို့ကို လည်ပတ်ကာ နေ့လယ်ပိုင်းတွင် မြိတ်မြို့မှ မောတောင်မြို့သို့ ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန၊ မြိတ်ရုံးခွဲမှ တာဝန်ခံအရာရှိနှင့်အတူ ယာဉ်တန်းများ ပြန်လည်ထွက်ခွာသွားကြောင်းနှင့် ညပိုင်းတွင် မောတောင်နယ်စပ်ဂိတ်မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

✪ အာရှ ယူ-၁၉ မှ

မြန်မာယူ-၁၉ အသင်းသည် ခြေစစ်ပွဲယှဉ်ပြိုင်ရန်အတွက် စက်တင်ဘာ ၄ ရက်မှ စတင်ကာ ပဏာမကစားသမား ၃၄ ဦးဖြင့် စတင်ပြင်ဆင်ခဲ့ပြီး စက်တင်ဘာ ဒုတိယပတ်မှစတင်ကာ ကစားသမား ၂၃ ဦးသို့ လျှော့ချခဲ့သည်။ မြန်မာယူ-၁၉ အသင်းသည် ပြည်တွင်းကလပ်အသင်းများဖြစ်သည့် ဇေယျာရွှေမြေ၊ ရတနာပုံအသင်း အပါအဝင် မြန်မာယူ-၁၆ အသင်းတို့နှင့် ခြေစမ်းကစားခဲ့ပြီး ပြည်ပခြေစမ်းပွဲအဖြစ် စက်တင်ဘာ ၂၀ ရက်က ထိုင်း ယူ-၁၉ အသင်းနှင့် ခြေစမ်းကစားခဲ့ရာ ဂိုးမရှိသရေကျခဲ့သည်။ မြန်မာအသင်းယှဉ်ပြိုင်မည့် ခြေစစ်ပွဲအုပ်စု (G) ကို စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့်အတူ ဗီယက်နမ်၊ ဟောင်ကောင်၊ တီမော၊ ဘရူနိုင်းအသင်းတို့ပါဝင်လျက်ရှိသည်။ မြန်မာအသင်းသည် ပြီးခဲ့သည့် အာဆီယံ ယူ-၁၉ ပြိုင်ပွဲတွင် ဗီယက်နမ်၊ တီမောအသင်းတို့နှင့် တွေ့ဆုံခဲ့ဖူးပြီး တီမောနှင့် သရေကျကာ ဗီယက်နမ်အသင်းကို ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းအနေဖြင့် ခြေစစ်ပွဲအောင်မြင်ရေး အဓိကပြိုင်ဘက်အဖြစ် ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ခြေစစ်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာယူ-၁၉ အသင်းတွင် နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်၊ လက်ထောက်နည်းပြ - ဦးညီညီလတ်နှင့် ဦးအောင်ခိုင်၊ ဂိုးနည်းပြ ဦးအောင်ကျော်ကျော်၊ အားကစားသမားများအဖြစ် ဂိုး-ဘုန်းသစ္စာမင်း၊ စိုးအာကာ၊ ဆန်းဆက်နိုင်၊ နောက်တန်း-သူရိန်စိုး၊ မြတ်မင်းသူ၊ ရဲမင်းသူ၊ စိုးမိုးထွန်း၊ ရဲရင့်အောင်၊ ကျော်သူထွန်း၊ ဇင်မျိုးထက်၊ ဝင်းမိုးကျော်၊ ချမ်းမြေ့ထွန်း၊ အလယ်တန်း-ကောင်းချစ်နိုင်၊ ထူးခန့်လွင်၊ စစ်မင်း၊ ဇင်ဖြိုးအောင်၊ နိုင်မင်းသူ၊ စျာနေရသူ၊ ဇော်ဝင်းထွန်း၊ ရှေ့တန်း-အောင်ဇင်ဖြိုး၊ ရွှေကို၊ အာကာနှင့် အောင်မိုးသူတို့ ပါဝင်ကြသည်။

လွှတ်တော်ကော်မတီများ ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၁

ပြည်ထောင်စုလွှတ်တော်ရုံးနှင့် နိုင်ငံတကာအကူအညီပေးရေးအဖွဲ့များ ပူးပေါင်းစီစဉ်ကျင်းပသည့် လွှတ်တော်ကော်မတီများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ (Hluttaw Committees Development Workshop Series) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမကြီး၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ နိုင်ငံတကာအကူအညီပေးရေးအဖွဲ့များ ဖြစ်ကြသော UNDP, IPU, Australian Parliament, Parliament of Denmark, UK House of Commons တို့မှ တာဝန်ရှိသူများ၊ လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ နှင့်ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP) ၏ Chief Technical Advisor Mr. Warren Cahill က ပြင်ပပညာရှင်များကိုယ်စား လွှတ်တော်ကော်မတီဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အကျဉ်းချုပ်နှင့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အမှာစကားပြောကြားသည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် ပြည်ထောင်စုလွှတ်တော် နာယကသည် တာဝန်ရှိသူများနှင့်အတူ ဇမ္ဗူသီရိဆောင် ဒုတိယထပ်ရှိ မြန်မာ့လွှတ်တော် လေ့လာသင်ကြားရေးဗဟိုဌာန၌ ခင်းကျင်းပြသထားသော လွှတ်တော်အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ လွှတ်တော်ရုံးအသီးသီးမှ ဝန်ထမ်းများ၏ အင်္ဂလိပ်စာအရည်အသွေးမြှင့်တင်ရေးသင်တန်းနှင့် ကွန်ပျူတာအသုံးချသင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုတို့ကို လေ့လာကြည့်ရှုအားပေးသည်။

လွှတ်တော်ကော်မတီများ ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၁ ရက်မှ အောက်တိုဘာ ၉ ရက်အထိ ရက်သတ္တ သုံးပတ်ကြာကျင်းပမည်ဖြစ်ရာ နိုင်ငံတကာ လွှတ်တော်များမှ ကော်မတီဆိုင်ရာ ပညာရှင်ရှစ်ဦးတို့က ဆွေးနွေးပို့ချမည်ဖြစ်ပြီး လွှတ်တော်ရုံးများ ကော်မတီဝန်ထမ်း စုစုပေါင်း ၁၇၃ ဦး တက်ရောက်လေ့လာဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

နေပြည်တော် စက်တင်ဘာ ၂၁

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဒုတိယစစ်ဦးစီးချုပ် Admiral Sun Jiangou ၏ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးသွားရောက်ရန်အတွက် စက်တင်ဘာ ၂၀ ရက် ည ၁၁ နာရီ မိနစ် ၅၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာကြသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးဇော်သိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ အဖွဲ့ဝင်များအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မိုးမြင့်ထွန်းနှင့် တပ်မတော်အရာရှိကြီးများ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

အောက်တိုဘာလကုန်၌ လျှပ်စစ်ရထား စမ်းသပ်ပြေးဆွဲမည်

ရန်ကုန် စက်တင်ဘာ ၂၁

ရထားပို့ဆောင်ရေးဝန်ကြီးဌာနက မြန်မာနိုင်ငံတွင် ပထမဦးဆုံးပြေးဆွဲမည့် တင်ဒါစနစ်ဖြင့် ဝယ်ယူတင်သွင်းထားသော ကမ်းနားလမ်းပိုင်းပြေးဆွဲမည့် လျှပ်စစ်ရထား (Tram Rail) ပြေးဆွဲတော့မည်ဖြစ်ရာ အောက်တိုဘာလကုန်ပိုင်း၌ ရထားလုပ်ငန်းအားလုံး ပြီးစီးမည်ဖြစ်ပြီး လျှပ်စစ်ရထားစမ်းသပ်ပြေးဆွဲမှုကို ဆောင်ရွက်တော့မည်ဖြစ်သည်။

ထို့အတွက်ကြောင့် သြဂုတ် ၂၀ ရက်က ဂျပန်နိုင်ငံမှ အပြည်ပြည်ဆိုင်ရာသီလဝါဆိပ်ကမ်းသို့ ရောက်ရှိခဲ့သည့် မြန်မာ့မီးရထား၊ ဝါးတန်းကုန်ရုံ၌ ထားရှိဆောင်ရွက်နေသော ကမ်းနားလမ်းပိုင်းလျှပ်စစ်ရထား ပြေးဆွဲမှုလုပ်ငန်းခွင်ကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ယနေ့နံနက်ပိုင်းတွင် လာရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းခွင်လိုအပ်ချက်များကို မှာကြားခဲ့သည်။

လျှပ်စစ်ရထားပြေးဆွဲရန်အတွက် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ Asia World တို့မှ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ လက်ရှိအနေအထားအရ ရထားလမ်းပိုင်းတွင် လျှပ်စစ်ဓာတ်အားအသုံးပြုရန်အတွက် လျှပ်စစ်ဓာတ်တိုင်များ ခိုတ်ဆက်ဆောင်ရွက်မှုမှာ Phase 1 အပိုင်း၌ ၅၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကာ တိုင်များစိုက်ပြီးလျှင် လျှပ်စစ်ဓာတ်အားကြိုးများ ဆက်လက်ဆောင်ရွက်ရန် စီစဉ်ထားသည်။

DC 600 V လျှပ်စစ်ဓာတ်အားဖြင့် DC Motor များကို လည်စေခြင်းဖြင့် လျှပ်စစ်ရထားကို မောင်းနှင်အသုံးပြုသွားမည်ဖြစ်ပြီး လျှပ်စစ်ရထား ပြေးဆွဲရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ Asia World တို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့မီးရထားလုပ်ငန်းမှ သိရသည်။

လျှပ်စစ်ရထားပြေးဆွဲရာတွင် နေ့စဉ် ထိန်းသိမ်းပြုပြင်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် LOCO SHED DEPOT ကို ဝါးတန်းကုန်ရုံ၌ ဆောက်လုပ်လျက်ရှိရာ စက်တင်ဘာ ၃၀ ရက်တွင် အပြီးသတ်ဆောင်ရွက်တော့မည်ဖြစ်ပြီး လျှပ်စစ်ရထားပြေးဆွဲရန်အတွက် ထရန်စဖော်မာ နေရာအထိုင်ချထားမည့် ဓာတ်အားခွဲရုံ အဆောက်အအုံ (SUBSTATION) ဆောက်လုပ်ပြီးစီးမှုမှာလည်း လက်ရှိအနေအထားအရ ရာနှုန်းပြည့်ဆောက်လုပ်ပြီးစီးပြီဖြစ်ကာ ထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းများမှာလည်း ယခုလကုန်ပိုင်းရောက်ရှိမည်ဖြစ်ပြီး ဆက်လက်တပ်ဆင်ဆောင်ရွက်သွားမည်ဖြစ်သည်။ ၆ ဒသမ ၆ KV လျှပ်စစ်ဓာတ်အားကို ကမ်းနားလမ်းရှိ မော်တင်ဓာတ်အားခွဲရုံမှ ရယူဆောင်ရွက်သွားမည်ဖြစ်ပြီး လက်ရှိလျှပ်စစ်ရထားပြေးဆွဲရေးအတွက် လိုအပ်သောစက်ပစ္စည်းအစိတ်အပိုင်းများကို တပ်ဆင်ဆောင်ရွက်ပြီးဖြစ်သည်။

လက်ရှိအနေအထားအရ အဆိုပါလျှပ်စစ်ရထားပြေးဆွဲခြင်းသည် ၁၉၀၄ ခုနှစ်က မြန်မာနိုင်ငံတွင် လျှပ်စစ်ရထား စတင်ပြေးဆွဲခဲ့ပြီးနောက်ပိုင်း ပထမဦးဆုံးအကြိမ် ပြန်လည်ပြေးဆွဲပေးလိုက်ခြင်းဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရီးသွားပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ရန်ကုန်မြို့သို့ လာရောက်လည်ပတ်ကြမည့် ပြည်သူများ၊ နိုင်ငံခြားသားခရီးသွားဧည့်သည်များအတွက် အချိန်ကုန်သက်သာမှုရှိစေမည်ဖြစ်ပြီး ခရီးစရိတ်သက်သာစွာဖြင့် လိုရာခရီးရောက်ရှိကြမည်ဖြစ်ကြောင်း၊ ထို့အပြင် ရန်ကုန်မြို့တွင်း ဖြစ်ပေါ်လျက်ရှိသော ယာဉ်ကြောကျပ်တည်းမှုကို ဖြေလျှော့နိုင်ရေးအတွက် မြန်မာ့မီးရထားလုပ်ငန်းမှ တစ်ထောင့်တစ်နေရာမှ ဆောင်ရွက်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

စိုးဝင်း(MLA)

သတင်းစီးဆင်းမှုမြန်ဆန်စေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်၍ နည်းလမ်းများ ရှာဖွေလုပ်ဆောင်သွားမည်

နေပြည်တော် စက်တင်ဘာ ၂၁

နိုင်ငံတိုင်းသည် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုအား ကာကွယ်ပိုင်ခွင့်၊ မိမိနိုင်ငံရှင်သန်ဖွံ့ဖြိုးမှုအတွက် လုပ်ဆောင်ပိုင်ခွင့်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်အတွက် ကာကွယ်ပိုင်ခွင့်ရှိပြီး မိမိတို့နိုင်ငံအနေဖြင့်လည်း ယင်းအတိုင်း ရပ်တည်လုပ်ဆောင်နေကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)နှင့် သတင်းမီဒီယာများအား တွေ့ဆုံစဉ် ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံစာနယ်ဇင်း ကောင်စီ(ယာယီ)မှ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံ သတင်းစာဆရာများသမဂ္ဂ၊ မြန်မာသတင်းသမားများကွန်ရက်၊ နိုင်ငံခြားသတင်းထောက်များအသင်းတို့မှ ကိုယ်စားလှယ်များ၊ နေ့စဉ်ထုတ် သတင်းစာများနှင့် ရုပ်/သံမီဒီယာများမှ သတင်းထောက်များ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိနိုင်ငံအနေဖြင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူအပေါ် အခြေခံပြီး နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက် ဆက်ဆံလျက်ရှိကြောင်း၊ အစ္စရေးနိုင်ငံ ခရီးစဉ်သွားရောက်ခဲ့ရာတွင် မိမိတို့တပ်မတော်အား Standard Army တည်ဆောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်သည့် နယ်ပယ်များ၊ နည်းပညာနှင့် ပတ်သက်သောကိစ္စရပ်များ၊ စစ်ရေးနှင့်မပတ်သက်သည့် လေ့ကျင့်ရေး ကိစ္စရပ်များ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံမှုမြှင့်တင်ရေးကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း၊ ဇူလိုင်၊ သြဂုတ်လများအတွင်း ကြုံတွေ့ခဲ့ရသည့် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် တပ်မတော်အနေဖြင့် ထုတ်နုတ်နိုင်သည့် လူအင်အား၊ စက်ယန္တရား၊ မော်တော်ယာဉ်၊ ရေယာဉ်၊ ရဟတ်ယာဉ်၊ လေယာဉ်များဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်အား ကယ်တင်မှု၊ ဆယ်တင်မှုများ အချိန်မီလုပ်ဆောင်ပေးခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် အင်ပြည့်အားပြည့်ထုတ်နုတ် ဆောင်ရွက်ရန် ဆန္ဒရှိသော်လည်း လုံခြုံရေးနှင့် စစ်ဆင်ရေးတာဝန်များကြောင့် အတတ်နိုင်ဆုံး ထုတ်နုတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ရေဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်လည်း အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ တစ်နိုင်ငံလုံး အေးအေးချမ်းချမ်းဖြစ်စေချင်သည့် ဆန္ဒရှိပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် လွန်စွာလိုလားပါကြောင်း၊ တပ်မတော်အနေဖြင့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အား လုပ်ဆောင်လျက်ရှိကြောင်း၊ မကြာခင်ကာလတွင် NCA လက်မှတ်ရေးထိုးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံတိုးတက်အောင် တိုင်းရင်းသားအားလုံး မြန်မာဆိုသည့်စိတ်ဖြင့် စည်းစည်းလုံးလုံး လုပ်ဆောင်ပါက ပြည်သူများဖြစ်စေချင်သည့် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ်သို့ မုချရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ အေးအေးချမ်းချမ်း ကြီးပွားတိုးတက်လိုပါက တိုင်းပြည်တည်ငြိမ်အေးချမ်းမှသာ ဖြစ်နိုင်မည်ဖြစ်၍ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းအောင် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုပါကြောင်း၊ နိုင်ငံတစ်ခုတွင် တပ်မတော်တစ်ရပ်သာရှိသဖြင့် တပ်မတော်နှင့် ပတ်သက်သည့် အသုံးအနှုန်းများကိုလည်း ဥပဒေနှင့်အညီ တပ်မတော်အတွက်သာ သုံးစွဲစေလိုပါကြောင်း၊ မီဒီယာများတွင် တပ်မတော်နှင့်ပတ်သက်၍ အသုံးအနှုန်းများ မှားယွင်းသုံးစွဲမှု၊ မသက်ဆိုင်သည့် အဖွဲ့အစည်းများတွင် သုံးစွဲမှုများရှိနေကြောင်း၊ မိမိနိုင်ငံဂုဏ်သိက္ခာနှင့် တပ်မတော်၏ ဂုဏ်သိက္ခာအရ စစ်ဘက်အခေါ်အဝေါ်အသုံးအနှုန်းများ မှန်မှန်ကန်ကန်သုံးပါက ပိုမိုကောင်းမွန်ပါကြောင်း ပြောကြားသည်။

ယင်းနောက် သတင်းမီဒီယာများ၏ မေးမြန်းမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၂)ပါအတိုင်း လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲနှင့် တပ်မတော်သားများ မဲဆန္ဒပေးခြင်းနှင့် ပတ်သက်၍ တပ်မတော်ပိုင်းဆိုင်ရာတွင် လွတ်လပ်ပြီး တရားမျှတမှုရှိစေရန် အတတ်နိုင်ဆုံး ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အချို့လက်နက်ကိုင် ပဋိပက္ခရှိသည့်နေရာများတွင် ခြိမ်းခြောက်မှုများရှိနေ၍ ကျော်လွှားနိုင်ရန် ကြိုးစားလုပ်ဆောင်နေကြောင်း၊ တစ်တိုင်းပြည်လုံး အတိုင်းအတာနှင့်လည်း Free and Fair ဖြစ်စေလိုပါကြောင်း၊ တပ်ရင်း/တပ်ဖွဲ့မဲရုံများနှင့်ပတ်သက်၍ လုံခြုံရေးကန့်သတ်ချက် ရှိသည်မှလွဲ၍ ရွေးကောက်ပွဲကော်မရှင်၏ သတ်မှတ်ချက်များအတိုင်း ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ တပ်မတော်သားများ မဲဆန္ဒပေးမှုနှင့် ပတ်သက်၍လည်း မြို့နယ်ပေါင်း ၃၃၀ ရှိ၍ တစ်ယောက်နှင့် တစ်ယောက်၊ ပါတီတစ်ခုနှင့်တစ်ခု မတူနိုင်သဖြင့် ဖြစ်သင့်သည့်မူဝါဒအပေါ်တွင်သာ ချိန်ဆဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေးနှင့် NCA စာချုပ်လက်မှတ်ရေးထိုးမှုနှင့်ပတ်သက်ပြီး ယုံကြည်မှုနှင့် မြန်မာပြည်တွင် နေထိုင်ကြသည့် မြန်မာဆိုသည့်စိတ်မွေးရန် လိုပါကြောင်း၊ သံသယမရှိအောင် နေထိုင်လုပ်ကိုင်ကြရန်၊ သံသယစိတ်ပိုမိုကြီးထွားလာအောင် မလှုံ့ဆော်ကြရန် အရေးကြီးပါကြောင်း၊ တပ်မတော်အနေဖြင့် အဆင်သင့်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းတွင် လက်နက်ကိုင်လမ်းစဉ် မရှိပါကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် အာဏာသုံးရပ် ကိုင်ဆောင်ထားရာမှ အရပ်သားအစိုးရသို့ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း။

တပ်မတော်မှ အရပ်ဘက် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခြင်းနှင့် ပတ်သက်၍ နိုင်ငံ့ဝန်ထမ်း ဥပဒေပြဋ္ဌာန်းထားရှိပြီး ဝန်ကြီးဌာနတစ်ခုမှတစ်ခုသို့ ပြောင်းလဲတာဝန်ထမ်းဆောင်ပိုင်ခွင့်ရှိပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ လိုအပ်ချက်အရ တောင်းဆိုမှု ၊ ကာယကံရှင်၏ တင်ပြမှုအရသာ ဆောင်ရွက်ပြီး တပ်မတော်မှ စတင် Initiative မလုပ်ပါကြောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ စီစစ်မှု၊ အစိုးရအဖွဲ့၏ခွင့်ပြုမှုများလည်း ရှိပါကြောင်း၊ ရန်သူကြောင့် ထိခိုက်ဒဏ်ရာရသူအချို့၊ ကျန်းမာရေးအရ ပြောင်းရွှေ့မှုအချို့နှင့် လုံခြုံရေးပိုင်းဆိုင်ရာလိုအပ်ချက်အရ ပြောင်းရွှေ့ပေးရသူများလည်း ရှိပါကြောင်း၊ ဥပဒေနှင့်အညီ အတတ်နိုင်ဆုံး ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လှေစီးသွားလာသူများနှင့် ပတ်သက်၍ နိုင်ငံတကာတွင် တားဆီးကာကွယ်မှုများ ပြုလုပ်နေ၍ မိမိနိုင်ငံအနေဖြင့်လည်း တတ်နိုင်သမျှကာကွယ်မှုများ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ Standard Army တည်ဆောက်ရေးနှင့် ပတ်သက်၍ မေးမြန်းရာတွင် ရေတပ်စွမ်းရည်မြှင့်တင်ရန် မြန်မာ့ပင်လယ်ပြင် ကာကွယ်နိုင်ရန် စွမ်းပကားရှိရန် လိုကြောင်း၊ စစ်ရေယာဉ်များကို စွမ်းအားပြည့် သုံးစွဲနိုင်အောင် ကြိုးစားနေကြောင်း၊ ရေတပ်သင်္ဘောများ ဝယ်ခြင်း၊ ပြည်တွင်းတွင် တည်ဆောက်ခြင်းများ လုပ်ဆောင်နေကြောင်း၊ လေတပ်စွမ်းရည်မြှင့်တင်ရေးနှင့် ပတ်သက်၍ အရပ်ဘက်သုံးထက် စစ်ဘက်သုံး လေယာဉ်များက ပိုဈေးကြီးကြောင်း၊ လေယာဉ်ဝယ်ယူခြင်းနှင့်ဆက်စပ်၍ Training ကိစ္စရပ်များ၊ Ground Facility၊ Maintenance ကိစ္စရပ်များပါလိုအပ်၍ ကုန်ကျစရိတ်များကြောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာငွေပေါ်တွင် များစွာမူတည်ပါကြောင်း၊ တပ်မတော်နှင့် သတင်းမီဒီယာများအကြား ဆက်ဆံမှုတိုးမြှင့်ရေး၊ သတင်းစီးဆင်းမှုမြန်ဆန်စေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်၍ နည်းလမ်းများ ရှာဖွေလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

မော်လမြိုင်တွင် အရင်းအနှီးဈေးကွက်နှင့် စတော့အိတ်ချိန်းသင်တန်း အခမဲ့ဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၂၁

အများပိုင်ကုမ္ပဏီ ထူထောင်၍ စတော့ဈေးကွက်တွင် အရင်းအနှီးရှာလိုသောလုပ်ငန်းရှင်များ နိုင်ငံတကာနှင့် မြန်မာ့ရွှေ့၊ ငွေကြေးဈေးကွက်တွင် ဝင်ရောက်လိုသောသူများ ပြည်တွင်းမှနေ၍ ရွှေ့၊ ငွေကြေးနှင့် စတော့ဝယ်ရောင်းလုပ်လိုသော လုပ်ငန်းရှင်များနှင့် အကျိုးဆောင်များ လက်တွေ့လုပ်ဆောင်နိုင်ရန်နှင့် လုပ်ငန်းဆောင်ရွက်ရာတွင် လွယ်ကူနားလည်တတ်ကျွမ်းစေရန် ရည်ရွယ်၍ မွန်ပြည်နယ်ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်ကြီးများ အသင်းနှင့် Myanmar Golden Linkတို့ပူးပေါင်း၍ "Introduction to Capital Market and Stock Exchange" အရင်းအနှီးဈေးကွက်မိတ်ဆက်နှင့် စတော့အိတ်ချိန်းသင်တန်းကို စက်တင်ဘာ ၂၇ ရက်မှ ၂စရက်အထိ မော်လမြိုင် ကုန်စည်ဒိုင်ခန်းမကြီးတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် အခြေခံချေးငွေနှင့် အရင်းအနှီးကို ခွဲခြားနားလည်ခြင်း၊ ပိုင်ဆိုင်မှုဖြင့် အရင်းအနှီးရှာခြင်း၊ စတော့ဈေးကွက်တင်ခြင်း ရွှေ့၊ ငွေကြေးနှင့် စတော့ရှယ်ယာများ ရောင်း/ဝယ်ခြင်း မိတ်ဆက် CFDsနည်းအသုံးပြုပြီး ရွှေ့၊ ငွေကြေးရောင်းဝယ်ခြင်း၊ အွန်လိုင်းအသုံးပြုလျက် နိုင်ငံတကာငွေကြေးများ ရောင်း/ဝယ်ခြင်း စသည့်ဘာသာရပ်များကို လက်တွေ့လုပ်ကိုင်နေသော လုပ်ငန်းရှင်များမှ စာတွေ့၊ လက်တွေ့ ဆွေးနွေးပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ၛင်းသင်တန်းသို့ တက်ရောက်မည့်သူများသည် အွန်လိုင်းအင်တာနက် အသုံးပြုတတ်သူများ ဖြစ်ရန်လိုအပ်ပြီး သင်တန်းတက်ရောက်ပါက အင်တာနက် အသုံးပြုနိုင်သော ဖုန်း(သို့) တက်ဘလက်(သို့) လက်တော့ပ် ယူဆောင်လာရန် လိုအပ်ကြောင်း သိရသည်။

ထို့ပြင် သင်တန်းသားများထဲမှ လက်တွေ့စမ်းသပ်လုပ်ကိုင်လိုသူများကို DemoAccount ဖွင့်ပေးခြင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး တန်းခွဲတစ်ခုလျှင် လူဦးရေ ၃၀ သာလက်ခံမည်ဖြစ်၍ ကြိုတင်စာရင်းပေးသွင်းထားရန် လိုအပ်ကြောင်း သိရသည်။ အဆိုပါသင်တန်းနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုလျှင်သော်လည်းကောင်း စာရင်းပေးသွင်းလိုလျှင်သော်လည်းကောင်း မော်လမြိုင်ကုန်စည်ဒိုင် ၀၅၇-၂၅၇၂၂ လိုင်းခွဲ ၅၂၀၊ ၂၆၆၊ Myanmar Golden Link ၀၉ ၉၇၄၄ ၁၈ ၄၄၄ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သီဟသူ)**

အိုလံပစ်အမျိုးသမီးခြေစစ်ပွဲ နောက်ဆုံးပွဲစဉ်များ ယနေ့ ယှဉ်ပြိုင်မည်

နေပြည်တော် စက်တင်ဘာ ၂၁

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၁၆ ရီယိုအိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ အာရှဇုန် ဒုတိယအဆင့်ခြေစစ်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များကို စက်တင်ဘာ ၂၂ ရက်တွင် မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

နောက်ဆုံးနေ့ပွဲစဉ်များအဖြစ် ညနေ ၃ နာရီခွဲ၌ ထိုင်းနှင့် ဗီယက်နမ်အသင်း၊ ညနေ ၆ နာရီခွဲ၌ အိမ်ရှင် မြန်မာအသင်းနှင့် တရုတ်(တိုင်ပေ)အသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ယနေ့ ယှဉ်ပြိုင်မည့် အသင်းလေးသင်းအနက် မြန်မာအသင်းမှလွဲ၍ ကျန်သုံးသင်းမှာ တတိယအဆင့်ခြေစစ်ပွဲတက်ရောက်ရန် အခွင့်အရေးရှိနေဆဲဖြစ်ရာ နောက်ဆုံးပွဲစဉ်များမှာ အကြိတ်အနယ်ဖြစ်ဖွယ်ရှိနေသည်။ စတုတ္ထနေ့ပွဲစဉ်များအပြီးတွင် တရုတ်(တိုင်ပေ) နှင့် ထိုင်းအသင်းတို့က ခုနစ်မှတ်စီ ရရှိထားသော်လည်း ဂိုးကွာခြားချက်တွင် တရုတ်(တိုင်ပေ)က (+၄)၊ ထိုင်းက (+၂)ရှိနေသည်။ ဗီယက်နမ်က ခြောက်မှတ်ရထားသည်။ ထိုင်းနှင့် ဗီယက်နမ်မှာ ပထမပွဲဖြစ်သောကြောင့် တရုတ်(တိုင်ပေ)က ယင်းရလဒ်ကိုကြည့်ကစားနိုင်မည်ဖြစ်ပြီး ဗီယက်နမ်သာ အနိုင်ရခဲ့ပါက မြန်မာကို အနိုင်ရရုံဖြင့် နောက်တစ်ဆင့် တက်ရောက်နိုင်မည်ဖြစ်သည်။ ထိုင်းသာ အနိုင်ရထားပါက တရုတ်(တိုင်ပေ)မှာ အနိုင်ရလဒ်အဖြစ် ဂိုးရလဒ်ကိုပါ စောင့်ကြည့်ရမည်ဖြစ်သည်။ သို့သော် မြန်မာအသင်းမှာ ခြေစစ်ပွဲမအောင်နိုင်တော့သော်လည်း ဂုဏ်သိက္ခာပိုင်းအရ နောက်ဆုံးပွဲကို အားကုန်ထုတ် ကစားဖွယ်ရှိနေရာ တရုတ်(တိုင်ပေ)အသင်းရုန်းကန်ရဖွယ်ရှိနေသည်။

(ဖိုးသော်ဇင်)

လိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်း နယ်လှည့်ဆောင်ရွက်ပေးမည်

နေပြည်တော် စက်တင်ဘာ ၂၁

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်း အောက်ဖော်ပြပါမြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အသိပေးအပ်ပါသည်-

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	မြို့နယ်
၁။	နေပြည်တော်	လယ်ဝေး
၂။	ကချင်ပြည်နယ်	ဝိုင်းမော်၊ မိုးကောင်း
၃။	ကယားပြည်နယ်	မယ်စဲ့၊ ဖားဆောင်း၊ ဘော်လခဲ
၄။	စစ်ကိုင်းတိုင်းဒေသကြီး	ပုလဲ၊ ကန့်ဘလူ
၅။	ပဲခူးတိုင်းဒေသကြီး	ကျောက်တံခါး
၆။	မကွေးတိုင်းဒေသကြီး	မြိုင်၊ ပေါက်၊ ငဖဲ၊ အောင်လံ
၇။	မန္တလေးတိုင်းဒေသကြီး	စဉ့်ကူး၊ မလှိုင်
၈။	မွန်ပြည်နယ်	ရေး၊ ကျိုက်ထို
၉။	ရခိုင်ပြည်နယ်	သံတွဲ၊ တောင်ကုတ်၊ ဝွ
၁၀။	ရန်ကုန်တိုင်းဒေသကြီး	တိုက်ကြီး
၁၁။	ရှမ်းပြည်နယ်	ဖယ်ခုံ၊ လင်းခေး၊ မိုင်းခတ်၊ မိုင်းယန်း၊ ကျိုင်းလပ်
၁၂။	ဧရာဝတီတိုင်းဒေသကြီး	ကျုံပျော်၊ ရေကြည်၊ ညောင်တုန်း၊ ဒေးဒရဲ၊ လေးမျက်နှာ

(ကြေးမုံ)

ကြေးမုံ
ပြည်တွင်းရေးရာ

မြန်မာနိုင်ငံရွေးကောက်ပွဲအား နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့များက ကာလရှည်/ကာလတို စောင့်ကြည့်လေ့လာမည်

နေပြည်တော် စက်တင်ဘာ ၂၁

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ဂျပန်နိုင်ငံအစိုးရ၏ အထူးကိုယ်စားလှယ်နှင့် Nippon Foundation ၏ ဥက္ကဋ္ဌ H.E. Mr. Yohei SASAKAWA ဦးဆောင်သောအဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံရာ ကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် H.E. Mr. Yohei SASAKAWA က ရွေးကောက်ပွဲအား စောင့်ကြည့်လေ့လာရန် ဂျပန်နိုင်ငံအစိုးရမှ ဥက္ကဋ္ဌတာဝန်ပေးအပ်သဖြင့် လာရောက်တွေ့ဆုံခြင်းဖြစ်ပြီး စောင့်ကြည့်လေ့လာနိုင်မည့် အခြေအနေအား မေးမြန်းရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့များအနေဖြင့် ကာလရှည်/ကာလတို စောင့်ကြည့်လေ့လာမည့်

အဖွဲ့များရှိကြောင်း၊ ကာလရှည် စောင့်ကြည့်လေ့လာမည့် အဖွဲ့ သုံးဖွဲ့ရှိကြောင်း၊ Carter Center အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးခြင်းနှင့် မဲစာရင်းပြုစုခြင်းအား စောင့်ကြည့်လေ့လာလျက်ရှိကြောင်း၊ စောင့်ကြည့်လေ့လာလိုသည့် နိုင်ငံတကာအဖွဲ့အစည်းများ အနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အဆိုပြုတင်ပြရမည်ဖြစ်ပြီး ကော်မရှင်အနေဖြင့် လေ့လာလိုသည့်နေရာများအား အဆင်ပြေစွာ လေ့လာစောင့်ကြည့်နိုင်ရန် ညှိနှိုင်းပေးမည်ဖြစ်ကြောင်း၊ လာရောက်လေ့လာမည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ အာဆီယံနိုင်ငံများမှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ သံရုံးများမှ သံအမတ်ကြီးများအား ရွေးကောက်ပွဲရက်မတိုင်မီတွေ့ဆုံပြီး ရွေးကောက်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်ပေးခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် စောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ အပြုသဘောဆောင်သော အကြံပြုချက်များ လိုလားပါကြောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲစနစ်တကျရှိရေးအတွက် မဲရုံမျှူးနှင့် မဲရုံအဖွဲ့ဝင်များအား သင်တန်းပေးမည့် နည်းပြများကို သင်တန်းပို့ချနေမှုတို့အား ရှင်းလင်းပြောကြားသည်။

ယင်းနောက် H.E. Mr. Yohei SASAKAWA က မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံ၏ ရင်းနှီးချစ်ကြည်မှုသမိုင်းသည် ကြာမြင့်ပြီဖြစ်ကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် နီးနီးကပ်ကပ် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေမှုတို့ကို ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❑❑❑

ပဲခူးရိုးမရှိ သဘာဝဘေးမဲ့တောဖြစ်သော မြောက်ဇာမရီနေရာ၌ ဆင်ဘေးမဲ့တော တည်ထောင်မည်

ရန်ကုန် စက်တင်ဘာ ၂၁

နိုင်ငံအသီးသီးတွင် ဘေးမဲ့တောများတည်ထောင်နေသည့် FOUR PAWS International (FPI)နှင့် မင်္ဂလာမြန်မာအသင်းတို့မှ ပူးပေါင်း၍ ပဲခူးရိုးမရှိ သဘာဝဘေးမဲ့တောဖြစ်သော မြောက်ဇာမရီနေရာ၌ ဆင်ဘေးမဲ့တော (Elephant Sanctuary)တည်ထောင်ရန်နှင့် ဆင်များပြန်လည်ထူထောင်ရေးအတွက် စခန်းများအားဆောင်ရွက်တော့မည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ရန်အတွက် ဧကပေါင်း ၃၈၀ ကျော်ရှိသော အဆိုပါ မြောက်ဇာမရီနေရာအား ဆင်များအတွက်သာမဟုတ်ဘဲ အခြားတောရိုင်းတိရစ္ဆာန်များနှင့် သစ်ပင်ပန်းမန်များအတွက်ပါ ထိန်းသိမ်းဆောင်ရွက်ရန် စီစဉ်ထားပြီး FOUR PAWS International မှာ အင်ဒိုနီးရှားနိုင်ငံအပါအဝင် နိုင်ငံပေါင်း ကိုးနိုင်ငံတွင် ဘေးမဲ့တော ကိုးနေရာဆောင်ရွက်ထားပြီးဖြစ်ပြီး မြန်မာနိုင်ငံအတွက်ဆောင်ရွက်ရန် ဝင်ရောက်လာခြင်းဖြစ်ကာ မကြာမီကာလ၌ ဗီယက်နမ်နိုင်ငံတွင် ဘေးမဲ့တောပြုလုပ်ရန် စီစဉ်ထားသည်။

မင်္ဂလာမြန်မာအသင်းမှ ဒါရိုက်တာဒေါက်တာဖုန်းဝင်းက " FOUR PAWS International က ဒီလိုဘေးမဲ့တောတွေ လုပ်ရတဲ့အကြောင်းရင်းကတော့ အာရှနိုင်ငံတွေမှာ ဆင်ထိန်းသိမ်းရေးဘေးမဲ့တောတွေကို လုပ်ချင်နေပါတယ်။ ဒီပဲခူးရိုးမရှိ သဘာဝဘေးမဲ့တောဖြစ်တဲ့ မြောက်ဇာမရီနေရာဟာ ဘေးမဲ့တောနဲ့ ကိုက်ညီမှုရှိနေလို့ပါ။ ပြီးတော့ FOUR PAWS International မှ ဥက္ကဋ္ဌက အဲဒီနေရာကို သုံးကြိမ် သွားရောက်လေ့လာပြီးပါပြီ။ ဆင်ဘေးမဲ့တော တည်ထောင်တယ်ဆိုတာ သူတို့စားဖို့အတွက် စားကျက်ပါဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဆင်တွေဟာ သိပ်မတ်စောက်တဲ့တောင်တွေပေါ် မတက်နိုင်ရှာပါဘူး။ မြေပြန့်ဒေသတွေမှာသာ သွားလာနိုင်ကြတာပါ။ ဒါကြောင့် ဆင်တွေနေထိုင်ရာ နေရာနဲ့ ကိုက်ညီတဲ့နေရာကို ရွေးချယ်ပါတယ်။ ပြန်လည်ထူထောင်ရေးအပိုင်းကလည်း ဆင်အိုတွေ၊ ကျန်းမာရေးမကောင်းတဲ့ဆင်တွေကို ကျွန်တော်တို့က ပြန်လည် ဆေးကုသမှုများပြုလုပ်ပြီးပြီဆိုရင် သူတို့ကို တောထဲပြန်လွှတ်ပေးရမှာပါ။ ဒါကိုလည်း ဒီရိုးမတစ်ပိုက်မှာပဲ နေရာ လေးခု(သို့) ငါးခုယူပြီး ဆင်တွေကို ပြုစုပျိုးထောင်ပြီး တောထဲပြန်လွှတ်ပေးမှာပါ။ ဆင်တွေအသက်အန္တရာယ် လုံခြုံစေဖို့အတွက်ကိုလည်း ကာကွယ်ရေးအပိုင်းအရ တောထဲစောင့်ရှောက်ရမယ့် သူတွေကိုလည်း ကျွန်တော်တို့က ထားရှိမှာပါ"ဟု ရှင်းပြသည်။

မြန်မာနိုင်ငံတွင် ဆင်ရိုင်းအကောင်ရေ သုံးထောင်ကျော်ရှိပြီး ဝန်တင်ဆင်၊ သစ်ဆွဲဆင်နှင့် မွေးမြူဆင်ပေါင်း အကောင်ရေ ၅၀၀၀ ဝန်းကျင်ခန့်ရှိကာ အဆိုပါဆင်များ၏ လာမည့်အနာဂတ်ကာလအတွက် ယခုကတည်းက စတင်ဖြေရှင်းဆောင်ရွက်လိုက်ခြင်းလည်းဖြစ်ကြောင်း သိရသည်။ ဆင်ဘေးမဲ့တော တည်ထောင်ရန်အတွက် အပိုင်းနှစ်ပိုင်း ခွဲခြားဆောင်ရွက်သွားမည်ဖြစ်ပြီး ဆင်ရိုင်းများအတွက် သီးသန့်နှင့် ဝန်တင်ဆင်၊ သစ်ဆွဲဆင်နှင့် မွေးမြူဆင်များအတွက် သီးသန့်ဆောင်ရွက်မည်ဖြစ်ကာ လက်ရှိသစ်တောရေးရာဝန်ကြီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း မင်္ဂလာမြန်မာအသင်းမှ သိရသည်။

"ဆင်တွေအတွက်ဘေးမဲ့တောတွေ ဆောင်ရွက်တာကလည်း အတင်းနေရာအပြောင်းအရွှေ့ လုပ်လို့မရပါဘူး။ သူ့ဒေသမှာပဲ သူ့ကိုနေရာရွှေ့လို့ရပါမယ်။ အခြားဒေသကို နေရာပြောင်းရွှေ့လိုက်ပြီဆိုရင် ဆင်တွေဟာ စိတ်ထိခိုက်ပြီး အစာမစားတော့ဘဲ သေဆုံးမှုတွေဖြစ်လာနိုင်ပါတယ်။ ကမ္ဘာပေါ်ရှိ သတ္တဝါတွေထဲမှာ ဆင်တွေဟာ အသိဉာဏ်အမြင့်မားဆုံးသတ္တဝါလို့ ဆိုကြ

ဆင်ဘေးမဲ့တော (Elephant Sanctuary)တည်ထောင်မည့် ပဲခူးရိုးမရှိ သဘာဝဘေးမဲ့တောဖြစ်သော မြောက်ဇာမရီမြင်ကွင်းအား ဝေဟင်မှတွေ့ရစဉ်။

ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံအနှံ့အပြားမှာရှိနေတဲ့ ဆင်တွေအတွက် ဘေးမဲ့တော တည်ထောင်တာကို ကျွန်တော်တို့ပူးပေါင်းအသင်းက သူတို့ပျော်နိုင်တဲ့ ဒေသတွေမှာပဲ တည်ထောင်သွားမှာပါ။

သက်ဆိုင်ရာဌာနအသီးသီးက တာဝန်ရှိသူတွေအပါအဝင် ပြည်တွင်း၊ ပြည်ပ အသီးသီးက ဆင်အကြောင်းနားလည်တတ်ကျွမ်းသူများနဲ့လည်း တိုင်ပင်ဆွေးနွေးအကြံဉာဏ်ရယူလုပ်ဆောင်သွားမှာပါ။

ဆင်ဘေးမဲ့တော (Elephant Sanctuary)တည်ထောင်ဖို့နဲ့ ဆင်များပြန်လည်ထူထောင်ရေးအတွက် စခန်းတွေဆောင်ရွက်ဖို့အတွက် ကုန်ကျငွေကတော့ ခန့်မှန်းလို့မရပါဘူး။ ရေရှည်လုပ်ရမယ့် အရာမို့ပါ။ ကုန်ကျစရိတ်က အပြောင်းအလဲဖြစ်လာနိုင်ပါတယ်။ ဆင်တွေအတွက် ထိန်းသိမ်းထားရှိဖို့ ဘယ်နှစ်မိုင် ခြံစည်းရိုးကာရံရမလဲဆိုတာတောင် တွက်မရသေးပါဘူး။ လာမယ့် သီတင်းပတ်ထဲမှာပဲ ဝန်ကြီးဌာန နှစ်ခုက ကိုယ်စားလှယ်နှစ်ဦးနဲ့တွေ့ဆုံဆွေးနွေးသွားမှာပါ"ဟု ၎င်းကဆိုသည်။

အဆိုပါ FPI အဖွဲ့မှာနိုင်ငံအသီးသီးရှိ တိရစ္ဆာန်ကာကွယ်စောင့်ရှောက်ရေးအား နှစ် ၃၀နီးပါး ဆောင်ရွက်လျက်ရှိပြီး လက်ရှိအနေအထားအရ ကမ္ဘာပေါ်ရှိ တိရစ္ဆာန်ကာကွယ်စောင့်ရှောက်ရေး နောက်ဆုံးပေါ်နည်းပညာများ၊ အယူအဆများ၊ လူအင်အားများရှိနေကြောင်း၊ ရည်မှန်းချက်အရ ယခုနှစ်အတွင်း ဆင်ဘေးမဲ့တော (Elephant Sanctuary)တည်ထောင်ရန်နှင့် ဆင်များပြန်လည်ထူထောင်ရေးအတွက် စခန်းများအားဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်မှ နေရာသတ်မှတ်ပေး၍ လုပ်ခွင့်ရပြီဆိုလျှင် နောက် ခြောက်လကြာလျှင် ဘေးမဲ့တောမှာ အကောင်အထည်ပေါ်နိုင်ပြီဖြစ်ကြောင်းနှင့် တိရစ္ဆာန်ဆေးကုဆရာဝန်များနှင့်တကွ မိုဘိုင်းဆေးကုသမှုများလည်း ဆောင်ရွက်ရန်အဆင့်သင့်ရှိနေကြောင်း မင်္ဂလာမြန်မာအသင်းမှ သိရသည်။

သတင်းနှင့်ဓာတ်ပုံ - စိုးဝင်း(MLA)

ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးခဲ့သော ချင်းပြည်နယ်အတွင်း တီးတိန် - တွန်းဇံ-ကျီခါးလမ်းပေါ်ရှိ ဗျဲလ်ကျင်းတံတား ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။ (ဆောက်လုပ်ရေး)

ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးခဲ့သော ချင်းပြည်နယ်အတွင်း တီးတိန်-ရိဒ်လမ်းပေါ်ရှိ မံဆောင်းကြိုးတံတား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများပြီးစီး၍ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနေစဉ်။ (ဆောက်လုပ်ရေး)

ရောဝတီမြစ်ရေနှင့် ဝန်မြစ်ရေ အခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၁

ယနေ့မနက်လွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ရောဝတီမြစ်ရေသည် ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

အလားတူ ဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်သုံးရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။ **(ကြေးမုံ)**

ဝန်မြစ်ရေ ငါးသိုင်းချောင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

နေပြည်တော် စက်တင်ဘာ ၂၁

ဝန်မြစ်ရေသည် ယနေ့မနက်လွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းကို ဂရပ်ဖြင့်ဖော်ပြထားသည်။ **(သတင်းစဉ်)**



ဥတုရာသီ တောကိုမို၏

ရောဝတီမြစ်ရေ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် စိုးရိမ်ရေမှတ်အောက် ဆက်လက်ကျဆင်းနိုင်

နေပြည်တော် စက်တင်ဘာ ၂၁

ရောဝတီမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက်သို့ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်များဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**





မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသပို့ပြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသပို့ပြိုးတိုးတက်ရေးဦးစီးဌာနက ရေဘေးသင့်ဒေသများတွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ထားရှိမှုအခြေအနေ

ဧရာဝတီတိုင်းဒေသကြီး

စဉ်	မြို့နယ်	သင်တန်းအမည်	သင်တန်းသား ဦးရေ	ကုန်ကျငွေ (ကျပ်သန်း)	ဖွင့်လှစ်ပြီး	ဖွင့်လှစ်ဆဲ	ဖွင့်လှစ်ရန် လျှောထား	စုစုပေါင်း
၁	မြောင်းမြ	ပန်းရံလက်သမားသံချည်သံကွေး	၆၀	၆.၄၆၁	၁			၁
		သဘာဝဓာတ်မြေဩာ	၆၀	၀.၂၀	၁			၁
		Mobile School	၂၀	၁.၂၅၉			၁	၁
	ပေါင်း		**၁၄၀**	**၈.၀၀၀**	**၂**		**၁**	**၃**
၂	ဝါးယော်မ	ပန်းရံလက်သမားသံချည်သံကွေး	၆၀	၆.၄၆၁	၁			၁
		သဘာဝဓာတ်မြေဩာ	၆၅	၀.၂၈၀	၁			၁
		Mobile School	၂၀	၁.၂၅၉			၁	၁
	ပေါင်း		**၁၄၅**	**၈.၀၀၀**	**၂**		**၁**	**၃**
၃	အိမ်မဲ	ပန်းရံလက်သမားသံချည်သံကွေး	၆၀	၆.၀၀၀			၁	၁
		Mobile School	၄၀	၂.၀၀၀			၁	၁
	ပေါင်း		**၁၀၀**	**၈.၀၀၀**			**၂**	**၂**
၄	ပုသိမ်	ပန်းရံလက်သမားသံချည်သံကွေး	၆၀	၆.၀၀၀			၁	၁
		Mobile School	၂၀	၁.၅၀၀			၁	၁
	ပေါင်း		**၈၀**	**၇.၅၀၀**			**၂**	**၂**
၅	ရေကြည်	ပန်းရံလက်သမားသံချည်သံကွေး	၆၀	၆.၀၀၀			၁	၁
		Mobile School	၂၀	၁.၅၀၀			၁	၁
	ပေါင်း		**၈၀**	**၇.၅၀၀**			**၂**	**၂**
၆	ကျောင်းကုန်း	ပန်းရံလက်သမားသံချည်သံကွေး	၆၀	၆.၀၀၀			၁	၁
		Mobile School	၂၀	၁.၅၀၀			၁	၁
	ပေါင်း		**၈၀**	**၇.၅၀၀**			**၂**	**၂**
၇	လပွတ္တာ	ပန်းရံလက်သမားသံချည်သံကွေး	၆၀	၅.၈၆၀		၁		၁
		ပန်းရံလက်သမားသံချည်သံကွေး	၆၀	၅.၈၆၀			၁	၁
		သဘာဝဓာတ်မြေဩာ	၅၀	၀.၂၈၀	၁			၁
	ပေါင်း		**၁၇၀**	**၁၂.၀၀၀**	**၁**	**၁**	**၁**	**၃**
၈	မော်ကွန်း	ပန်းရံလက်သမားသံချည်သံကွေး	၆၀	၅.၈၆၀		၁		၁
		ပန်းရံလက်သမားသံချည်သံကွေး	၆၀	၅.၈၆၀			၁	၁
		သဘာဝဓာတ်မြေဩာ	၆၀	၀.၂၈၀			၁	၁
	ပေါင်း		**၁၈၀**	**၁၂.၀၀၀**		**၁**	**၂**	**၃**
၉	မသူပင်	ပန်းရံလက်သမားသံချည်သံကွေး	၃၀	၃.၀၀၀	၁			၁
		ပန်းရံလက်သမားသံချည်သံကွေး	၃၀	၃.၀၀၀			၁	၁
		ပန်းရံလက်သမားသံချည်သံကွေး	၃၀	၃.၀၀၀			၁	၁
	ပေါင်း		**၉၀**	**၉.၀၀၀**	**၁**		**၂**	**၃**
၁၀	ညောင်တုန်း	ပန်းရံလက်သမားသံချည်သံကွေး	၃၀	၆.၀၀၀	၁			၁
၁၁	ဓနုဖြူ	ပန်းရံလက်သမားသံချည်သံကွေး	၃၀	၃.၀၀၀			၁	၁
		ပန်းရံလက်သမားသံချည်သံကွေး	၃၀	၃.၀၀၀			၁	၁
	ပေါင်း		**၆၀**	**၆.၀၀၀**			**၂**	**၂**
၁၂	ပန်းတနော်	ပန်းရံလက်သမားသံချည်သံကွေး	၆၀	၆.၀၀၀	၁			၁
၁၃	ဗျာပုံ	ပန်းရံလက်သမားသံချည်သံကွေး	၄၀	၆.၀၀၀			၁	၁
၁၄	ဘိုကလေး	ပန်းရံလက်သမားသံချည်သံကွေး	၄၀	၆.၀၀၀			၁	၁
၁၅	ကျိုက်လတ်	ပန်းရံလက်သမားသံချည်သံကွေး	၄၀	၆.၀၀၀			၁	၁
၁၆	ဒေးဒရဲ	ပန်းရံလက်သမားသံချည်သံကွေး	၂၅	၃.၀၀၀			၁	၁
		ဆိုင်ကယ်ပြင်သင်တန်း	၃၀	၃.၀၀၀			၁	၁
	ပေါင်း		**၅၅**	**၆.၀၀၀**			**၂**	**၂**
၁၇	ကန်ကြီးထောင်	Mobile School	၂၀	၁.၅၀၀			၁	၁
၁၈	ဇလွန်	စက်ချုပ်သင်တန်း	၄၀	၇.၀၀၀		၁		၁
၁၉	လေးမျက်နှာ	စက်ချုပ်သင်တန်း	၄၀	၆.၅၀၀			၁	၁
၂၀	အင်္ဂပူ	စက်ချုပ်သင်တန်း	၄၀	၆.၅၀၀			၁	၁
၂၁	ကျံုးမျော်	ဆိုင်ကယ်ပြင်သင်တန်း	၂၀	၆.၀၀၀			၁	၁
	စုစုပေါင်း		**၁၅၅၀**	**၁၄၉.၀၀၀**	**၈**	**၃**	**၂၆**	**၃၇**

(ဆက်လက်ဖော်ပြပါမည်)

ရောဝတီမြစ်ရေနှင့် ဝန်မြစ်ရေ အခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၁

ယနေ့မနက်လွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ရောဝတီမြစ်ရေသည် ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

အလားတူ ဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်သုံးရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။ **(ကြေးမုံ)**

မြန်မာနိုင်ငံတစ်ဝန်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလျှင်ငွေနှင့်ပစ္စည်းများ ပေးအပ်လျှက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၁

ဘေးသင့်ပြည်သူများအတွက် ဒေါ်မြမြဆန်း၊ ဦးနေထွန်းမင်း၊ ဦးမိုးသော်၊ METRO Group Co.,Ltd. မှ ချင်းပြည်နယ်အတွင်း နေအိမ်တစ်လုံးဆောက်လုပ်ရန်အတွက် အလျှင်ငွေကျပ် ၄၄၄၀၀၀၀ လျှာဒါန်းပွဲကို စက်တင်ဘာ ၂၁ ရက်က နေပြည်တော်၌ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်တို့က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလျှင်ငွေနှင့်ပစ္စည်းများ ပေးအပ်လျှက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၁

မြန်မာနိုင်ငံတစ်ဝန်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလျှင်ငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများသို့ လာရောက်လျှာဒါန်းလျက်ရှိရာ စက်တင်ဘာ ၁၈ ရက်တွင် ဦးအောင်ခိုင်(ဥက္ကဋ္ဌ) ထွန်းကြွယ်ပေါစက်မှုကုမ္ပဏီလီမိတက်က အလျှင်ငွေကျပ် ၄၄၄၀၀၀၀၊ ယခင် မြန်မာ နိုင်ငံတော်ဗဟိုဘဏ်၊ နေပြည်တော်၌ ကျင်းပခဲ့သော အခမ်းအနားတွင် လျှာဒါန်းထားသည့် Standard Chartered Bankမှ အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကို အလျှရှင်က ဘဏ်သို့ပေးသွင်းရာတွင် အမေရိကန်ဒေါ်လာတစ်သောင်းနှင့်ညီမျှသည့် မြန်မာငွေကျပ် ၁၂၇၇၀၀၀၀ ကို (CF-002301)သို့ တိုက်ရိုက် ထည့်သွင်းခြင်းနှင့် နေပြည်တော်(ရုံးချုပ်)တွင် လက်ခံရရှိထားသော အခြားနိုင်ငံခြားငွေစာရင်းများဖြစ်သည့် ထိုင်းဘတ် ၅၄၁၀၀၊ တရုတ်ယွမ် ၇၅၃၀၀၊ ယူရို ၄၂၀၊ ဂျပန်ယန်း ၂၉၆၀၀၀၊ ဩစတြေးလျဒေါ်လာ ၅၇၀၊ စင်ကာပူဒေါ်လာ ၁၀၀၀ တို့ကို မြန်မာငွေဖြင့် လဲလှယ်ရရှိငွေ စုစုပေါင်းကျပ် ၂၁၇၆၂၇စ၀၊ Ms. Surang Chantecrodade က အမေရိကန်ဒေါ်လာ ၁၈၆၂ ဒသမ ၆၁၊ PTT Exploration and Production Public Co., Ltd(Thailand)က အမေရိကန်ဒေါ်လာ ၁၅၆၃၀၀၀၊ PTT Public Co., Ltd (Thailand)က အမေရိကန်ဒေါ်လာ ၁၇၁၅၄၉ ဒသမ ၅၃ တို့ကို အလျှရှင်များက ငွေစာရင်းအမှတ်(1DA-0300086)သို့ တိုက်ရိုက် ထည့်သွင်းလျှာဒါန်းခဲ့ရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

သို့ဖြစ်၍ ဇူလိုင် ၂၉ ရက်မှ စက်တင်ဘာ ၁၈ ရက်အထိ အလျှရရှိငွေ စုစုပေါင်းမှာ ကျပ် ၃၉၅၃၄၃၃၀၀၀၊ အမေရိကန်ဒေါ်လာ ၂၁၆၂၄၁၄ ဒသမ ၁၁ ဖြစ်ပြီး အဆိုပါ လက်ခံရရှိသောအလျှငွေနှင့် ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

○○○

Media Crisis Management

သင်တန်းကို မြန်မာ-စင်ကာပူ ပူးပေါင်းပွင့်လှစ်

နေပြည်တော် စက်တင်ဘာ ၂၁

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် စင်ကာပူသံရုံးတို့ပူးပေါင်း၍ ပဋ္ဌပကျများနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ အဖွဲ့အစည်းနှင့်ဌာနများက မိဒီယာဖြင့် ကာကွယ်နိုင်ရန်၊ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ဖြေရှင်းပေးနိုင်ရန်ရည်ရွယ်ပြီး Media Crisis Management သင်တန်းကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းဝေးခန်းမ၌ ဖွင့်လှစ်ခဲ့ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဌာနဆိုင်ရာရုံးများမှ အမှုထမ်း၊ အရာထမ်းသင်တန်းသား ၃၀ ကျော်တက်ရောက်ပြီး ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေက အမှာစကားပြောကြားသည်။**(အပေါ်ပို့)**

"တချို့ဒေသအသီးသီးမှာ Crisis တွေ၊ အကျပ်အတည်းတွေ၊ သဘာဝဘေးတွေ၊ လူစုလူဝေးကိစ္စတွေဖြစ်ကြတဲ့အခါမှာ ဒါကို ဘယ်လို မီဒီယာနဲ့ စီမံခန့်ခွဲမလဲ၊ သတင်းထုတ်ပြန်ရေး အန္တရာယ်မဖြစ်အောင် ဘယ်လိုကြိုတင်ကာကွယ်မလဲ၊ နောက်တစ်ခုက ဖြစ်ပြီးရင်လည်း ဘယ်လိုနည်းနဲ့ လုပ်ဆောင်ပြီးတော့ ဒါကိုကျော်လွှားမလဲ၊ မီဒီယာနဲ့ Manage လုပ်နိုင်ဖို့ အတွက် စင်ကာပူနိုင်ငံ အကူအညီနဲ့ ပြုလုပ်တဲ့သင်တန်းဖြစ်ပါတယ်။ Crisis သတင်းနဲ့ပတ်သက်ပြီး သတင်းအချက်အလက်တွေကို မြန်မြန်ဆန်ဆန်နဲ့ မှန်မှန်ကန်ကန် ထုတ်ပြန်ပေးရင် တိုင်းပြည်အတွက်ကော၊ နိုင်ငံအတွက်ကော ပိုပြီးအကျိုးရှိပါတယ်" ဟု သင်တန်းနှင့်ပတ်သက်ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်ကပြောသည်။

"Crisis တွေက အခု ထုတ်ပြန်ပေးရမယ့် အစိုးရအဖွဲ့အစည်းတွေနဲ့ ပတ်သက်တဲ့ ပြည်သူတွေကြားမှာ ပြည်သူတွေ မျှော်လင့်သလို ထုတ်ပြန်မပေးရင်လည်း ပြဿနာတွေဖြစ်စေသလို၊ နောက်တစ်ခုက အစိုးရလိုအဖွဲ့အစည်းတွေက ပြည်သူတွေ သိသင့်တယ်လို့ ထုတ်ပြန်လိုက်တဲ့အခါ ပြည်သူတွေသိနေတာနဲ့ လွဲသွားရင်လည်း ဒီလို Crisis တွေ ဖြစ်တတ်ပါတယ်။ ဒီလို Crisis တွေ မဖြစ်အောင်နဲ့ ဖြစ်လာရင် Balance လုပ်တဲ့ သတင်းတွေကို ဘယ်လိုထုတ်ပြန်နိုင်အောင် ကောင်းမွန်တဲ့ လက်နက်တွေတပ်ဆင်ပေးသလို ဖြစ်မယ်လို့ မျှော်လင့်ပါတယ်" ဟု စင်ကာပူဝန်ကြီးချုပ်ရုံးဆက်ဆံရေးဌာန ဒုတိယညွှန်ကြားရေးမှူး သင်တန်းဆရာ Mr. Justin Fong က ပြောသည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

အလျှင်ငွေနှင့်အလျှပစ္စည်းများ လက်ခံရရှိ

နေပြည်တော် စက်တင်ဘာ ၂၁

ရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၊ နေပြည်တော်ရုံးသို့ အလျှင်ငွေနှင့် ပစ္စည်းများလျှာဒါန်းလျက်ရှိရာ သက်နီးတစ်စုံ၊ ထီးတစ်လက်၊ ဖိနပ်တစ်ရံ၊ ခေါက်ဆွဲခြောက် ၈၃၄ ကာတွန်း၊ ရေသန့် ခြောက်လုံးကတ်ပါ ကတ် ၁၀၀၀၀၊ ကျားလုံချည်အထည် ၆၀၀၀၊ မလုံချည် အထည် ၆၀၀၀၊ စောင်အထည် ၄၀၀၀၊ အ၀တ်အထည် ၂၄/၅၉ အိတ်/ဖာ ပစ္စည်းစုံ နှစ်ပုံး၊ Paracetamol ၁၈ ကာတွန်း၊ Amoxicillin (250 mg) ၂ ကာတွန်း၊ Cement bags (1000)bags၊ Smart board (3040)Ps၊ ဘိလပ်မြေအိတ် ၆၀၀၊ ဆန်အိတ် ၂၀၊ သွပ် ၁၉၆ ချပ်၊ ပဲနို့(ဖာသေး) ၁၀၈ ဖာ၊ စားသောက်ကုန် ငါးအိတ်နှင့် ဂလူးကို့စ် ၂၄ ဖာတို့ဖြစ်သည်။

အလားတူ ပြည်ပအလျှရှင်များက စက်တင်ဘာ ၁၆ ရက်တွင် Siam Cement Grous (SCG)မှ Cement Bags (1000), Smart board (3080) ခန့်မှန်းတန်ဖိုး အမေရိကန်ဒေါ်လာ ၆၀၀၀၀ ကို နေပြည်တော်၌ လည်းကောင်း၊ စင်ကာပူနိုင်ငံ Uni Com forwarding PTE. Ltd. မှ အ၀တ်အထည် ၃၈ ဖာ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉၀၀၀၀၊ စက်တင်ဘာ ၁၉ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့မှ Paracetamol ၁၈ ကာတွန်း ခန့်မှန်း တန်ဖိုးငွေကျပ် အမေရိကန်ဒေါ်လာ ၂၉၅၂၊ Amoxicillin (250 mg) (၂)ကာတွန်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၀၀၀ တို့ကို လက်ခံရရှိသည်။

(သတင်းစဉ်)

အောင်ဟေမိဆုတောင်းပြည့်စေတီမုခ်ဦးအတွက် အလျှင်ငွေပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ကျက်သရေဆောင် အောင်ဟေမိဆုတောင်းပြည့်စေတီ၏ တောင်ဘက်မုခ်-မုခ်ဦးနှင့် မုခ်ဝသံတံခါး အတွက် အလျှင်ငွေပေးအပ်လျှာဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါ စေတီလိုဏ်အတွင်း၌ကျင်းပသည်။

အခမ်းအနားတွင် ဦးကျော်ထက်(ထုံးဘုရင်)မိသားစုက အောင်ဟေမိဆုတောင်းပြည့်စေတီတော်ကြီးတွင် တည်ဆောက်ပြီးစီးခဲ့သည့် တောင်ဘက်မုခ်-မုခ်ဦးတော်၊ မုခ်ဝသံတံခါးအပါအ၀င် စုစုပေါင်းကုန်ကျငွေကျပ် သိန်း ၉၀ မှ ပထမအကြိမ် ငွေကျပ်သိန်း ၅၀ ကို လျှာဒါန်းခဲ့ကြောင်းသိရသည်။

(သန်းဦး-လေးမျက်နှာ)

ဘဏ္ဍာရေးဝန်ကြီးဌာန ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်မှ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၁၅)ထုတ်ပြန်ထား

နေပြည်တော် စက်တင်ဘာ ၂၁

ဘဏ္ဍာရေးဝန်ကြီးဌာန ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်က အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၁၅)ကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၄ ရက်စွဲဖြင့် ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၁၅)တွင် အဓိပ္ပာယ်သတ်မှတ်ချက်နှင့် လုပ်ငန်းအစီအစဉ်ဟူ၍ အခန်း(၂)ခန်းပါရှိပြီး ချေးငွေသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ အခန်း(၆)၊ ပုဒ်မ(၃၅)(က)တွင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများသည် ငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ကမ်းလှမ်းခြင်းမပြုမီ အလားအလာညွှန်းတမ်း(Prospectus)အား ငွေချေးသက်သေခံလက်မှတ် ကြီးကြပ်ရေးကော်မရှင်သို့ တင်ပြအတည်ပြုချက်ရယူရမည်ဖြစ်ပြီး ကော်မရှင်သည် ရက်ပေါင်း(၆၀)အတွင်း အဆုံးအဖြတ်ပေးရမည်ဟု ပြဋ္ဌာန်းထားသည်။

အဆိုပါ အမိန့်ကြော်ငြာစာအပြည့်အစုံကို ဘဏ္ဍာရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက် www.mof.gov.mm နှင့် ချေးငွေသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးတည်ရှိရာအမှတ်(၂၁-၂၅)ဆူးလေဘုရားလမ်း မြန်မာ့စီးပွားရေးဘဏ် ဒုတိယထပ် ကျောက်တံတားမြို့နယ်တွင် စိတ်ပါဝင်စားသောကုမ္ပဏီများနှင့် ပြည်သူများ လာရောက်ကြည့်ရှုနိုင်ပါကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရသည်။

(သတင်းစဉ်)

ဂေါင်းဆေးကျွန်းကန်တော်ကြီး မြေထိန်းနံရံပေါင်တချို့ မြေပြိုနိုမ့်ကျနေ၍ ပြုပြင်ရန်လိုအပ်

ပဲခူး စက်တင်ဘာ ၂၁

ပဲခူးမြို့သမိုင်းဝင် မဂ်လာဒီပဂေါင်းဆေးကျွန်းဘုန်းတော်ကြီးကျောင်းရှိကန်တော်ကြီးမှာ လွန်ခဲ့သော နှစ်ပေါင်း ၅၀၀ ကျော်ခန့်က ရှင်စောပုဘုရင်မကြီး တည်ထားခဲ့သည့် စွယ်တော်ပွားတည်ရှိရာ ကန်တော်ကြီးဖြစ်သည့်အတွက် အမြို့မြို့အနယ်နယ်မှလေ့လာ ဖူးမြော်သူများနှင့် နိုင်ငံခြားသွေ့သည်များ ယခင်နှစ်များထက် ပိုမိုများပြားစွာ လေ့လာကြသည်ကိုတွေ့ရသည်။

ယခုနှစ်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံချက်ဖြင့် ရေးမူမပျက်အသစ်တစ်ဖန် ပြန်လည်ပြုပြင်မွမ်းမံခဲ့ကြပြီး ကန်တော်ကြီး၏ မြေထိန်းနံရံကပ်ပေါင်ကျောက်သားတို့မှာ ယခုအခါတွင် အောက်ခြေမြေသားအချို့ကွဲအက်နိမ့်ကျလာခဲ့၍ တစ်စထက်တစ်စ ပိုမိုပျက်စီးမှုမရှိစေရေးသမိုင်းဝင် ကန်တော်ကြီးကို အမြန်ဆုံးပြုပြင်ဆောင်ရွက်နိုင်ရန် ရေးသားလိုက်ရပါသည်။ **(၅၈၇)**

စက်ယန္တရားစရိတ်ကြီးမားသည့်အတွက် ရေကြီး၍ပျက်စီးသွားသည့်မွေးမြူရေးကန်များ ပြုပြင်ရန်အခက်အခဲရှိနိုင်

ရန်ကုန် စက်တင်ဘာ ၂၁

ငါးမွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့်စက်ယန္တရားစရိတ်များကြီးမားသည့်အတွက် ရေကြီးရေလျှံ၍ပျက်စီးသွားသည့်ငါးကန်များ ပြုပြင်ရန်အခက်အခဲများရှိကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးနှင်းဦးက ပြောသည်။

"ရေလုပ်ငန်းစီးပွားရေး ကျဆင်းနေရတဲ့အထဲမှာ ရေကြီးရေလျှံမှုတွေဖြစ်သွားတဲ့အတွက် ဆုံးရှုံးမှုတစ်ရပ်ပါပဲ၊ တိုးတက်မှုရဲ့နောက်ပြန်ပါပဲ။ အဲဒီရေကြီးရေလျှံလို့ကန်တွေပျက်သွားတဲ့လူတွေကို ကျွန်တော်တို့အနေနဲ့ သိပ်ပြီးမကူညီနိုင်ဘူး။ အစိုးရကသူ့နည်းသူ့ဟန်နဲ့ကူညီတယ်။ သူတို့တွေမှာ ကန်တွေပျက်သွားတယ်။ ကန်ပေါင်တွေပျက်သွားတာက စက်ယန္တရားနဲ့ပြန်လုပ်မှရမယ်။ ရှိရင်းစွဲကန်တွေတောင်မှ ရေကိုမထိန်းနိုင်တဲ့အတွက် ကျိုးသွားတာရှိတယ်။ အဲဒါတွေအတွက် ငွေကြေးမရှိဘူး။ ကန်ပြင်ဖို့စက်ယန္တရားစရိတ်တွေလိုတယ်။ကန်တွေစနစ်တကျဖော်ရမယ်။ ရေသွင်းရေနုတ်မြောင်းတွေ စနစ်တကျလုပ်ရတယ်။ စက်ယန္တရားစရိတ်ကအရမ်းကြီးတယ်။ ငွေမရှိကြတော့ ကန်တောင်မပြင်နိုင်ကြဘူး"ဟု ၎င်းက ပြောသည်။ ယင်းကဲ့သို့ မွေးမြူရေးကန်များပြုပြင်ရန်အတွက် စက်ယန္တရားစရိတ်များကြီးမားသောကြောင့် မပြုပြင်နိုင်ပါက ရေလုပ်ငန်းကဏ္ဍအတွက် အခက်အခဲဖြစ်နိုင်ကြောင်း သိရသည်။

မွေးမြူရေးကန်တစ်ကန်ဖြစ်ဖို့ရာအတွက် တစ်ကေကန်ဆိုပါက ငွေကျပ်သိန်း ၂၀ ခန့်ကုန်ကျနိုင်ပြီးဒေသအလိုက် စက်ယန္တရားကုန်ကျစရိတ်များ ကွာခြားကြောင်း သိရသည်။

"ဒေသအလိုက်စက်ယန္တရားကုန်ကျစရိတ်တွေကွာတယ်။ မွေးမြူရေးအတွက် အကောင်းဆုံးကန်ကအကြီးဆုံး ၂ဧကခွဲကနေ ငါးဧကအထိ ရှိတတ်တော့ ကုန်ကျစရိတ်ကလည်း ကွာပါတယ်"ဟု ဒုတိယ ဥက္ကဋ္ဌဦးနှင်းဦးက ထပ်မံပြော ဆိုသည်။ ယင်းကဲ့သို့ ရေလုပ်ငန်းကဏ္ဍ ပြန်လည်နာလန်ထူဖို့ရာအတွက် ကန်များ ပြုပြင်ရန်လုံလောက်သည့် ငွေကြေး အထောက်အပံ့များရရှိရန်လည်း လိုအပ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသောကန်များကို စာရင်းများကောက်ယူလျက်ရှိပြီး ပျက်စီးဆုံးရှုံးမှုများပြားသည့်အတွက် စာရင်းကောက်ယူရာတွင် အချို့သောနေရာဒေသများမှာ မရရှိသေးကြောင်း သိရသည်။ **(သီဟသူ)**

ငါးမွေးကန်တစ်ခုတွင် ငါးဖော်နေစဉ်။ **(ဘအေး)**

အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

နေပြည်တော် စက်တင်ဘာ ၂၁

အာဆီယံယဉ်ကျေးမှုနှင့်ပြန်ကြားရေးကော်မတီ၏ Ancient Cities Network: Preservation and Conservation Management of Bagan Ancient City အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၃ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပုဂံဟိုတယ်၌ ကျင်းပသွားမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲကို အာဆီယံယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးကိုမြှင့်တင်ရန်၊ သမိုင်းဝင်ဒေသများအား ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ သတင်းအချက်အလက်များကို မျှဝေရန်၊ ပုဂံဒေသ၏ တစ်မူထူးခြားသော သမိုင်းဆိုင်ရာယဉ်ကျေးမှုအမွေအနှစ်များ၏ တန်ဖိုးကို သိရှိနားလည်စေရန်၊ ရှေးဟောင်းသုတေသနနှင့် ယဉ်ကျေးမှုအမွေအနှစ်များ စီမံခန့်ခွဲမှုအတွက် ချိတ်ဆက်ဆောင်ရွက်ရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါစီမံချက်သည် ၂၀၁၃ ခုနှစ်ဇွန်လတွင် ရန်ကုန်မြို့၌ကျင်းပခဲ့သည့် အာဆီယံယဉ်ကျေးမှုဆိုင်ရာ ဆပ်ကော်မတီ၏ ၁၄ ကြိမ်မြောက်အစည်းအဝေးတွင် မြန်မာနိုင်ငံမှ တင်သွင်းခဲ့သည့် စီမံချက်တစ်ခုဖြစ်ပြီးဘရူနိုင်းနိုင်ငံ ဘန်ဒါဆီရီဘီဂါဝန်တွင် ကျင်းပခဲ့သော ၄၈ ကြိမ်မြောက် အာဆီယံပြန်ကြားရေးနှင့် ယဉ်ကျေးမှု ကော်မတီ အစည်းအဝေးတွင် အာဆီယံနိုင်ငံများက အတည်ပြုခဲ့ကြသည်။

ပုဂံမြို့တွင်ကျင်းပမည့် အလုပ်ရုံဆွေးနွေးပွဲသို့ အာဆီယံနိုင်ငံများမှ ရှေးဟောင်း သုတေသနဆိုင်ရာ သုတေသီများက ပုဂံဒေသတွင် ဆောင်ရွက်ထားသော ပြုပြင်ထိန်းသိမ်းမှု၊ ကာကွယ်စောင့်ရှောက်မှုများကို လေ့လာရေးသွားရောက်ကာ ဆောင်ရွက်ချက်များအပေါ် သုံးသပ်ဆွေးနွေးကြမည်ဖြစ်သည်။**(သူရဇော်)**

ပုဂံဘုရားများနှင့် လူသွားလမ်းများအတွက် ဆိုလာစနစ် မီးတိုင်များလျှုဒါန်း

နေပြည်တော် စက်တင်ဘာ ၂၁

ဆိုလာစနစ်နှင့် ပြုလုပ်ထားတဲ့ လူသွားလမ်းမီးတိုင်များကို ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဖြစ်သည့် ပုဂံမြို့ရှိ စေတီပုထိုးများနှင့် လူသွားလမ်း၊ စကြီလမ်းများတွင် ဘုရားဖူးများ သွားလာမှု လွယ်ကူစေရန်အတွက် တစ်စုံလျှင် မြန်မာငွေကျပ်သိန်း ၂၀ နှုန်းနှင့် အစုံ ၃၀ စာ စုစုပေါင်းသိန်း ၆၀၀လျှုဒါန်းခြင်းအား နေပြည်တော်ရှိ ဟိုတယ်ရွှေပြည်တော်တွင် စက်တင်ဘာ ဒုတိယတက်က ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ တက်ရောက်၍ Korea နိုင်ငံမှ Bong International Co., Ltd. နှင့် မြန်မာနိုင်ငံမှ WE Mining and Engineering Co., Ltd. တို့၏ လျှုဒါန်းမှုကို လက်ခံရယူခဲ့ပြီး ကျေးဇူးတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။

အခမ်းအနားသို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ရွှေနှင့် ဌာနဆိုင်ရာ တာဝန်ရှိ အကြီးအကဲများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ကုမ္ပဏီများကိုယ်စား Mr. Joung Seok Bong က လျှုဒါန်းရခြင်း အကြောင်းအရင်းကို ရှင်းလင်းတင်ပြသည်။

(သတင်းစဉ်)

တောင်သမန်အင်းအတွင်း ငါးသေဆုံးမှု သမားရိုးကျ မဖြစ်နိုင်ကြောင်း ရေညစ်ညမ်းမှုနှင့်ပတ်သက်သော ကျွမ်းကျင်ပညာရှင်တစ်ဦးကဆို

အမရပူရ စက်တင်ဘာ ၂၁

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ တောင်သမန်အင်း မြောက်ဘက်ခြမ်းတွင် သုံးရက်တာ ကာလအတွင်း ငါးများအမြောက်အများသေဆုံးမှု နှစ်ကြိမ်ဖြစ်ပွားခဲ့မှုနှင့်စပ်လျဉ်း၍ယင်းဖြစ်စဉ်သည် သမားရိုးကျသေဆုံးမှုမဖြစ်နိုင်ကြောင်း ရေညစ်ညမ်းမှုနှင့် ပတ်သက်သော ကျွမ်းကျင်ပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

"တောင်သမန်အင်းအတွင်း ငါးသေဆုံးမှုက သမားရိုးကျသေဆုံးမှုမဖြစ်နိုင်ဘူး။ သမားရိုးကျသေဆုံးမှုဆိုတာက ရေဆိုးဝင်ရောက်မှုကြောင့်၊ ရေထုညစ်ညမ်းမှုကြောင့်၊ အပူဒဏ်မြင့်မားလွန်းတာကြောင့် သေဆုံးမှုဖြစ်တာကိုပြောတာပါ။ ရေဆိုးကြောင့်ပဲဖြစ်ဖြစ်၊အပူဒဏ်မြင့်မားလွန်းလို့ပဲဖြစ်ဖြစ်၊ ရေထုညစ်ညမ်းလို့ပဲဖြစ်ဖြစ် ငါးသေဆုံးမှုက နေ့စဉ် ဒါမှမဟုတ်ရင် အချိန်တိုင်းစဉ်ဆက်မပြတ်ဖြစ်နေရမှာ။ အခုဟာက သေဆုံးချိန်ကမနက်ပိုင်းတွေချည်းပဲ။ သေဆုံးတဲ့ငါးကလည်း ကကတစ်ငါးတစ်မျိုးတည်းပါ။ အမှန်ဆိုသေတဲ့ငါးက မျိုးစုံပါဝင်ရမှာပါ။ ဧပြီလ သက္ကီန်မတိုင်ခင်က ငါးသေဆုံးမှုဖြစ်စဉ်က အင်းအတွင်းကို စက်မှုဇုန်က စွန့်ပစ်တဲ့ရေဆိုးတွေဝင်ရောက်လို့ ငါးမျိုးစုံမြောက်များစွာ သေဆုံးမှုဖြစ်ပွားခဲ့တယ်။ အခုဖြစ်စဉ်က စဉ်းစားစရာပါ။ ဒါကြောင့် သမားရိုးကျသေဆုံးမှုမဟုတ်ဘူးဆိုတာတော့ သေချာပါတယ်။ အခုအခြေအနေကို စီမံခန့်ခွဲမှု သဘောအရ သုံးသပ်ပြောဆိုခြင်းဖြစ်ပါတယ်"ဟု ရေညစ်ညမ်းမှုနှင့် ပတ်သက်သောကျွမ်းကျင်ပညာရှင်တစ်ဦးက ပြောသည်။

တောင်သမန်အင်း မြောက်ဘက်ခြမ်းတွင် စက်တင်ဘာ ၁၇ ရက် နံနက် ၆ နာရီခွဲခန့်က ငါးများသေဆုံးမှုဖြစ်ပွားခဲ့ပြီး စက်တင်ဘာ ၁၉ ရက် နံနက် ၁ နာရီခန့်က တစ်ကြိမ်ထပ်မံဖြစ်ပွားခဲ့ရာ ယခင်ရက်ထက် ငါးသေဆုံးမှုပိုမိုများပြားကာ မွေးငါးများသေဆုံးမှုမရှိဘဲ ကကတစ်ငါးတစ်မျိုးတည်းသာ သေဆုံးခဲ့ကြောင်း တွေ့ရှိရသည်။

"ငါးသေဆုံးမှုက တစ်ရက်ပဲခြားတယ်။ နှစ်ရက်ပေါင်းဆုံးရှုံးမှုတန်ဖိုးက ခန့်မှန်းလို့တောင်မရဘူး။ ဒီနှစ်ထဲမှာကို ငါးသေဆုံးမှုဖြစ်စဉ်က လေးကြိမ်မြောက်ဖြစ်နေပြီ။ သက္ကီန်မတိုင်ခင် ငါးတွေသေဆုံးမှုဖြစ်ပွားပြီးနောက်ပိုင်း ငါးတွေမဖမ်းဘဲ ရပ်နားထားခဲ့တယ်။ အခုတော့ ငါးတွေမကြာခဏသေဆုံးမှုတွေဖြစ်ပွားနေတာကြောင့် ငါးရစ်ငါးသန် ပေါက်ပွားတဲ့ကာလဖြစ်သော်လည်း ဖမ်းပြီးရောင်းချဖို့စီစဉ်တော့မှာပါ။ ငါးဖမ်းရမယ့်အချိန်ကာလကို မစောင့်တော့ဘူး"ဟု အင်းတာဝန်ခံက ပြောသည်။

"ဒီလထဲမှာကို ငါးသေတာ နှစ်ခါရှိပြီ။ ပထမအကြိမ်ငါးသေတာက နည်းတယ်။ဒုတိယအကြိမ် ငါးသေတာကများတယ်။ ရေဆိုးကြောင့်ငါးသေတယ်ဆိုတာတော့ မှန်ပေမယ့် ဆက်စပ်ပြန်တွေးကြည့်ရင် ဖြစ်နိုင်မှုအားက နည်းပါးပါတယ်။ အင်းအတွင်းနှစ်ပေါင်းများစွာ ရေဆိုးစီးဝင်မှုကြောင့် အင်းရေအောက်ကြမ်းပြင် ရေဆိုးအနှစ်များ အနည်ထိုင်ပျော်ဝင်မှုကြောင့် ငါးသေဆုံးမှုဖြစ်ပွားနိုင်သလို သမားရိုးကျမဟုတ်ဘဲ ပယောဂတစ်ခုခုကြောင့်လည်း ငါးသေဆုံးမှုဖြစ်နိုင်ပါတယ်" ဟု တောင်သမန်အင်းအနီး နေထိုင်သူတစ်ဦးက ပြောသည်။

အင်းအတွင်း ငါးသေဆုံးမှုနှင့် ပတ်သက်၍ ငါးလုပ်ငန်းဦးစီးဌာနနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့မှ လာရောက်၍ ငါးအသေများနှင့် ရေဆိုးများအား ဓာတ်ခွဲစမ်းသပ်လျက်ရှိသည်။

"စက်တင်ဘာ ၁၇ ရက် ငါးသေဆုံးမှုဖြစ်ပွားတော့ အင်းအတွင်း ငါးသေဆုံးတဲ့နေရာကရေတွေကို ဓာတ်ခွဲစမ်းသပ်တဲ့အခါ ရေထဲမှာ အောက်ဆီဂျင်ပျော်ဝင်မှု၊ ရေဆိုးပါဝင်မှုနဲ့ အခြားအကြောင်းအရာတွေအားလုံး ကောင်းမွန်ပါတယ်။ ၁၉ ရက်နေ့သေဆုံးမှုကိုတော့ BOTတိုင်းတာစစ်ဆေးမှုတွေ ပြုလုပ်နေပါတယ်။ ရလဒ်ကို လည်း ကြေညာပေးသွားမှာပါ"ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ငါးသေဆုံးမှုဖြစ်ပွားသည့်အချိန်ကာလနောက်ပိုင်းတွင် ငါးသေများအား အင်းပတ်လည်ဒေသခံများက ဖမ်းပြီး ပြန်လည်ရောင်းချမှုများပြုလုပ်လျက်ရှိကြောင်း၊ သေဆုံးငါးများအား စားသုံးမိပါက ဘေးဥပဒ်ဖြစ်ပွားမှုမရှိသော်လည်း ငါးများစဉ်ဆက်မပြတ်သေဆုံးမှုဖြစ်ပွားနေပါက ငါးသေအပုပ်နံ့များမှာ တောင်သမန်အင်းသို့ လာရောက်လည်ပတ်ကြသည့် ပြည်တွင်းခရီးသွားများနှင့် နိုင်ငံခြားခရီးသွားများအား စိတ်အနှောင့်အယှက်ဖြစ်ပေါ်စေနိုင်ကြောင်း၊အင်းသန့်ရှင်းသာယာလှပရေးနှင့် ရေရှည်တည်တံ့စေရေးအတွက် သက်ဆိုင်ရာဌာနများ အပါအဝင် ပြည်သူလူထုအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်လျက်ရှိကြောင်း သိရသည်။ **သူရိန်(မန်း)**

ပြည်တွင်းရေးရာ

စက်ရက်ကန်းလုပ်ငန်းများဖြင့် ဖွံ့ဖြိုးတိုးတက်လာသည့် ဝမ်းတွင်းမြို့နယ်မှ ထီးလှိုင်ကျေးရွာ

ချမ်းသာ (မိတ္ထီလာ)

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ထီးလှိုင်ကျေးရွာသည် ရန်ကုန်-မန္တလေး ကားလမ်းအနီးတွင် တည်ရှိပြီး ပုဂံခေတ် အနော်ရထာမင်းကြီး တူးဖော်ခဲ့သည့် ထီးလှိုင်ကန်ကြီး တည်ရှိရာ ကျေးရွာလည်းဖြစ်သည်။ထီးလှိုင်ကန်ကြီးမှ ရေကိုစိုက်ပျိုးရေနှင့် သုံးရေအတွက် ကျေးရွာဒေသခံများက မှီခိုအားထားကြသည်။ နှစ်ကာလကြာမြင့်သဖြင့် ထီးလှိုင်ကန်ကြီးမှာ တိမ်ကောလာသဖြင့် လွန်ခဲ့သည့်တစ်နှစ်ကျော်ခန့်က နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုဖြင့် ထီးလှိုင်ကန်ကြီးကို ဆယ်ဖို့ပြုပြင်ဆောင်ရွက်ခဲ့သည်။

ထီးလှိုင်ကန်ကြီး ပြန်လည်ဆယ်ဖို့ ပြုပြင်ခြင်းနှင့်အတူ ထီးလှိုင်ကျေးရွာ၏ စက်ရက်ကန်းလုပ်ငန်းအတွက် များစွာ အထောက်အကူပြုမည့် ကျေးရွာလျှပ်စစ်မီးလင်းရေးကို ဒေသခံပြည်သူများ စုပေါင်းလုပ်ဆောင်နိုင်ခဲ့သည်။

ထီးလှိုင်ကျေးရွာသည် ယခင်က ကျေးရွာတွင် စက်ရက်ကန်းစင် ၉၅ စင်းသာရှိရာမှ ယခုအခါ စက်ရက်ကန်းစင်ပေါင်း ၄၇၀ ကျော် ရှိလာခဲ့ပြီး စက်ရက်ကန်း လုပ်ငန်းရှင် ၁၂၀ ဦးအထိရှိလာခဲ့သည်။

စက်ရက်ကန်းလုပ်ငန်းဖြင့် ဖွံ့ဖြိုးတိုးတက်လာသည့် ဝမ်းတွင်းမြို့နယ်မှ ထီးလှိုင် (အနောက်)ကျေးရွာသို့ သွားရောက်၍ ဒေသခံ စက်ရက်ကန်းလုပ်ငန်းလုပ်ကိုင်သူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်တို့ကို ကောက်နုတ်တင်ပြလိုက်ပါသည်။

မေး။ ။ဦးလေးနာမည်နဲ့ ဦးလေးပိုင် စက်ရက်ကန်းစင် ဘယ်နှစင်ရှိသလဲ ခင်ဗျ။

ဖြေ။ ။နာမည်က ဦးလွန်းမောင် ဖြစ်ပါတယ်။ စက်ရက်ကန်းစင် ၁၀ စင် ရှိပါတယ်။

မေး။ ။ဦးလေးတို့ ကျေးရွာမှာ လျှပ်စစ်မီးမရမီအချိန်က စက်ရက်ကန်းလုပ်ငန်းကို ဘယ်လိုလုပ်ကိုင်ကြပါသလဲ။ အဲဒီတုန်းက ထီးလှိုင်ကျေးရွာရဲ့ စက်ရက်ကန်းလုပ်ငန်း အခြေအနေလေးပြောပြပေးပါဗျ။

ဖြေ။ ။ဦးလေးတို့ ကျေးရွာမှာ ရက်ကန်းလုပ်ငန်းကို ၁၉၆၈ ခုနှစ်လောက်ကစတင်ပြီး လုပ်ကိုင်ခဲ့ကြပါတယ်။ ၂၀၁၄ ခုနှစ်မတိုင်မီအထိ ကျေးရွာမှာ လျှပ်စစ်မီးမရသေးတော့ စက်ရက်ကန်းလုပ်ငန်းအတွက် ဒီဇယ်အင်ဂျင်စက်တွေပဲ အားကိုးကြရတယ်။ ဒီဇယ်အင်ဂျင်နဲ့လုပ်ကိုင်ရတဲ့အတွက် စက်သုံးဆီ ကုန်ကျစရိတ်လည်းရှိ၊ လုပ်သားလုပ်အားခ ကုန်ကျစရိတ်လည်းရှိတယ်။ ပြီးတော့ စက်ရက်ကန်းလုပ်သားအတွက်လုပ်ငန်းလုပ်ကိုင်ရတာ ပင်ပန်းဆင်းရဲပါတယ်။ အဲဒီတုန်းက အခုလောက် စက်ရက်ကန်းလုပ်ငန်းမဖွံ့ဖြိုးသေးတော့ ကျေးရွာက တချို့လူငယ်တွေက အနီးဝန်းကျင် ရက်ကန်းလုပ်ငန်းဖွံ့ဖြိုးတဲ့ကျေးရွာတွေနဲ့ ဝမ်းတွင်းမြို့ပေါ်က ရက်ကန်း ရုံတွေမှာ သွားရောက်လုပ်ကိုင်ကြရ တယ်။

မေး။ ။ ထီးလှိုင်ကျေးရွာမှာ လျှပ်စစ်မီး ရရှိပြီးနောက်ပိုင်း စက်ရက်ကန်းလုပ်ငန်းတွေရဲ့ အခြေအနေကိုရော ပြောပြပေးပါဦးဗျ။

ဖြေ။ ။၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့မှာ ထီးလှိုင်မှာ လျှပ်စစ်မီးစတင်ရရှိခဲ့ပါတယ်။ ၃၁၅ ကေဗွီအေ ထရန်စဖော်မာနဲ့ လျှပ်စစ်မီးလင်းနိုင်ခဲ့ပြီးနောက်ပိုင်း ယခင်က ကျေးရွာမှာ စက်ရက်ကန်းစင် ၉၅ စင်ပဲရှိရာကနေ စင်ပေါင်း ၄၇၀ အထိရှိလာပါပြီ။ ကျေးရွာဒေသခံလူငယ်တွေလည်း တစ်ရပ်တစ်ကျေးရွာကို သွားရောက်လုပ်ကိုင်စရာမလိုဘဲ ကိုယ့်ကျေးရွာမှာပဲ လုပ်ကိုင်နိုင်ကြပြီဖြစ်ပါတယ်။ အခုနောက်ပိုင်း စက်ရက်ကန်းစင်တွေ ကျေးရွာမှာ ထပ်မံတိုးပွားလာတာမို့ ၃၁၅ ကေဗွီအေ ထရန်စဖော်တစ်လုံး ထပ်မံ တည်ဆောက်ထားပါတယ်။ ကျေးရွာကအိမ်တိုင်းမှာ စက်ရက်ကန်းစင်မရှိဘူးဆို အနည်းဆုံး နှစ်စင်တော့ ရှိကြပါတယ်။ ကျေးရွာမှာ အိမ်ထောင်စု ၃၆၀ ခန့်နဲ့ လူဦးရေ ၁၈၇၀ ကျော် ရှိပါတယ်။

မေး။ ။ ညီမယ်နာမည်နဲ့ စက်ရက်ကန်းလုပ်ငန်းမှာ ဘယ်အချိန်ကတည်းက ဝင်ရောက်လုပ်ကိုင်နေတယ်ဆိုတာ ပြောပေးပါဦး။

ဖြေ။ ။ နာမည်က မဝေဖြိုးပါ။ အသက် (၁၆)နှစ်အရွယ်လောက်ကတည်းက စက်ရက်ကန်းလုပ်ငန်းမှာ ဝင်ရောက်လုပ်ကိုင်နေတာပါ။

မေး။ ။ ညီမယ်စက်ရက်ကန်းလုပ်ငန်း စတင်လုပ်ကိုင်ချိန်ကနဲ့ အခုလက်ရှိအချိန်မှာ ဘယ်လိုပြောင်းလဲတိုးတက်မှုတွေရှိလာသလဲ။ ညီမယ်တို့ စက်ရက်ကန်းလုပ်သားတွေ အတွက် ဘယ်လိုလုပ်အားခရရှိသလဲ ပြောပေးပါဦး။

ဖြေ။ ။ညီမ စတင်လုပ်ကိုင်တဲ့အချိန်က ရွာမှာ လျှပ်စစ်မီးမရသေးတော့ ဒီဇယ်အင်ဂျင်စက်ကြီးတွေနဲ့ပဲ စက်ရက်ကန်းကို လုပ်ကိုင်ကြရတာမို့ စက်သုံးဆီကုန်သွားရင် အလုပ်ကို ရပ်နားပြီး ဆီဖြည့်ရပါတယ်။အဲဒီအချိန်က စက်ရက်ကန်းလုပ်သားတွေက ပင်ပန်းဆင်းရဲပါတယ်။ အခုတော့ ကျေးရွာမှာ လျှပ်စစ်မီးရတော့ လျှပ်စစ်မီးနဲ့ စက်ရက်ကန်းလုပ်ငန်းလုပ်ရတာ လုပ်သားတွေအတွက် အရင်ကထက်စာရင် အလုပ်လုပ်ရတာ ကွင်းပြတ်လုပ်ကိုင်ရတာပါ။ ပျမ်းမျှ ပုဆိုးတစ်ကွင်းကို ၂၅၀ ကျပ် ရရှိပြီးတော့ နေ့ညလုပ်ကိုင်ရင် ကွင်း ၂၀ ဆိုတော့ လုပ်သားတစ်ဦးတစ်နေ့ကို ကျပ် ၅၀၀၀ လောက်ဝင်ငွေရှိပါတယ်။

မေး။ ။ ဦးလေးအမည်နဲ့ ဦးလေးကိုယ်ပိုင်ရက်ကန်းစင် ဘယ်နှစင်ရှိတယ်ဆိုတာ ပြောပေးပါဦးဗျ။

ဖြေ။ ။ နာမည်က ဦးညိမ်းအောင်ပါ။ ကိုယ်ပိုင်စက်ရက်ကန်းစင် ၁၂ စင်ရှိပါတယ်။

မေး။ ။အရင်တုန်းက လျှပ်စစ်မီးမရှိမီကအချိန်နဲ့ လက်ရှိအချိန်မှာ ရက်ကန်းလုပ်ငန်း တိုးတက်ကွာခြားမှုရှိပါသလား။

ဖြေ။ ။ထီးလှိုင်ကျေးရွာကို ဝမ်းတွင်းမြို့ပေါ်နဲ့ ဇဂျမ်းကုန်း၊ ရွာသစ်စတဲ့ ဘက်က လုပ်ငန်းရှင်ကြီးတွေက ရက်ကန်းစင်တွေ ထောင်ပေးတယ်။ ပြီးတော့ထွက်တဲ့ အထည်ကိုယူပြီး စက်ရက်ကန်းတန်ဖိုးနဲ့ တွက်ချက်တာမို့ တဖြည်းဖြည်းရွာမှာ စက်ရက်ကန်းပိုင်တဲ့သူတွေ များလာတယ်။ လျှပ်စစ်မီး မရှိမီအချိန်ကတော်ပိုင် စက်ရက်ကန်းကိုးစင်ရှိတယ်။ လျှပ်စစ်မီး ရရှိပြီးနောက်ပိုင်း သုံးစင်တိုးလာတယ်။ ၁၂ စင် ဖြစ်လာတယ်ဗျ။

မေး။ ။ ကုန်ကြမ်းကို ဘယ်က ယူပြီးတော့ ထွက်ရှိတဲ့ ကုန်ချောအထည်ကို ဘယ်ကို တင်ပို့ရောင်းချပါသလဲ။ ပြီးတော့ ဦးလေး ရက်ကန်းစင်က ဘယ်လိုအထည်တွေ ရက်လုပ်တာပါလဲ။

ဖြေ။ ။ ကုန်ကြမ်းကို မန္တလေးက အဓိကယူပါတယ်။ ထွက်ရှိတဲ့ ကုန်ချောအထည်ကို ရန်ကုန်၊ မန္တလေး၊တောင်ကြီးမြို့တွေကို တင်ပို့ရောင်းချပါတယ်။ အိမ်က ရက်ကန်းစင်တွေမှာ ကျားဝတ်၊ မဝတ် ပုဆိုး၊ လုံချည်အမျိုးမျိုး ရက်လုပ်ပါတယ်။ ပြီးတော့ ဈေးကွက်လိုအပ်ချက်အရ ဝယ်ယူသူတွေအကြိုက် အဆင်တွေလည်း စိတ်တိုင်းကျ ရက်လုပ်ပေးပါတယ်။

မေး။ ။ထီးလှိုင်ကျေးရွာက စက်ရက်ကန်းလုပ်ငန်းတွေက လျှပ်စစ်မီး ရရှိပြီး ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာတယ်လို့ သိရပါတယ်။ စက်ရက်ကန်းလုပ်ငန်းမှာ ကြုံတွေ့ရတဲ့ အခက်အခဲတွေ ရှိသေးလားဗျ။ ရှိရင် ဘာကြောင့် အဲဒီလိုဖြစ်တယ်ဆိုတာကို လည်း ပြောပြပေးပါဦး။

ဖြေ။ ။ အဓိက ကြုံတွေ့ရတာက လုပ်သားရှားပါးတဲ့ အခက်အခဲပါ။ ဘာကြောင့် လုပ်သားရှားပါးရသလဲ ဆိုတော့ ရွာမှာက စက်ရက်ကန်းစင်တွေ ယခင်ကထက် သုံးလေးဆမက တိုးတက်များပြားလာတာမို့လုပ်သားနဲ့ စက်ရက်ကန်းစင်အရေအတွက် မမျှတာကြောင့် အဲဒီလို လုပ်သားရှားပါးလာတာလို့ပဲ ထင်ပါတယ်။

မေး။ ။ ထီးလှိုင်ကျေးရွာက ထွက်ရှိတဲ့ ကျားဝတ်မဝတ် ပုဆိုးလုံချည် အထည်တွေကို ရောင်းချလို့ကောင်းတဲ့ ကာလက ဘယ်လိုအချိန်မျိုးလဲခင်ဗျ။

ဖြေ။ ။ ဒီလို ဝါတွင်းကာလမှ ရောင်းချရတာ နည်းပါးပါတယ်။ သီတင်းကျွတ်ဝါကျွတ်ကာလနဲ့ နှစ်ဆန်းတစ်ရက်လိုမျိုးကာလတွေမှာ ရွာကအထည်တွေ ရောင်းချလို့အကောင်းဆုံးဖြစ်ပါတယ်။

ယခင်က ထီးလှိုင်ကျေးရွာသည် ရန်ကုန်-မန္တလေး ကားလမ်းမအနီး လမ်းသွယ်မှ ဝင်ရောက်သွားလျှင် သဲချောင်းငယ်ကိုဖြတ်သန်းမှ ထီးလှိုင် (အရှေ့ကျေးရွာ)ကို ရောက်၏။ လမ်းဆိုးသည်။ ထီးလှိုင်(အရှေ့)ကျေးရွာမှ ထီးလှိုင်(အနောက်)ကျေးရွာသို့ သွားရာလမ်းမှာလည်း မဖြောင့်ဖြူးလှပါ။

ယခုတော့ ရန်ကုန်-မန္တလေးကားလမ်းမအနီး အနော်ရထာမင်းကြီး တူးဖော်သည့် ထီးလှိုင်ကန်ကြီးသို့ လမ်းညွှန်ဆိုင်းဘုတ်မှ ထီးလှိုင် (အရှေ့)ကျေးရွာ ရွာလယ်လမ်းမထိ ကတ္တရာလမ်းကြီး ဖြစ်၍ သဲချောင်းပေါ်မှ သံကူကွန်ကရစ် တံတားတစ်စင်းကို လည်း ခိုင်ခိုင်ခံ့ခံ့ တည်ဆောက်ပြီးစီးခဲ့ပြီးဖြစ်သည်။

ထီးလှိုင်(အရှေ့)ကျေးရွာ မှ ထီးလှိုင် (အနောက်)ကျေးရွာအထိ ဂန့်ကားကျောက်ချော လမ်းသည်လည်း ကောင်းမွန်ဖြောင့်ဖြူးစွာ ခင်းထားပြီးဖြစ်သည်။ လျှပ်စစ်မီးလည်း ထီးလှိုင်(အရှေ့)၊ ထီးလှိုင်(အနောက်) ကျေးရွာများတွင် ရရှိကာ နေ့ည စက်ရက်ကန်း ခတ်သံများသည် သောသောညံလျက်ရှိသည်။

မုဆိုးမပင် စက်ရက်ကန်းပိုင်ဆိုင်သည်ဟု ဒေသခံများပြောကြသော ဝမ်းတွင်းမြို့နယ် ထီးလှိုင်ကျေးရွာတွင် စက် ရက်ကန်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်မှာ အမှန်ပင်ဖြစ်ကြောင်း ထီးလှိုင်(အနောက်) ထီးလှိုင် ကန်ကြီး ရှိရာကျေးရွာသို့ ရောက်ရှိမေးမြန်းခဲ့ သည်များကို ရေးသားတင်ပြလိုက်ခြင်း ဖြစ်ပါသည်။ ။

ဦးလွန်းမောင်

မဝေဖြိုး

မရီရီဆွေ

ဦးညိမ်းအောင်

လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်းဖွင့်

ပဲခူး စက်တင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီးစက်မှုလယ်ယာဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ဘုရားကြီးမြို့ စက်မှုလယ်ယာစခန်းတွင် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) တောင်သူပညာပေးသင်တန်းကို စက်တင်ဘာ ၈ ရက် မှ ၁၉ ရက်အထိ ၁၂ ရက်ကြာ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်မှာ တောင်သူဦးကြီးများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများကို စနစ်တကျ ကိုင်တွယ်မောင်းနှင်တတ်စေရန်၊ လယ်ယာလုပ်ငန်းခွင်စက်ချွတ်ယွင်းပါက အချိန်နှင့်တစ်ပြေးညီ ကိုယ်တိုင်ပြင်ဆင်နိုင်ရန်နှင့် စက်သက်တမ်းအပြည့်အသုံးပြုနိုင်ရေးတို့အတွက် ဘုရားကြီးမြို့ပေါ် သုံးရပ်ကွက်နှင့် ကျေးရွာများမှ တောင်သူ ၃၀ အား စာတွေ့လက်တွေ့သင်ကြားပေးခဲ့သည်။

အဆိုပါသင်တန်းသို့ စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးလူမြင့်၊ ခရိုင်ဦးစီးမှူး ဦးအောင်သောင်းတို့က တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(ခရိုင်မြန်/ဆက်)

Emmy ဆုပေးပွဲသမိုင်းတစ်လျှောက် ဆုအများဆုံးဝင်ယူးတဲ့ ဇာတ်ကား

HBOရုပ်သံလိုင်းမှထုတ်လွှင့်ပြသလျက်ရှိသည့် ရုပ်သံဇာတ်လမ်းတွဲ "Games of Thrones"သည် ၂၀၁၅ခုနှစ်အတွက် Emmy ဆုပေးပွဲတွင် ဆုအရေအတွက်စုစုပေါင်း ၁၂ ခုရရှိခဲ့ကာ Emmy ဆုပေးပွဲသမိုင်းတစ်လျှောက် ဇာတ်ကားတစ်ကားတည်းမှ ဆုအများဆုံးရရှိခဲ့သည်။

အဆိုပါဇာတ်ကားသည် စက်တင်ဘာ ၂၀ရက် ညပိုင်း၌ ပြုလုပ်ခဲ့သော (၆၇) ကြိမ်မြောက် Emmy ဆုပေးပွဲတွင် ဆု ၂၄ဆုအတွက် နာမည်စာရင်းတင်သွင်းခြင်းခံခဲ့ရပြီး ယင်းတို့အနက်မှ ထူးချွန်ဒရမ်မာဇာတ်လမ်းတွဲဆု၊ ဒါရိုက်တာထူးချွန်ဆုနှင့် ဇာတ်ပို့ထူးချွန်ဆုတို့အပါအဝင် ဆု ၁၂ဆုကို ပိုင်ဆိုင်ခွင့်ရခဲ့သည်။

ထို့ပြင် အဆိုပါဇာတ်ကားသည် ပြီးခဲ့သည့် သီတင်းပတ်က ကျင်းပခဲ့သော Emmy ၏ အနုပညာဖန်တီးမှုပိုင်းဆိုင်ရာဆုပေးပွဲတွင်လည်း ဆုပေါင်း ၁၂ ဆု ပေးအပ်သည့်အနက် ဆုရှစ်ဆုကို သိမ်းပိုက်နိုင်ခဲ့သည့် ဇာတ်ကားလည်း ဖြစ်သည်။ အဆိုပါဇာတ်ကားသည် တိုင်းပြည် ခုနစ်ပြည်အကြား ထီးနန်းလုယူရရှိရန် တိုက်ခိုက်ခဲ့ကြသည့် တိုက်ပွဲများနှင့် ဇာတ်ကောင်များအကြား တွယ်ယှက်ပတ်သက်နေသော အချစ်တို့ကို ဖန်တီးပုံဖော်ရိုက်ကူးထားသည့် ရုပ်သံဇာတ်လမ်းတွဲလည်းဖြစ်သည်။

"Games of Thrones"ရုပ်သံဇာတ်လမ်းတွဲသည် ပြီးခဲ့သည့်နှစ်အထိ ရုပ်ရှင်တစ်ကားတည်းမှဆုအများဆုံးရရှိခဲ့သော ဇာတ်ကားအဖြစ် စုစုပေါင်းဆုအရေအတွက် ကိုးဆုဖြင့် စံချိန်တင်ထားသော NBCရုပ်သံလိုင်း၏ ရုပ်သံဇာတ်လမ်းတွဲ "The West Wing"ရုပ်ရှင်၏စံချိန်ကိုလည်း ချိုးဖျက်နိုင်ခဲ့သည်။ ၂၀၁၅ခုနှစ်အထိ ဆုအများဆုံးရရှိခဲ့သော ရုပ်သံဇာတ်လမ်းတွဲများမှာ "Games of Thrones"၊ " The West Wing "နှင့် "Hill Street Blues"တို့ ဖြစ်ကြသည်။

ဘာဘီအရုပ်မလေးတစ်ဦးဖြစ်လာတော့မယ့် ဇန်ဒယာ

ဟောလီဝုဒ်ရဲ့ နာမည်ကျော်တစ်ဦးဖြစ်တဲ့ ဇန်ဒယာဟာ သရုပ်ဆောင်၊ အဆိုတော်၊ အကပညာရှင်စသည်ဖြင့် လောလီဝုဒ်ရဲ့ အနုပညာလောကမှာ အောင်မြင်ကျော်ကြားတဲ့ အနုပညာရှင်တစ်ဦးပါ။ အခုတော့ သူ့ကို ဘာဘီဒေါ်ကွန်းက သူ့ရဲ့ ပုံရိပ်တွေကနေတစ်ဆင့် နောက်ထပ် ဘာဘီရုပ်လေးတစ်ရုပ်အဖြစ်ဖန်တီး အသက်သွင်းတော့မှာ ဖြစ်ကြောင်း သူတို့ရဲ့တွစ်တာစာမျက်နှာပေါ်က နေတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

Entertainment Weekly သတင်းစာရဲ့ ဖော်ပြချက်အရ ဘာဘီဒေါ်ကွန်းက ဇန်ဒယာအတွက် ဘာဘီရုပ်ကလေးကို ဒီဇိုင်းရေးဆွဲနေပြီဖြစ်ကြောင်းနဲ့ အခုလို ဘာဘီရုပ်လေးအဖြစ်အသက်သွင်းဖို့စိတ်ကူးရခဲ့တာကတော့ ၂၀၁၅ခုနှစ် အော်စကာဆုပေးပွဲမှာ ဇန်ဒယာဝတ်စားဆင်ယင်ခဲ့တာ သိပ်ကိုလှပပြီးချစ်စရာကောင်းခဲ့တာမို့ အဲ့ဒီတုန်းက သူ့ရဲ့ပုံရိပ်တွေကနေတစ်ဆင့် ဘာဘီရုပ်လေးဖန်တီးချင်ခဲ့တာဖြစ်ကြောင်း သိရပါတယ်။

ဇန်ဒယာဟာ လှပပြီးအရည်အချင်းရှိတဲ့အနုပညာရှင်တစ်ဦးဖြစ်ရုံသာမကဘဲ ပရဟိတလုပ်ငန်းတွေမှာ ပါဝင်လုပ်ဆောင်ရတာကိုလည်း နှစ်သက်သူတစ်ဦးပါ။ သူ့ရဲ့ အသက်(၁၉)နှစ်ပြည့်မွေးနေ့အမှတ်တရအဖြစ် တောင်အာဖရိကက "UNAIDS" နဲ့ "iKAGENG"အသင်းတွေကို အလှူငွေတွေ ပေးပို့လှူဒါန်းခဲ့ပြီး ကမ္ဘာပေါ်မှာရှိတဲ့ လူသားတိုင်းဟာ မေတ္တာတရားနဲ့ လေးစားမှုတွေကို ခံယူရရှိဖို့ထိုက်တန်ကြောင်း သူကလှစ်ဟပြခဲ့ပါတယ်။

စက်တင်ဘာ ၂၆ ရက်တွင် ဘာဘီဒေါ်ကွန်းက ရိုက်ကူးတင်ဆက်မည့် "Rock n' Royals Concert Experience"အဆိုပြင်ပွဲတွင် ဇန်ဒယာ၏ဘာဘီရုပ်လေးက ဦးဆောင်ရွက်ပေးသွားမည် ဖြစ်ရာ ယင်းနေ့တွင် သူ၏ ဘာဘီရုပ်လေးကို ပရိသတ်များ ခံစားနိုင်တော့မှာ ဖြစ်ပါတယ်။

ဇန်ဒယာက "ငယ်ငယ်တုန်းက ကျွန်မမှာ ဘာဘီရုပ်လေးတစ်ရုပ်တောင် မရှိခဲ့ဘူး။ ဒါ့ကြောင့် ကျွန်မကိုယ်တိုင်ဘာဘီရုပ်လေးမဖြစ်နိုင်ဘူးလို့ထင်ခဲ့တယ်။ ကျွန်မကိုယ်တိုင်က ဘာဘီလေးတွေနဲ့ မရင်းနှီးခဲ့လို့လေ။ ဒါပေမယ့် ဘာဘီလေးတွေရဲ့နောက်ထွက်ရှိမယ့် ဒီဇိုင်းတွေကို ကြည့်လိုက်တော့ တကယ်ကိုသဘောကျသွားမိတယ်။ နောက်ပြီးအဲ့ဒီရုံးကနေထွက်လာတော့ ဘာဘီရုပ်လေးတွေဟာ ကျွန်မဖြစ်ချင်တဲ့ ဘဝရဲ့တစ်စိတ်တစ်ပိုင်းပဲဆိုတာ သိရှိခံစားလာရတယ်"လို့ ယဟူးဆယ်လီဘရစ်တီ ဒေါ်ကွန်း ကို ပြောကြားခဲ့ပါတယ်။

ဇန်ဒယာဟာ မကြာသေးမီက ပြုလုပ်ခဲ့သော အမေရိကန်အလှမယ်ရွေးချယ်ပွဲရဲ့ နောက်ဆုံးပွဲမှာ အကဲဖြတ်ဝိုင်တစ်ဦးအဖြစ်လည်း ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။

အေးပြည့်-စုစည်းသည်

ဖက်ရှင်လောကမှာ အောင်မြင်လာတဲ့ ဒါရာ



တောင်ကိုရီးယားအမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်သော ဒါရာသည်ပြီးခဲ့သည့် သီတင်းပတ်က ပြုလုပ်ခဲ့သော နယူးယောဂ်ဖက်ရှင်သီတင်းပတ်အတွင်း သူဝတ်ဆင်ခဲ့သောဖက်ရှင်ဒီဇိုင်းများသည် ဘေဘုတ်တွင် လူကြိုက်အများဆုံးဖြစ်ခဲ့သည်။

အွန်လိုင်းမီဒီယာတစ်ခုဖြစ်သော ဘေဘုတ်၏စစ်တမ်းကောက်ယူမှုအရ ပြီးခဲ့သည့်ဖက်ရှင်သီတင်းပတ်အတွင်း အကောင်းဆုံးသောဖက်ရှင်ဒီဇိုင်းအတွက် ဆန္ဒမဲပေးစေရာ ကြည့်ရှုသူစုစုပေါင်း၏ ၇၆ ရာခိုင်နှုန်းက ဒါရာကို မဲပေးခဲ့ကြသည်။

အခြားသောတောင်ကိုရီးယားအနုပညာရှင်များဖြစ်ကြသည့် မင်ဟိုက ဆန္ဒမဲ၏ ၁၃ရာခိုင်နှုန်း၊ ဆိုးယန်က ခုနစ်ရာခိုင်နှုန်း၊ ဂျက်ဆီကာက နှစ်ရာခိုင်နှုန်းနှင့် ဆူးလီက တစ်ရာခိုင်နှုန်း အသီးသီးရရှိခဲ့ကြသည်။

ရုပ်မြင်သံကြားအစီအစဉ်များ

၂၂ - ၉ -၂၀၁၅ (အင်္ဂါနေ့)

MRTV - 4

၅း၀၀	ပဌာန်းပါဠိတော်+ မေတ္တာသုတ်
၅း၄၀	"ကောင်းသောနေ့ဖြစ်ပါစေ" တရားတော် [ဆရာတော်၀နဝါသီ အရှင်ဝါယာမိန္ဒ (မြောက်ဦး ဆရာတော်)]
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၆၀)
၇း၅၀	ရန်ကုန်မြင်ကွင်းကျယ် (သရုပ်ဆောင်မော်ဒယ် ခိုင်သဇင်ယုဝါက အခမဲ့သင်ကြားပေးသည့် အခမဲ့ မိတ်ကပ်သင်တန်း)
၈း၀၀	Cartoon Series (Welcome To Sky Ville)
၈း၄၅	ဟော်ရွှင်လေ့လာအင်္ဂလိပ်စာ
၉း၀၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း" (အပိုင်း-၉၂)
၉း၄၅	အနုပညာမိုးကောင်းကင်
၁၀း၁၀	ခေတ်သစ်ဖျိမေ
၁၁း၀၀	သွားမယ်စားမယ် [ခနေဖြူ ဒေါ်စောရီ (တာမွေ)]
၁၁း၃၀	Forever Music Tribute မာရဇ္ဇ (အပိုင်း-၃) (ဒုတိယပိုင်း)
၁၂း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့ သမိုင်းမှတ်တမ်း" (အပိုင်း-၅၅)
၁၂း၃၀	သာသနာ့အာဇာနည် ဆရာတော်ကြီး၏ ထေရပွတ္တိ "သာသနာ့အကျော် မန်းဗန်းမော်" (အပိုင်း-၂)
၂း၂၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း" (အပိုင်း-၄၃)
၃း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၆၀)
၃း၄၀	4 TV Showroom ဖွင့်ပွဲအခမ်းအနား(မုံရွာ)
၆း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၆၁)
၇း၂၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း" (အပိုင်း-၄၄)
၈း၂၀	ရသစုံညွှန်းတမ်းများ
၈း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း" (အပိုင်း-၉၃)
၉း၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၅၆)
၁၀း၁၅	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၁၅	World of Knowledge (Paranatural: Mystery Lights)
၂း၄၅	MRTV-4 Stage
၃း၅၀	Day Care Center For The Aged
၄း၁၀	World of Knowledge (Paranatural: Mystery Lights)

မြ၀တီ

၆း၀၃	တရားတော်
၆း၁၅	မေတ္တာပို့
၆း၂၀	ဓမ္မပူဇာတေး
၆း၂၅	ကိုယ်လက်လှုပ်ရှားအားကစား
၆း၃၅	မျိုးချစ်တပ်မတော်
၆း၄၅	မှတ်တမ်း
၆း၅၅	မြန်မာသံစဉ်ချိန်းဝင်
၇း၁၀	အမျိုးသားရေးတေးကဗျာ
၇း၂၅	သင့်အတွက်တစ်နေ့တာ
၈း၀၀	မြ၀တီရုပ်မြင်သံကြားသတင်း
၈း၀၄	အမျိုးသားရေးတေးကဗျာ
၈း၁၀	စိုက်ပျိုးသုတ
၈း၂၅	မြတ်နိုးစရာရိုးရာလက်မှုပညာ
၈း၃၅	ခရီးလည်းသွားစကားလည်းဆို
၈း၄၅	မြ၀တီနေ့စဉ်သတင်း
၉း၀၀	တည်ဆောက်ပြုပြင် ဗြို့တော်တစ်ခွင်
၄း၁၅	အမျိုးသားရေးတေးကဗျာ
၄း၂၀	မျိုးချစ်တပ်မတော်
၄း၂၅	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅	အင်္ဂလိပ်စာသုတ
၅း၀၀	သာယာဦကြွေးခေတ်ဆန်းတေး
၅း၁၅	သူတို့အကြောင်း
၅း၃၅	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဂန္ဓ၀င်မြောက်အမှန်း
၆း၀၀	အပိုင်း(၅၇)
၆း၀၀	မြ၀တီရုပ်မြင်သံကြားသတင်း
၆း၀၅	အမျိုးသားရေးတေးကဗျာ
၆း၁၅	Dream Team
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရင်နှစ်သီးခြာချစ်လိပ်ပြာ
	အပိုင်း(၁၉)
	အမျိုးသားရေးတေးကဗျာ
	နိုင်ငံတကာသတင်း
	မိုးလေ၀သသတင်း
	VOA အင်္ဂလိပ်စာသင်ခန်းစာ
	ဟာသရုပ်စုံ
	ယနေ့ညအတွက်မြ၀တီ၏
	တေးလက်ဆောင်
	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
	- ခနတိုင်းရဲ့တစ်ဖက်တစ်ချက်
	အပိုင်း(၁၆)

mitv

07:25	"Insight Myanmar (Child Protection) "Overview of Child Protection Program"
07:48	"Amazing "Sayargyi Nyein Chan Aung"
08:26	"Writer, Philanthropist: Daw Than Myint Aung (Part-II)
08:46	"Moe Hnyin Than Buddhe", The Unique Pagoda In Monywa
09:26	"Bagan Choral Dance
09:31	"Lively Group Folk Dance of Kayan Nationals
09:36	"Reflected Glory
10:26	"On the River
10:47	"MURAL PAINTING BAGAN
06:30	Second Round AFC Women's Olympic Football Qualifying Tournament For Rio-2016 {Myanmar Vs. China (Taipei)}
08:25	Let's Cook (EP-2) Spaghetti with Dried Chilli and Bacon & Chocolate Covered Strawberry
08:52	"Kyaikhteeyoe: My Father The Porter

အားကစား

လီဗာပူးအသင်းခေါင်းဆောင် ဂျော်ဒန်ဟန်ဒါဆန် ခြေထောက်ဒဏ်ရာကြောင့်နှစ်လတာ အနားယူမည်

လီဗာပူးအသင်း၏အသင်းခေါင်းဆောင်ဖြစ်သော ကွင်းလယ်ကစားသမား ဂျော်ဒန်ဟန်ဒါဆန်သည် ညာခြေထောက်ဒဏ်ရာရရှိခဲ့သည့်အတွက် နှစ်လကြာမျှအနားယူသွားမည်ဖြစ်ကာ အဆိုပါနှစ်လအတွင်း မည်သည့်ပွဲစဉ်တွင်မျှ ဝင်ရောက်ကစားသွားမည်မဟုတ်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

ဂျော်ဒန်ဟန်ဒါဆန်သည် ပြီးခဲ့သည့်လက ဘောနမ်မန့်နှင့် ယှဉ်ပြိုင်ကစားခဲ့သော ပွဲစဉ်တွင် ခြေဖနောင့်ဒဏ်ရာရရှိခဲ့သေးသည်။

သူသည် လေ့ကျင့်ရေးလုပ်ငန်းများကို ပြန်လည်စတင်နိုင်ရန် ပြီးခဲ့သည့်သီတင်းပတ်က ပါရဂူတစ်ဦးထံသွားရောက်ကုသမှုခံယူခဲ့သည်။ သို့သော် အသက်(၂၅)နှစ်အရွယ် ဟန်ဒါဆန်သည် ပြီးခဲ့သည့် သောကြာနေ့က လေ့ကျင်းရေးဆင်းနေစဉ် ယခုကဲ့သို့ ထပ်မံဒဏ်ရာရခဲ့ခြင်းဖြစ်ကာ ဒဏ်ရာကို စမ်းသပ်စစ်ဆေးပြီးနောက် အရိုးကျိုးသွားခဲ့ခြင်းဖြစ်ကြောင်း အသင်း၏ မန်နေဂျာဖြစ်သူ ဘရန်ဒန်ရော့ဂျာက ထုတ်ဖော်ပြောကြားခဲ့သည်။

ဟန်ဒါဆန်၏ ခြေထောက်ဒဏ်ရာကို တနလ်ာနေ့က ခွဲစိတ်ကုသခဲ့ပြီး လုံးဝသက်သာသည်အထိ သီတင်းပတ်ခြောက်ပတ်မှ ရှစ်ပတ်အထိ အနားယူသွားရန်လိုအပ်ကြောင်း ဆရာဝန်များက ညွှန်ကြားခဲ့သည်။ ထို့ကြောင့်သူသည် ပထမဘောလုံးရာသီအတွင်း ပါဝင်ကစားနိုင်တော့မည်မဟုတ်ပေ။ ထို့ပြင်လာမည့် အောက်တိုဘာလအတွင်း ကစားမည့် ပွဲကြီးများဖြစ်သော စပါးနှင့် ချယ်လ်ဆီးတို့နှင့် ကစားရမည့်ပွဲစဉ်များနှင့်လည်း လွဲချော်ခဲ့ပြီဖြစ်သည်။

မည်သည့်အာဆင်နယ်ကစားသမားနှင့်မဆို စာချုပ်ချုပ်ဆိုမည်ဟု မော်ရင်ဟိုဆို

ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုက မိမိအနေဖြင့် အာဆင်နယ်အသင်းမှမည်သည့် အားကစားသမားနှင့်မဆို ပြောင်းရွှေ့ရန်သဘောတူပါက စာချုပ်ချုပ်ဆိုခေါ်ယူသွားရန်ဆန္ဒရှိကြောင်း ပြောကြားလိုက်သည်။

ထို့ပြင်သူက မိမိအသင်းသို့ပြောင်းရွှေ့လာမည့် အာဆင်နယ်ကစားသမားဟောင်းများအတွက် စတန်းဖို့ဒ်ဘရစ်ချ်မှ ကြိုဆိုလျက်ရှိပါကြောင်းနှင့် အနာဂတ်တွင် အမ်းမရိတ်စ်ကွင်းကစားသမားများဖြင့် အောင်မြင်မှုများ ဆွတ်ခူးသွားလိုပါကြောင်းလည်း ဆိုသည်။

မော်ရင်ဟိုက အာဆင်နယ်ကစားသမားများသည်သာ ချန်ပီယံများဖြစ်သင့်ကြောင်း၊ အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးလက်အောက်တွင် ကစားနေသော ဘောလုံးကစားသမားများကို လက်ခံကာ စာချုပ်ချုပ်ဆိုသွားရန်အဆင်သင့်ဖြစ်နေကြောင်းဆိုသည်။ သူသည် အာစင်ဝင်းဂါးနှင့် ပုဂ္ဂိုလ်ရေးအရ မသင့်မမြတ်ဖြစ်သည်မှာ နှစ်ပေါင်းများစွာကြာကတည်းကပင်ဖြစ်ကြောင်း ဘောလုံးလောကသားများနှင့် ပရိသတ်ကြီးအသိပင်ဖြစ်သည်။

"ကျွန်တော် အာဆင်နယ်ကစားသမားဟောင်းတွေကို ကြိုက်ပါတယ်။ အာဆင်နယ်ကဘယ်ကစားသမားမဆို အာဆင်နယ်ကအလိုမရှိတော့တဲ့သူဆိုရင်တောင် ကျွန်တော်လက်ခံကြိုဆိုလျက်ပါ။ ဘောလုံးရာသီတိုင်းမှာ ကျွန်တော်ကတော့ ချယ်လ်ဆီးအသင်းသာ ချန်ပီယံဖြစ်တယ်လို့ ခံယူထားတာပါ"ဟု မော်ရင်ဟိုက မီဒီယာများသို့ပြောကြားခဲ့သည်။ ပြီးခဲ့သည့် သီတင်းပတ်က ကစားခဲ့သော ပွဲစဉ်တွင် မော်ရင်ဟို၏ ချယ်လ်ဆီးအသင်းက အာစင်ဝင်းဂါး၏အသင်း အာဆင်နယ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

လတ်တလောတွင် အာဆင်နယ်အသင်းသည် ကစားပွဲခြောက်ပွဲတွင် ဆယ်မှတ်ရရှိထားကာ ပရီမီယာလီဂ်ဇယား၏ ပဉ္စမနေရာတွင် ရောက်ရှိနေပြီး ဇယား၏ထိပ်ဆုံးတွင်ရှိနေသော မန်စီးတီးအသင်းက ငါးမှတ်အသာဖြင့် ပရီမီယာလီဂ်ကို ထိပ်ဆုံးမှ ဦးဆောင်နေသည်။

ခင်ခင်သက် - စုစည်းသည်။

မန်ယူ၏နောက်နည်းပြအတွက် အသင်းကိုတည်ဆောက်နေခြင်းဖြစ်ကြောင်း နည်းပြဗန်ဟားလ် ထုတ်ဖော်ပြောကြား

မန်ယူအသင်းသည် အသက်(၂၁)နှစ်အရွယ်ရှိ ဒီပေးနှင့် အသက်(၁၉)နှစ်အရွယ်ရှိ မာတီယယ်တို့နှစ်ဦးအား ပြောင်းရွှေ့ကြေးပေါင်သန်း ၇၀ အထိ သုံးစွဲထားသည့်အပြင် ကစားသမားအများအပြားကို ငွေကြေးအမြောက်အများအကုန်ကျခံသုံးစွဲခဲ့ခြင်းနှင့် ပတ်သက်၍ မေးခွန်းထုတ်မှုများရှိလာခြင်းအပေါ် မန်ယူအသင်း နည်းပြ ဗန်ဟားလ်က မန်ယူအသင်းကို ၎င်းနောက်တွင် ကိုင်တွယ်မည့် နည်းပြသစ်အတွက် ရည်ရွယ်၍ အသင်းကို တည်ဆောက်နေခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

နည်းပြဗန်ဟားလ်သည် ယခုနှစ်ဘောလုံးရာသီတွင် လူငယ်ကစားသမားအများစုကို ခေါ်ယူထားခဲ့ပြီး လူငယ်အသင်းတစ်သင်းအဖြစ်တည်ဆောက်လျက်ရှိရာ လက်ရှိတွင် အသက်(၂၀)အရွယ်ရှိ လုခ်ရှော့မှာခြေထောက်ကျိုးခဲ့ခြင်းကြောင့် ၎င်းနေရာတွင် အသက်(၂၀)အရွယ်ရှိတောင်ပံကစားသမား ဂျာနျူဇက်ကို အစားထိုးကစားသမားအဖြစ် အသုံးပြုသွားရန် စီစဉ်နေသည်။

ထိုသို့လူငယ်ကစားသမားများကို ငွေကြေးအများအပြားသုံးစွဲထားသော်လည်း ရလဒ်ပိုင်း ထင်တိုင်းမပေါက်ခဲ့ခြင်းကြောင့် နည်းပြဗန်ဟားလ်သည် စိန်ခေါ်မှုများ၏ ထိုးနှက်မှုကို ခံနေရပြီး လက်ရှိစာချုပ်သက်တမ်းကုန်ဆုံးမည့် ၂၀၁၇ ခုနှစ်တွင် နည်းပြအဖြစ်မှ နုတ်ထွက်သွားရန်ဆုံးဖြတ်ချက်ချသည်အထိ ရှိလာခဲ့သည်။

"လူငယ်ခြေတက်ကစားသမားတွေကို မျက်စိကျခဲ့တာဟာ ကျွန်တော့်ရဲ့ ဝါသနာပါ။ ဒါ့ကြောင့် ကျွန်တော့်ကိုယ် ကျွန်တော်လည်း လူငယ်ကစားသမားတွေကို လေ့ကျင့်မွေးထုတ်ပေးနေတဲ့ လေ့ကျင့်ရေးနည်းပြတစ်ယောက်လို့ပဲမြင်မိပါတယ်။ ကျွန်တော့်ရဲ့စာချုပ်သက်တမ်းကုန်တဲ့အချိန်မှာ စွမ်းဆောင်ရည်မြင့်မားတဲ့ လူငယ်ကစားသမားတွေထွက်ပေါ်လာတာကို မြင်တွေ့ရမှာပါ"ဟု နည်းပြဗန်ဟားလ်က ပြောကြားခဲ့သည်။

"ဘာစီလိုနာအသင်းမှာ ဇာဗီ၊ အင်နီယေစတာနဲ့ ဗဲလ်ဒက်တို့ဟာ အသင်းရဲ့ကျောရိုးတွေသဖွယ်ရှိနေပြီး ဘိုင်ယန်မြူးနစ်အသင်းမှာလည်း မူလားအယ်လ်လာဘာ၊ ဘတ်စတူဘာတို့ဟာ အသင်းရဲ့ကျောရိုးတွေပါပဲ။ အဲဒီလိုပါပဲ လုခ်ရှော့၊ ဂျာနျူဇက်နဲ့ မာတီယယ်တို့ဟာ မန်ယူအသင်းရဲ့ အနာဂတ်ကိုဖန်တီးပေးမယ့် လူငယ်ကစားသမားတွေလို့ ယုံကြည်ထားပါတယ်"ဟု နည်းပြဗန်ဟားလ်ကဆိုသည်။

ထို့ကြောင့် မန်ယူအသင်းနည်းပြ ဗန်ဟားလ်အနေဖြင့် ဒီမာရီယာအားစံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူထားခဲ့သော်လည်း ပီအက်စ်ဂျီအသင်းသို့ ရောင်းချခဲ့ခြင်းဖြစ်ကြောင်း၊ မိုနာကိုမှ အင့ှားခေါ်ယူထားသည့် ဖယ်ကာအိုကိုလည်း အသင်းမှ ထွက်ခွာခွင့်ပြုခဲ့ကြောင်းနှင့် လူငယ်ကစားသမားများဖြစ်သည့် ဒီပေး၊ မာတီယယ်၊ လုခ်ရှောစသည့် ကစားသမားများကို စေ့းကြီးပေး၍ခေါ်ယူခဲ့ရခြင်းဖြစ်ကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

ဘွန်ဒက်လီဂါဖလား ဘိုင်ယန်ရလိမ့်မည်မဟုတ်ကြောင်း ဒေ့ါမွန်တိုက်စစ်မှူး အော်ဘာမီယန်ပြောကြား

လက်ရှိဂျာမန်ဘွန်ဒက်လီဂါဖလားချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ဘွန်ဒက်လီဂါဖလားကို ထပ်မံရရှိလိမ့်မည်မဟုတ်ကြောင်း ဒေ့ါမွန်အသင်းတိုက်စစ်မှူး အော်ဘာမီယန်က ၎င်း၏ ယုံကြည်ချက်ကိုဖွင့်ဟပြောကြားခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် လက်ရှိတွင် ဘွန်ဒက်လီဂါဖလားကိုလေးနှစ်ဆက်တိုက်ရယူဆွတ်ခူးထားနိုင်ခဲ့သည့် အသင်းဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီတွင်လည်း ဘွန်ဒက်လီဂါဖလားကို ငါးနှစ်ဆက်ရယူဆွတ်ခူးသွားမည့် ပထမဆုံးအသင်းအဖြစ် မှတ်တမ်းသစ်တစ်ရပ်ရေးထိုးရန် ရေပန်းစားနေသည့် အသင်းလည်းဖြစ်သည်။

သို့ရာတွင် ယခုနှစ်ဘောလုံးရာသီ လေးပွဲကစားအပြီးတွင် ရမှတ်ကွာဟမှုမှာ ကျဉ်းမြောင်းသော်လည်း လက်ရှိချန်ပီယံ ဘိုင်ယန်မြူးနစ် အသင်းထံမှ ဘွန်ဒက်လီဂါဖလားကို ဒေ့ါမွန်အသင်းက ပြန်လည်ရယူနိုင်လိမ့်မည်ဟု တိုက်စစ်မှူး အော်ဘာမီယန်က ယုံကြည်ထားသည်။

"ဘိုင်ယန်ဟာ ဘွန်ဒက်လီဂါဖလားကို ရရှိမယ့်အသင်းအဖြစ် ရေပန်းစားနေတာ လူတိုင်းသိနေပေမယ့် ကျွန်တော့်အနေနဲ့ကတော့ ဘိုင်ယန်မြူးနစ်ဟာ ဂျာမန်ပိုကယ်ဖလားသာရရှိမယ်လို့ ယုံကြည်ထားပါတယ်"ဟု အော်ဘာမီယန်က ဆိုသည်။

တိုက်စစ်မှူး အော်ဘာမီယန်သည် ယခုနှစ်ဘောလုံးရာသီတွင်ဒေ့ါမွန်အသင်းအတွက် ငါးဂိုးသွင်းယူပေးထားပြီး ရာသီကုန်ဆုံးပါက ဘွန်ဒက်လီဂါသွင်းဂိုး ၂၀ အထိ သွင်းယူသွားရန် ဆန္ဒရှိနေသူဖြစ်သည်။

ဂျွန်တယ်ရီမှာ မော်ရင်ဟို၏ နံပါတ်တစ်ကစားသမားဟုဆို

ချယ်လ်ဆီးအသင်း ခေါင်းဆောင် ဂျွန်တယ်ရီသည် ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟို၏ နံပါတ်တစ်ကစားသမား တစ်ဦးဖြစ်ကြောင်း နည်းပြမော်ရင်ဟိုက ထုတ်ဖော်ပြောကြားလိုက်သည်။

ထို့ပြင် ချယ်လ်ဆီးအသင်း၏ ဝါရင့်နောက်တန်းနှင့်ပတ်သက်၍လည်း ခရေစေ့တွင်းကျ ရှင်းပြနေရန်လည်း အကြောင်းပြချက်မရှိကြောင်း၊ ယင်းမှာ မိမိ၏ ခံစားချက်၊ မိမိ၏ စဉ်းစားတွေးခေါ်မှု၊ မိမိ၏ကစားကွက်ဗျူဟာတို့နှင့် စပ်လျဉ်း၍ ဂျွန်တယ်ရီအနေဖြင့် သိရှိနားလည်ထားပြီးဖြစ်သောကြောင့်ဖြစ်ကြောင်း ချယ်လ်ဆီးအသင်း နည်းပြမော်ရင်ဟိုက အာဆင်နယ်အား နှစ်ဂိုးပြတ်ဖြင့်အနိုင်ရရှိခဲ့ပြီးနောက် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်း ပွဲတစ်ခုတွင် ပြောကြားခဲ့သည်။

"ကျွန်တော်တို့နှစ်ယောက်ရဲ့ဆက်ဆံရေးကိုလည်း ဂျွန်တယ်ရီသိပါတယ်။ အဲဒါတင်မဟုတ်ပါဘူး။ တကယ်လို့ ကစားသမား ၂၅ ယောက်ရှိတဲ့အထဲက တစ်ဦးကို ရွေးချယ်ဖို့လိုအပ်ပြီဆိုရင် ဂျွန်တယ်ရီကို ပထမဦးစားပေးကစားသမားအဖြစ် ရွေးချယ်မယ်ဆိုတာလည်း ဂျွန်တယ်ရီ ကိုယ်တိုင်သိရှိထားပြီး ဖြစ်ပါတယ်။ တချို့ပွဲတွေမှာဆို နောက်တန်းခံစစ်ပိုင်းအားနည်းချက်တွေရှိလာရင် ဂျွန်တယ်ရီကိုထုတ်ပြီး လူစားလဲရတယ်ဆိုတာလည်း နည်းဗျူဟာပိုင်းအရသာဖြစ်ပါတယ်" ဟု မော်ရင်ဟိုက ဆိုသည်။

ငွေကြေယ် - စုစည်းသည်။

ဘားအံမြို့နယ်တွင် စိတ်ကြွဆေးပြားများနှင့် လက်ပစ်ဗုံးတစ်လုံး သိမ်းဆည်းရမိ

ဘားအံ စက်တင်ဘာ ၂၁

ဘားအံမြို့နယ် အုန်းတပင်ကျေးရွာ ဗျိုင်းတောင်ကျေးရွာတွင် စက်တင်ဘာ ၁၈ ရက်က စိတ်ကြွဆေးပြားများနှင့် လက်ပစ်ဗုံးတစ်လုံး သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၈ ရက်က ဘားအံမြို့နယ်ရဲတပ်ဖွဲ့ အိန္ဒိယနယ်မြေရဲစခန်း၏ အနောက်မြောက်ဘက် ၁၀ မိုင်ခန့်အကွာ ဘားအံမြို့နယ် အုန်းတပင်ကျေးရွာအုပ်စု ဗျိုင်းတောင်ကျေးရွာတွင် အကျော(ခ) သန်းစိုး(၃၃)နှစ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အကျော(ခ) သန်းစိုးမှာ နေအိမ်ပေါ်မှခုန်ချထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ နေအိမ်မှ ပေ ၅၀ ခန့်အကွာတွင် ဖမ်းဆီးရမိခဲ့ပြီး စိတ်ကြွဆေးပြား ၁၀ ပြား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ၦင်း၏နေအိမ်အား ဆက်လက်ရှာဖွေရာ ၉၁ လက်ပစ်ဗုံး တစ်လုံး၊ မူးယစ်ဆေး၀ါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများဖြစ်သော အရှည် ၀ါးလက်မခန့် သတ္တုကိုယ်ထည် ခြောက်လုံးပြူးသေနတ်ပုံ ၀က်(စ်)မီးခြစ်တစ်လုံး၊ ခြောက်လုံးပြူးထည့်သည့် သေနတ်အိတ်တစ်ခု၊ အစိမ်းရောင် ပြောက်ကျားအင်္ကျီ လက်ရှည်တစ်ထည်၊ အစိမ်းရောင် ပြောက်ကျား ဘောင်းဘီရှည်တစ်ထည်၊ ၀ါ/နက်ရောင်ပြောက်ကျား ဦးထုပ်တစ်လုံး၊ တောစီးလည်ရှည်သားရေဖိနပ် နှစ်ရံ၊ စစ်ရောင်ဘေးလွယ်အိတ် တစ်လုံး၊ ဆိုင်ကယ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အမှုနှင့်ပတ်သက်၍ မူးယစ်ဆေး၀ါးများ သုံးစွဲဖြန့်ဖြူးရောင်းချပြီး တရားမဝင် လက်နက်ခဲယမ်းများ လက်ဝယ်ထားရှိသူ အကျော(ခ) သန်းစိုးအား အိန္ဒိယနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထွန်းထွန်းထွေး(ဘားအံ)

ကားမော်တာရှော့ဖြစ်၍ အင်ဂျင်မီးလောင်

ရန်ကုန် စက်တင်ဘာ ၂၁

ရန်ကုန်မြို့ တာမွေမြို့နယ် (၁၅၂) လမ်းနှင့် ဗဟိုလမ်းထောင့်တွင် Liteage အဖြူရောင်ယာဉ်တစ်စီး စက်တင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းက မော်တာရှော့ဖြစ်၍ ကားအင်ဂျင်မီးလောင်မှုဖြစ်ပွားသည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း အောင်ကျော်စိုး (၂၇)နှစ် ဗဒုမ္မာလမ်း (၈)ရပ်ကွက် မြောက်ဥက္ကလာနေ မောင်းနှင်လာသော 8A/----- Liteage ယာဉ်သည် ဂက်စ်အိုးအရွယ်မျိုးစုံ ၁၆ လုံးတင်ဆောင်၍ တာမွေမြို့နယ် (၁၅၂)လမ်းထိပ်မှ စတင်၍ မော်တာရှော့ဖြစ်၍ အင်ဂျင်သို့ကူးစက်ပြီး မီးစတင်လောင်ကျွမ်းရာ (၁၅၂)လမ်းနှင့် ဗဟိုလမ်းထောင့် အမှတ်(၂၀/၂၂) အရောက်တွင် ကားရပ်တန့်သွားသည်။

အဆိုပါ မီးလောင်မှုကြောင့် ကားကူရှင်၊ ဒတ်ဘုတ်နှင့် အင်ဂျင်များ ပျက်စီးသွားပြီး ဂက်စ်အိုးများကို ဘေးလွတ်ရာသို့ပို့ထားကာ ယာဉ်မောင်းအား တာမွေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(လှလှ)

မော်တော်ယာဉ်အရှိန်မထိန်းနိုင်၍ လမ်းဘေးသစ်ပင် ဝင်တိုက်

ပွင့်ဖြူ စက်တင်ဘာ ၂၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ပွင့်ဖြူမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၀ ရက် ညနေ ၅ နာရီ ၁၅ မိနစ်ခန့်တွင် ပွင့်ဖြူမြို့နယ် ရှောက်တောကျေးရွာ အရှေ့ဘက် မင်းဘူး-ပွင့်ဖြူ- စလင်း-မန္တလေးသွားကားလမ်း မိုင်တိုင်အမှတ် ၃၅/၃ နှင့် ၃၅/၄ အကြားတွင် ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းအရ သက်သေများနှင့် အတူ သွားရောက်စစ်ဆေးခဲ့သည်။

မင်းဘူးဘက်မှ စလင်းဘက်သို့ မန္တလေးတိုင်းဒေသကြီး တံခွန်တိုင်မြို့နယ် ထိန်ကုန်းရပ်ကွက်နေသူ ဝင်းဇော်(၃၄)နှစ် မောင်းနှင်ပြီး ယာဉ်ပေါ်တွင် တံခွန်တိုင်မြို့နယ်နေသူ ယာဉ်ကြီးကြပ် ဦးလှထွန်းအောင် (၃၀)နှစ်၊ နောက်လိုက်ကိုပုနှင့် ခရီးသည် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်နေသူ မသီတာစိုး (၄၅)နှစ်တို့ လိုက်ပါလာသော 4C/---- FUSO Express အမျိုးအစား "ပန်တော်ဦး" ခရီးသည်တင်ယာဉ်သည် ရှောက်တောကျေးရွာအနီး လမ်းအကွေ့၌ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်သို့ထိုးကျကာ လမ်းဘေးရှိ ကင်ပွန်းခါးပင်အား ဝင်တိုက်မိပြီး ယာဉ်ပေါ်ပါ ဦးလှထွန်းအောင်နှင့် မသီတာစိုးတို့တွင် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

သန်းနိုင်ဦး(ငဖဲ)

အတွဲ(၅)၊အမှတ်(၂၁)
၂၂-၉-၂၀၁၅ အင်္ဂါနေ့ ထွက်ပြီ

ကုမုဒ်

အခက်အခဲတွေကြားက တိုင်းရင်းသူ အမတ်လောင်းများ

- ထွက်ပြေးနေတဲ့ ကားလိမ်ဂိုဏ်းအဖွဲ့ ကားတွေကို အစဖျောက်ဖို့ ကြိုးစားလာကြ
- မသန်ပေမဲ့ စွမ်းတဲ့ ကရင်အမျိုးသား ကိုယ်စားလှယ်လောင်း
- ဆရာ၀န်သမိုင်း မမည်းအောင် ဖဲကြိုးနက်လှုပ်ရှားမှု ဆက်လုပ်မည်
- နိုင်ငံတော်သမ္မတ စီးပွားရေးအကြံပေး ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်နှင့် တွေ့ဆုံခြင်း

The Sun ရှေ့နေ့ဆန်း Weekly News

နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး
သတင်းဝေဖန်သုံးသပ်ချက်တွေကို တစ်ဝကြီး ဖတ်ရှုချင်သူများ၊
ပါတီပေါင်း ၉၀ ကျော်၊ အမတ်လောင်းက ၆၀၀၀ ကျော် ဘယ်သူကို မဲပေးရမလဲ
ရွေးချယ်ရခက်နေသူများ၊ ရယ်စရာမောစရာ ဖတ်ရှုလိုသူများ၊
သားသမီးအတွက် အင်္ဂလိပ်စာသင်ခန်းစာ ရှာဖွေနေသူများအတွက်
စည်သူအောင်မြင့် စီစဉ်တည်းဖြတ်ပြီး
၂၄-၉-၂၀၁၅ မှ စတင်၍ အပတ်စဉ် သောကြာနေ့တိုင်း
ထွက်ရှိလာမည့် မွန်းတည့်နေသတင်းဂျာနယ်ကို စောင့်မျှော်ဖတ်ရှုကြပါ။
ဖြန့်ချိရေးဖုန်း - ၀၉၉၆၀၇၉၂၄၂၂

High Development Construction (HDC Co.,Ltd)

ဝန်ထမ်းအလိုရှိသည် (ရန်ကုန်မြို့တွင်းသာခန့်ထားရန်)

(1) Project Engineer — ကျား (၂) ဦး
B.E (Civil)
လုပ်ငန်းအတွေ့အကြုံ (၁၀)နှစ်

(2) Site Engineer — ကျား (၄) ဦး
B.E (Civil), B.Tech(Civil),A.G.T.I(Civil)
လုပ်ငန်းအတွေ့အကြုံ(၅)နှစ်

(3) Q.S Engineer — မ (၂) ဦး
B.E(Civil), B.Tech(Civil),A.G.T.I(Civil)
လုပ်ငန်းအတွေ့အကြုံ(၅)နှစ်

No(1,2,3)အတွက် Englishစကား ကျွမ်းကျင်ပိုင်နိုင်စွာ ပြောဆိုနိုင်ရမည်။ အရည်အချင်းပေါ်မူတည်ပြီး လစာညှိနှိုင်းပေးမည်။ လျှောက်ထားလိုသူများသည် စာရွက်စာတမ်းအပြည့်အစုံနှင့်တကွ ကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အမှတ်(၁၂၂/B)၊ သစ္စာလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်သို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

ဖုန်း ၀၁-၅၆၉၃၁၆၊ ၀၉-၂၅၁၃၅၆၉၀၊ ၀၉-၄၂၈၁၃၀၉၀

ဖုန်း 380164 09 5017088 09250640699

ခရီးစဉ်အမျိုးမျိုးနှင့် လချုပ် ကားမျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၅ယ/၃၄၆၂၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးမြင့်စိုး(၉/တကန(နိုင်)၀၉၀၉၇၂)မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရေန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြေငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါနံပါတ်သို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညနု
ခမ္ပိုင်နွဲ(ရမည်းသင်း)

KMD Education Services

ကွန်ပျူတာသင်တန်းအပ်နှံသူတိုင်းအတွက် ခုအပ်၊ ခုပေါက် ဗလာမပါကံစမ်းမဲအစီအစဉ်...

၂၃ ရက်၊ စက်တင်ဘာလ ၂၀၁၅ (ဗုဒ္ဓဟူးနေ့)

Application & Professional Courses **20% TO 30% OFF** — ကမ္ဘာအေးစင်တာ - ကမ္ဘာအေးဘုရားလမ်း၊ စာတိုက်မှတ်တိုင်အနီး

Application & Professional Courses **15% TO 30% OFF** — (တာမွေစင်တာ) (သိမ်ကြီးဈေးစင်တာ)

ISO 9001:2008 Cert. No. 683180

တာမွေ (၁)ဗျိုင်းရည်အိုးစင်၊ (၂) ကျိုက္ကဆံလမ်း - ၅၄၁၃၂၂၈၊ ၅၄၆၆၀၀ | သိမ်ကြီးဈေး(စီရုံ) - ၃၈၄၂၆၈၊ ၃၈၄၆၄၁ | ကမ္ဘာအေး(သာသနာရေးဝင်း) - ၆၆၀၈၈၇

သတင်းတို

ဆရာ၊ ဆရာမများအား ရှေးဦးသူနာပြုစုခြင်း ဆိုင်ရာသင်တန်း ကျွန်းလှမြို့နယ်တွင် ဖွင့်

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့၌ အခြေခံပညာ ဆရာ၊ ဆရာမများအား ကြက်ခြေနီရှေးဦးသူနာပြုစုခြင်း ဆင့်ပွားသင်တန်းဖွင့်ပွဲကိုစက်တင်ဘာ ၂၀ ရက် နံနက်၁၀နာရီက အ-ထ-က(ခွဲ) သစ်ရာမြိုင် ရပ်ကွက်ကျောင်းတွင် ကျင်းပခဲ့သည်။ အခမ်းအနားတွင်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ညွန့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးကျော်နိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသောင်းဟိန်း၊မြို့နယ်ဒုတိယပညာရေးမှူးဦးဟန်ဝင်းဇော်တို့က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးမှူးအဆင့်(၁) ဦးအောင်မင်းက ရှေးဦးသူနာပြုစုခြင်းဆိုင်ရာများ ပြောကြားခဲ့သည်။ အဆိုပါသင်တန်း သို့အခြေခံပညာဆရာ၊ ဆရာမ ၃၀ တက်ရောက်ကြပြီးသင်တန်းကာလမှာ ငါးရက်ကြာမည်ဖြစ်သည်။ **မျိုးဝင်းညီ(ကျွန်လှ)**

မန္တလေးမြို့၌ယာဉ်မရပ်ရဆိုင်းဘုတ်များဖယ်ရှားပေးရန် အသိပေး

မန္တလေး စက်တင်ဘာ ၂၁

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနယ်နမိတ် ခြောက်မြို့နယ်အတွင်း အိမ်၊ ဆိုင်၊ ကုမ္ပဏီ၊ ဘဏ်များ၏ ဥပစာရှေ့လမ်း၊ လမ်းမြေ၊ ယာဉ်ရပ်နားမှုပြုနိုင်သောနေရာများတွင် ယာဉ်မရပ်ရ ဆိုင်လာယာဉ်များသာ ရပ်ရန်၊ ကုမ္ပဏီ၊ ဘဏ်လာယာဉ်များသာရပ်ရန် စသည့်ဆိုင်းဘုတ်များ၊ အရံအတားပစ္စည်းများ ချထားဆောင်ရွက်ခြင်း၊ ကုမ္ပဏီအရောင်းပစ္စည်းတို့၏ ကြော်ငြာဆိုင်ဘုတ်များကို ပလက်ဖောင်း၊ ရေမြောင်းလမ်း၊ လမ်းမြေများပေါ်သို့ ကျူးကျော်ချထားဆောင်ရွက်ခြင်း၊ ကျူးကျော် တည်းခင်းရောင်းချခြင်းများကို ဖယ်ရှား ဖျက်သိမ်းဆောင်ရွက်သွားရန်နှင့် လိုက်နာဆောင်ရွက်မှုမရှိပါက စည်ပင်ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက အသိပေး ထုတ်ပြန် ကြေညာလိုက်သည်။

အဆိုပါ မန္တလေးမြို့တော်အတွင်းရှိ လမ်းဥပစာများတွင် ထိုယာဉ်မရပ်ရ ဆိုင်းဘုတ်များမှာ ရောရာယူထားမှုမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာပြီး လမ်းမများပေါ်သို့ ကျူးကျော်နေရာယူချထားမှုကြောင့် လမ်းသွားလမ်းလာများနှင့် ယာဉ်များအတွက် အခက်အခဲများဖြစ်ပေါ်လာကြောင်း ယင်းမြို့တွင် နေထိုင်သူ မြို့ခံတစ်ဦးက ပြောသည်။

သီဟကိုကို(မန္တလေး)

စားသုံးရန်မသင့်သော အေးခဲအသားများ တာချီလိတ်တွင် မီးရှို့မြေမြှုပ်ဖျက်ဆီး

တာချီလိတ် စက်တင်ဘာ ၂၁

Mobile Team က အများပြည်သူစားသုံးရန်မသင့်၍ မော်တော်ဆိုင်ကယ်လေးစီးပေါ်မှ တရားမဝင် သယ်ဆောင်လာသော ပီနံအိတ် ခြောက်အိတ်အတွင်းမှ သိမ်းဆည်းထားသော အေးခဲအသား ၂၉၉ ကီလို၊ ခန့်မှန်းတန်ဖိုးကျပ် ၈၉၇၀၀၀ ရှိ FDA ထောက်ခံချက်မပါရှိသော အေးခဲသားများကို တာချီလိတ်မြို့ ဝမ်ကောင်းမွန်ကျေးရွာအနီး၌ စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်က စနစ်တကျ မီးရှို့မြေမြှုပ်ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ယင်းသို့ဖျက်ဆီးရာတွင် စုစုပေါင်း အလေးချိန် ၂၉၉ ကီလို၊ ခန့်မှန်းတန်ဖိုးကျပ် ၈၉၇၀၀၀ရှိ FDA ထောက်ခံချက်မပါရှိသော ထိုင်းနိုင်ငံမှ ကြက်ဥများ၊ Kitchen of the World CP တံဆိပ်ပါ အေးခဲကြက်သားများ၊ တံဆိပ်မပါသော အသားတုနှင့် အေးခဲအသားများဖြစ်သည်။

အဆိုပါ အသားတုနှင့် အေးခဲအသား၊ ကြက်ဥများအား ကြီးကြပ်မှုအဖွဲ့ခေါင်းဆောင် ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ရဲဝင်း ဦးဆောင်သောအဖွဲ့များက တာချီလိတ်မြို့ ဝမ်ကောင်းမွန် ကျေးရွာအနီး၌ စနစ်တကျ မီးရှို့မြေမြှုပ်ဖျက်ဆီးခဲ့ကြောင်း သိရသည်။

မော်ကြီး(တြိုဂံနယ်မြေ)

IYB သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၁

ILO ၏ ဦးဆောင်ကာ SMTT တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကြီးကြပ်ဖွင့်လှစ်ခဲ့သော IYB သင်တန်း ဆင်းပွဲအား ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အင်းလျားကန်ပေါ်ရှိ စိမ်းလန်းစိုပြည်စားသောက်ဆိုင် Deck (D-2) ခန်းမဆောင်၌ စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၃ နာရီက ကျင်းပခဲ့သည်။

ထို့နောက် သင်တန်းကျောင်းအုပ်ကြီးနှင့် သင်တန်းတွင်တာဝန်ရှိသော ဆရာ၊ ဆရာမတို့က သင်တန်းသူ၊ သင်တန်းသားတို့အား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးခဲ့ပြီး ILO မှ Miss Enine Sweet က သင်တန်းနည်းပြဆရာ၊ ဆရာမတို့အား ကျေးဇူးတင်ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့သည်။

သင်တန်း၌ သင်တန်းသား ၂၉ ဦးနှင့် သင်တန်းသူ ခုနစ် ဦး၊ စုစုပေါင်း သင်တန်းသား ၃၆ ဦးတို့သည် တစ်ပတ်တစ်ရက်နှုန်းဖြင့် ဩဂုတ် ၂၉ ရက်မှ စတင်၍ စက်တင်ဘာ ၁၉ ရက်အထိ လေးပတ်မြောက် တက်ရောက်ခဲ့ကြသည်။

ရွှေတိုင်လွင်

ရန်ကုန်–မန္တလေးအမြန်လမ်းမှ သေဆုံး၊ဒဏ်ရာရရှိသည့် ယာဉ်မတော်တဆမှုအား အာမခံလျော်ကြေးပေးအပ်

မိတ္ထီလာ စက်တင်ဘာ ၂၁

မန္တလေး-မြဝတီခရီးစဉ်ပြေးဆွဲသည့် မန်းရွှေမြို့တော်ယာဉ်လိုင်းမှ ခရီးသည်တင် မော်တော်ယာဉ်တစ်စီးသည် စက်တင်ဘာ ၁၉ ရက် နံနက် ၅ နာရီ မိနစ် ၃၀ ခန့်က ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင် ၂၈၁ အနီးတွင် ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ရာ ယာဉ်ပေါ်ပါခရီးသည်တစ်ဦး သေဆုံးခဲ့ပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့သည်။

မန်းရွှေမြို့တော်ယာဉ်လိုင်းသည် အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်းတွင် အထူးခရီးသွားအာမခံထားရှိသဖြင့် မိတ္ထီလာမြို့ရှိ ကမ္ဘောဇအာမခံလုပ်ငန်းမှ တာဝန်ရှိသူများသည် သတင်းရလျှင်ရခြင်း ထိခိုက်ဒဏ်ရာရရှိသူများအား သွားရောက်ကူညီပေးခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် သေဆုံးသူ ဒေါ်ကြည်ကြည်ဝင်း(မူဆယ်)အတွက် အကျိုးခံစားခွင့်ရှိသူအား အပြည်ပြည်ဆိုင်ရာကမ္ဘောဇအာမခံလုပ်ငန်း အထက်မြန်မာပြည်တာဝန်ခံ ဦးဝင်ဦးမှ လျော်ကြေးငွေကျပ်သိန်း ၃၀ အား စက်တင်ဘာ ၁၉ ရက် ညနေ မိတ္ထီလာရုံးခွဲတွင် ပေးအပ်ခဲ့ပြီး ဒဏ်ရာရရှိသူ ၁၁ ဦးအတွက် ကနသီးဆေးကုသစရိတ် ကျပ်တစ်သိန်းစီကို မိတ္ထီလာဆေးရုံတွင် ပေးအပ်ခဲ့သည်။

မော်တော်ယာဉ်ဂိတ်များက အထူးခရီးသွားအာမခံကို ခရီးသည်တစ်ဦးလျှင် တစ်ယူနစ် ကျပ် ၃၀၀ ဖြင့် ရောင်းချလျက်ရှိပြီး အကျိုးခံစားခွင့်အနေဖြင့် သေဆုံးမှုအတွက် ကျပ်သိန်း ၃၀ နှင့် ဒဏ်ရာရရှိမှုအပေါ်မူတည်၍ ကျပ် ၂၄ သိန်းအထိ ပေးလျော်ကြောင်း သိရသည်။ **မောင်ဖြည်သူ (မန္တလေး)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် အောင်ဗောဓိဘုရားဝင်းတွင် စုပေါင်းသန့်ရှင်းရေးပြုလုပ်

ရန်ကုန် စက်တင်ဘာ ၂၀

မြန်မာနိုင်ငံရဲတပ်ဖွဲ့ (၅၁) နှစ်မြောက် နှစ်ပတ်လည်နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီးမြင့် ထွေး၏ ဦးဆောင်လမ်းညွှန်မှုဖြင့် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၂၀) ရပ်ကွက် အောင်ဗောဓိဘုရားဝင်း အတွင်း၊ အပြင် စုပေါင်းသန့်ရှင်းရေး လုပ်အားပေးဆောင်ရွက်ခဲ့သည်။

အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ ဒဂုံတောင်ပိုင်းမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒေါပုံမြို့နယ်၊ ဒဂုံအရှေ့မြို့နယ်၊ သာကေတမြို့နယ် မှားမှ ရဲတပ်ဖွဲ့ဝင် စုစုပေါင်းအင်အား ၂၀၀ ဦးဖြင့် စေတီတော်ဝင်းအတွင်း အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ မြက်ရိုင်းများ၊ အမှိုက်သရိုက်များ၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးတို့ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၅၉၈)**

နွားထိုးကြီးမြို့နယ် လျှော်ဖြူရွာ၌ ရေချိုစက်ရေတွင်းတူးဖော်အောင်မြင်

နွားထိုးကြီး စက်တင်ဘာ ၂၁

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ဘူးကိုင်းကျေးရွာအုပ်စု လျှော်ဖြူရွာသည် ရေချိုရှားသော ကျေးရွာပင်ဖြစ်ပြီး မိုးကုတ်မြို့နယ် ဂိစ္စကုတ်ရပ်ရေ အလျှုရှင်ဦးအောင်ကျော်-ဒေါ်မိမိငယ် မိသားစုမှ စက်ရေတွင်းတစ်တွင်း တူးဖော်လျှုဒါန်းရာ ပေ ၄၀၀ ကျော်တွင် ရေချိုတွေ့ရှိကာ ရေချိုတွင်းတူးဖော်မှု အောင်မြင်ခဲ့ကြောင်း သိရသည်။

နွားထိုးကြီးမြို့နယ်အတွင်းရှိ ကျေးရွာအများစုမှာ ရေငန်များသာ ထွက်ရှိ၍ တိရစ္ဆာန်သောက်သုံးရေနှင့် အခြားအသုံးပြုရန်အတွက်သာ အသုံးပြုနိုင်ပြီး သောက်သုံးရန်အတွက်ရေချိုကို ကျေးရွာနှင့် သုံးမိုင်ခန့်အကွာရှိ ရေချိုတွင်းကို သွားရောက်ခပ်ငင်ကာ သုံးစွဲကြရသည်။

စက်တင်ဘာ ၁၉ ရက်က အလျှုရှင်မိသားစုမှ စက်ရေတွင်း၊ ရေချိုတွင်းကို ရေစက်သွန်းချလျှုဒါန်းပွဲကျင်းပခဲ့ပြီး စက်ရေတွင်းတူးဖော်လျှုဒါန်းမှုတွင် ငွေကျပ်သိန်း ၂၀ ကျော်ကုန်ကျခဲ့သည်။

အဆိုပါ စက်ရေတွင်းမှ ရေချိုထွက်ရှိမှုအတွက် ရေငန်ရရှိနေသော ယင်းကျေးရွာမှ ကျေးရွာသူ၊ ကျေးရွာသားများ ဝမ်းသာမှုဖြစ်ကာ ယင်းလျှော်ဖြူကျေးရွာ၏ရွာရှေ့တွင်ပင် ရေချိုရရှိသည့်အတွက် သောက်သုံးရန်နှင့်ချက်ပြုပ်ရန်ကို အလွယ်တကူ ခပ်ယူနိုင်မည်ဖြစ်သည်။ **တိမ်တမန်**

ဝက်လက်အထက်၌ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ

ဝက်လက် စက်တင်ဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် စက်တင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ကျင်းပခဲ့သည်။

ဆက်လက်၍ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အမှတ်အများဆုံးဖြင့် အောင်မြင်ခဲ့သော ကျောင်းသူ မဝင်းဝင်းခိုင်အား ဦးဉာဏ်ထွန်း ပညာသင်ဆုကိုလည်းကောင်း၊ ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူ ၄၁ ဦးကိုလည်းကောင်း၊ ပဉ္စမတန်းမှ နဝမတန်းအထိ အတန်းလိုက် ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများကိုလည်းကောင်း၊ ထူးချွန်အောင် သင်ကြားပေးခဲ့ကြသော ဆရာ၊ ဆရာမများကိုလည်းကောင်း၊ နိုင်ငံတော်သမ္မတ၏ ထူးချွန်ဆရာရွေးချယ်ပွဲ ဝင်ရောက်ဖြေဆိုခဲ့ကြသော ဆရာ၊ ဆရာမများကိုလည်းကောင်း တာဝန်ရှိသူများက အသီးသီးဆုများ ချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။ **နန်းမြင့်(ဝက်လက်)**

မော်လမြိုင်တွင် ငါးနှစ်တာအတွင်း ဆိုက်ကားများရှားပါးလာကာ ဆိုက်ကား ၃၃၀၀ ကျော် လျော့နည်း

မော်လမြိုင် စက်တင်ဘာ ၂၁

မော်လမြိုင်တွင် တဖြည်းဖြည်းတိုးတက်များပြားလာသော ဆိုင်ကယ်တက္ကစီများကြောင့် ငါးနှစ်တာအတွင်း အနေးယာဉ်ဆိုက်ကား လေးရာခိုင်နှုန်းခန့်သာရှိတော့ကြောင်း မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးရုံး၏ စာရင်းဇယားများအရ သိရသည်။

မော်လမြိုင်တွင် လွန်ခဲ့သောငါးနှစ်ခန့်က ဆိုက်ကားစီးရေ ၃၄၃၄ စီးရှိခဲ့ရာမှ နှစ်စဉ် တဖြည်းဖြည်းလျော့နည်းလာရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အစီးရေ ၁၂၂ စီးခန့်သာကျန်ရှိသောကြောင့် ငါးနှစ်အတွင်း ၃၃၁ စီးလျော့နည်းသွားကြောင်း အဆိုပါစာရင်းများအရ သိရသည်။

"ဟိုနားသည်နားသွားရင် ဆိုက်ကားကိုပဲ အားထားကြတယ်။ အခု အလုပ်မရှိရင် ဆိုင်ကယ်မောင်းဆိုတဲ့အတိုင်း အလုပ်မရှိတဲ့သူတွေ၊ ယိုးဒယားပြန်တွေဟာ ဆိုင်ကယ်ပဲ ကယ်ရီဆွဲနေကြတဲ့အတွက် ဆိုက်ကားဂိတ်တွေဟာ ဆိုင်ကယ်ဂိတ်ဖြစ်မှန်းမသိဖြစ်လာတယ်" လို့ အသက် ၆၀ ရှိပြီး အနှစ် ၄၀ ဆိုက်ကားနင်းလာသူတစ်ဦးက ပြောသည်။

ဆိုင်ကယ်တက္ကစီမောင်းသူတစ်ဦးက သူအိမ်ထောင်ကျစ ၁၉ နှစ်အရွယ်ကစ၍ ကလေးသုံးယောက်ရသည်အထိ ဆိုက်ကားနင်းခဲ့ကြောင်း၊ ထိုအချိန်က အဆင်ပြေကြောင်း၊ ဆိုင်ကယ်တက္ကစီများပေါ်လာသည့်အချိန်တွင် လူအများစု ဆိုက်ကားစီးနင်းခြင်းမရှိတော့ဘဲ ခရီးရောက်မြန်သည့် ဆိုင်ကယ်များသာ စီးတော့ကြောင်း၊ ဆိုင်ကယ်သမားများ ကလည်း ဆိုက်ကားဈေးနှုန်းအတိုင်းသွားနေကြသောကြောင့် ဈေးဦးမပေါက်သည့် နေ့များတောင်ရှိကြောင်း၊ နောက်ဆုံး မိမိအနေဖြင့် ဆွေမျိုးများ စုပေးသည့်ပိုက်ဆံဖြင့် ဆိုင်ကယ်အဟောင်းတစ်စီး ဝယ်ပြီး ဆိုင်ကယ်ကယ်ရီသမားဖြစ်လာခဲ့ကြောင်း သူ့ဘဝ ဖြစ်စဉ်ကိုပြောပြသည်။

လက်ရှိ ဆိုက်ကားများကို မြို့အစွန်အဖျားများတွင်သာ တွေ့ရပြီး မြို့အတွင်းတွင် ဆိုင်ကယ်များသာ တွေ့ရသည်။

"ဆိုက်ကားရောင်းမယ့်သူပဲရှိတယ် ဝယ်မယ်သူမရှိဘူး။ အုံနှာခလည်း ၅၀၀ ပဲရတယ်။ ရောင်းရင်လည်း သုံးသောင်း ဝန်းကျင်ပဲပေးတယ်။ ဆယ်သိန်းလောက်ပေးရတဲ့ ဆိုင်ကယ်ကျတော့ လိုင်စင်ခ နှစ်ထောင် သုံးထောင်နဲ့ သက်တမ်းနှစ်နှစ်စာရတယ်။ ဆိုက်ကားက တစ်နှစ်တည်းနဲ့ ငါးထောင်ပေးရတဲ့အတွက် လိုင်စင်လည်းမလုပ်တော့ဘူး။ နင်းလည်းမနင်းတော့ဘူး" ဟု ယခင်က ဆိုက်ကားနင်းခဲ့သူတစ်ဦးက ပြောသည်။

မော်လမြိုင်မြို့သည် လွန်ခဲ့သောဆယ်စုနှစ်က ဆိုက်ကားထောင်စားခြင်းလုပ်ငန်း ကျယ်ပြန့်စွာတည်ရှိခဲ့ပြီး အုံနှာတစ်ဦးလျှင် အနည်းဆုံး နှစ်စီး၊ သုံးစီးမှ အစီးနှစ်ဆယ်ထိ စီးပွားဖြစ်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ဆက်နေမင်းအောင်

(၅၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုသောအားဖြင့် ရွှေစာရံစေတီတော်တွင် သန့်ရှင်းရေးစုပေါင်းဆောင်ရွက်

သထုံ စက်တင်ဘာ ၂၁

၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင်ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ (၅၁) နှစ်မြောက် နှစ်ပတ်လည်နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၉ ရက် နံနက် ၇ နာရီက သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးခင်မောင်မြင့် ဦးဆောင်သော ခရိုင်ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများစုပေါင်းကာ အင်အား ၂၀၀ ခန့်ဖြင့် သထုံမြို့၏ကျက်သရေဆောင် ရွှေစာရံစေတီတော်မြတ်ကြီး ရင်ပြင်တော်နှင့် ဝန်းကျင်သန့်ရှင်းသာယာ လှပစေရေးအတွက် သန့်ရှင်းရေးလုပ်ငန်းများကို တပျော်တပါး စုပေါင်းဆောင်ရွက် ကုသိုလ်ပြုခဲ့ကြသည်။

အဆိုပါကုသိုလ်ပြုသူများအား ရွှေစာရံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်ဦးနှင့် တာဝန်ရှိသူတို့က ကျေးဇူးတင်စကားများပြောကြားကာ အာဟာရများဖြင့် လျှဒါန်းပေးခဲ့ကြသည်။ သထုံခရိုင်ရဲတပ်ဖွဲ့အနေဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၂၆ ရက်တွင် သထုံခရိုင် ပြည်သူ့ဆေးရုံကြီး၌ ဇီဝိတဒါနအဖြစ် စုပေါင်းသွေးလျှဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ချောက်မြို့ အောင်သိဒ္ဓိကုန်းတော်ပေါ်ရှိ ရွှေတိဂုံပုံတူ ရတနာမာန်အောင်စေတီတော်မြတ်ကြီး ပန်းလည်တိုင်စိုက်ထူပွဲတော် အခမ်းအနားပြုလုပ်

ချောက် စက်တင်ဘာ ၂၁

မကွေးခရိုင် ချောက်မြို့ အမှတ် (၁၀) ရပ်ကွက် အေးစေတီရပ် မဟာဝိဇိတာရုံ ဆင်ဖြူကျွန်းကျောင်းတိုက်၊ အောင်သိဒ္ဓိကုန်းတော်ပေါ်ရှိ ရွှေတိဂုံပုံတူ ရတနာမာန်အောင်စေတီတော်မြတ်ကြီး ပန်းလည်တိုင်စိုက်ထူပွဲတော် အခမ်းအနားအား စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ရာ အခမ်းအနားသို့ မဟာဝိဇိတာရုံ ဆင်ဖြူကျွန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဥာဏိန္ဒနှင့် ပင့်သံယာများ၊ ပြည်ထဲရေးဝန်ကြီးဌာနရုံးအဖွဲ့မှူး ဒေါက်တာပြုံးချိုနှင့် မိသားစုဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်နှင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ စုစုပေါင်း ၁၀၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပေးခဲ့ပြီး ဒေါက်တာပြုံးချိုနှင့် တက်ရောက်လာသူများက အနန္တောအနန္တင်ငါးပါးအား ပူဇော်ကန်တော့ခြင်း၊ ဆရာတော် ဘဒ္ဒန္တဥာဏိန္ဒထံမှ ကိုးပါးသီလခံယူခြင်း၊ ပရိတ်သဝဏ၊ ပရိတ်ရေ၊ ပရိတ်ကျောက်၊ ပန်းလည်တိုင်၊ လှူဖွယ်ပစ္စည်းများအား ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းခြင်း၊ ဆရာတော်ကြီးများမှ ပရိတ်တရားတော်များဖတ်ကြားခြင်း၊ ရေစက်ချ အမျှဝေခြင်းများ ပြုလုပ်ခဲ့သည်။

ဆက်လက်၍ ဘုရားဒကာများမှ ပန်းလည်တိုင်ကို လက်ယာရစ်သုံးပတ်လှည့်လည် ပူဇော်ခြင်း၊ အရှေ့မြောက်ထောင့် ယာယီပလ္လင်၌ ခေတ္တထားရှိကာ ပန်းလည်တိုင်အား အရှေ့မြောက်ထောင့်မှ အရှေ့တောင်ထောင့်သို့ မျက်နှာမူ၍ ဘုရားပေါ်သို့ပင့်ဆောင်ခြင်း၊ အလှူရှင်များနှင့် တာဝန်ခံအသီးသီးမှ သရဏဂုံရွတ်ဖတ်ပူဇော်ကာ ပန်းလည်တိုင်စိုက်ထူခြင်းများ ဆောင်ရွက်ခဲ့သည်။

ယင်းနောက် သတ္တဌာနရုပ်ပွားတော်မြတ်များအား ဌာပနာသွင်းလှူပူဇော်ခြင်း၊ ရုပ်ပွားတော်မြတ် လေးဆူအား ကဏ္ဍကုဋ္ဌိတိုက်အတွင်း ထည့်သွင်းကာ ရွှေမိုးငွေမိုးရွာသွန်းခြင်းများ ဆောင်ရွက်ခဲ့သည်။

ဇေယျတု(မကွေး)

ယင်းမာပင်ခရိုင် ပုလဲမြို့တွင် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးညှိနှိုင်းမှုကော်မတီ အစည်းအဝေးကျင်းပ

ပုလဲ စက်တင်ဘာ ၂၁

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတပြီး တည်ငြိမ်အေးချမ်းစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးညှိနှိုင်းမှုကော်မတီအစည်းအဝေးကို စက်တင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီခွဲက စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ ပုလဲရတနာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ယင်းမာပင်ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်က "မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေများ၊ မဲဆွယ်စည်းရုံးရေးကာလတွင် လိုက်နာရန်ညွှန်ကြားထားသည့် (၁/၂၀၁၄) ညွှန်ကြားချက်၊ ပါတီများကိုယ်တိုင်ရေးဆွဲထားပြီး လက်မှတ်ရေးထိုးထားသည့် လွတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ပါတီဝင်များလိုက်နာရမည့် ကျင့်ဝတ် (Code of Conduct) တို့ကို လေ့လာမှတ်သားချက်ရှိ လိုက်နာပြီး ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတပြီး တည်ငြိမ်အေးချမ်းစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ကြရန်လိုပါတယ်" ဟု ပြောကြားခဲ့သည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွဋ်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုက ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး အစီအမံများ စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် ပေါင်းစပ်ကူညီဆောင်ရွက်ထားရှိမှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်က လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မင်းခန့်စိုး(ဧယျာမြေ)

မြစိမ်းရောင် (ငါးကဏ္ဍာ) ကျေးရွာရန်ပုံငွေပေးအပ်

မြင်းခြံ စက်တင်ဘာ ၂၁

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါးလုပ်ငန်းဦးစီးဌာနရုံးခန်းမတွင် မြစိမ်းရောင် (ငါးကဏ္ဍာ) ကျေးရွာရန်ပုံငွေပေးအပ်ပွဲကို စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်ခဲ့သည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသများ ဖွံ့ဖြိုးလာစေရန်ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးမြင့်မားလာစေရန်နှင့် ကျေးလက်၊ မြို့ပြကွာဟချက် ကျဉ်းမြောင်းလာစေရန်မျှော်မှန်းပြီး ငါးလုပ်ငန်းအခန်းကဏ္ဍနှင့်ပတ်သက်၍လည်း ငါးထုတ်လုပ်မှုတိုးတက်မြင့်မားလာစေရေး ၊ စားနပ်ရိက္ခာဖူလုံရေး၊ ငါးကဏ္ဍနှင့်ပတ်သက်၍ တစ်ဦးချင်းဝင်ငွေတိုးတက်မြင့်မားလာစေရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါရည်ရွယ်ချက်များအောင်မြင်စေရန်အတွက် မြစိမ်းရောင် (ငါးကဏ္ဍာ) ကျေးရွာအရင်းမပျောက်မတည်ရန်ပုံငွေအဖြစ် လေးအိမ်တန်းကျေးရွာနှင့် တန်းဆောင်းကျေးရွာများသို့ ငွေကျပ်သိန်း ၃၀၀ စီပေးအပ်ခဲ့ကြောင်းသိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

ခမောက်ကြီးမြို့ ရေဘေးသင့်ပြည်သူများသို့ ကမ်းနီးငါးလုပ်ငန်းရှင်များအသင်းမှ အလှူငွေနှင့် လုပ်အားဒါနများ ပေးလှူ

ကော့သောင်း စက်တင်ဘာ ၂၁

ကော့သောင်းခရိုင် ခမောက်ကြီးမြို့တွင် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းမှစတင်၍ စက်တင်ဘာ ၁၇ ရက်ထိ မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် တောင်ကျရေများ စီးဆင်း၍ ချောင်းရေလျှံမှုများ ဖြစ်ပွားခဲ့ရာ ဒေသခံပြည်သူများ ရေဘေးဒုက္ခကြုံတွေ့ခဲ့ကြသဖြင့် ကော့သောင်းခရိုင် ကမ်းနီးငါးလုပ်ငန်းရှင်များ အသင်းမှ ရေဘေးသင့်ပြည်သူများသို့ အစားအသောက်ပစ္စည်းများ၊ အလှူငွေများနှင့် လုပ်အားဒါနများ ပေးလှူခြင်းကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက သွားရောက်ဆောင်ရွက်ကြကြောင်း သိရသည်။

အဆိုပါအစီအစဉ်တွင် ကော့သောင်းခရိုင် ကမ်းနီးငါးလုပ်ငန်းရှင်များအသင်းမှ အသင်းသူ၊ အသင်းသားများ၊ ခမောက်ကြီးမြို့နယ်မြေခံ ပရဟိတအဖွဲ့များဖြင့် ပူးပေါင်းကာ ရေဘေးသင့်ပြည်သူများအား ကူညီစောင့်ရှောက်ပေးထားသည့် ယာယီကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကြသည်။

ယင်းနေ့က ဆန်နှင့် အစားအသောက်ပစ္စည်းများ ပေးဝေလျှဒါန်းခြင်း၊ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအား ထောက်ပံ့ငွေများလျှဒါန်းပေးအပ်ခြင်း၊ ပြည်သူများနေအိမ်ဝန်းကျင်အား သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြသည်။ ယင်းအပြင် ရေလွှမ်းမိုးမှုကြောင့်ပျက်စီးခဲ့ရသည့် အများပြည်သူသုံးရေတွင်းများအားပြန်လည်အသုံးပြုနိုင်ရေး၊ သန့်စင်တူးဖော်နိုင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း–ပြန်/ဆက်)

ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

တာဝတိံသာနတ်ပြည်ရောက် ဗိမာန်ရှင်များနှင့် အပါယ်ဘုံရောက် ပြိတ္တာဘဝများ (ဓမ္မေခဆရာတော် အရှင်ကုဝေရသာရ)

ဓမ္မေခဆရာတော် အရှင်ကုဝေရသာရ ရေးသားပြုစုသည့် "သာဝတိံသာနတ်ပြည်ရောက် ဗိမာန်ရှင်များနှင့် အပါယ်ဘုံရောက်ပြိတ္တာဘဝများ" စာအုပ်တွင်ကုသိုလ်ကောင်းမှုပြုသူများ ယခုဘဝတွင်သာမက နောင်ဘဝသံသရာ၌ပါ ကောင်းကျိုးချမ်းသာများ ခံစားရရှိပုံနှင့် အကုသိုလ်ဒုစရိုက်များ ကျူးလွန်ပါက မကောင်းသောအပါယ်ဘုံဘဝ ကျရောက်တတ်ပုံများကို ဗုဒ္ဓဘာသာဝင် ရင်သွေးငယ်များဖတ်မှတ် သံဝေရယူနိုင်ရန် ဆေးရောင်စုံသရုပ်ဖော်ပုံများဖြင့် ရှင်းလင်းဖော်ပြထားသည်။

စာရေးသူ ဓမ္မေခဆရာတော် အရှင်ကုဝေရသာရက "ဘဝသံသရာဆိုတာ ကံတရားရဲ့စွမ်းအင်များနဲ့ လည်ပတ်နေကြရတဲ့ စက်ဝိုင်းကြီးပါလား" လို့ ကလေးတို့သဘောပေါက်လာကြလိမ့်မယ်။ ဒါကြောင့် ကလေးတို့အတွက် ကောင်းကျိုးနဲ့ မကောင်းကျိုး၊ အမှောင်နဲ့အလင်း၊ အထက်နဲ့အောက်၊ စိတ်ယုတ်နဲ့စိတ်မြတ်ယှဉ်တွဲထားတဲ့ ပုံပြစာအုပ်နဲ့ မိတ်ဆက်လိုက်ပါတယ်။ ကလေးတို့ မကောင်းမှုရှောင် ကောင်းမှုကိုဆောင်နိုင်ကြပါစေဟူ၍ ဆန္ဒပြုရေးသားဖော်ပြထားသည်။

ယခုစာအုပ်ကို စာပေနန်းတော် အမှတ်(၁၃၈/၁၄၀)ပထမထပ် ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၉ ၂၆၀၂၄၅၂၂၄၊ ၀၉ ၇၃၁၄၀၉၃၀၄၊ ၀၉ ၇၃၁၄၀၉၃၆မှ တန်ဖိုးငွေကျပ် ၀၅၀၀ ဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

အမေရိကန်တစ်ယောက်လိုအင်္ဂလိပ်စကားအလှဆင်ပြောရအောင်

ဆရာဦးကြည်ရွှင်ဘာသာပြန်ဆိုသော အမေရိကန်တစ်ယောက်လို အင်္ဂလိပ်စကားအလှဆင်ပြောရအောင် စာအုပ်ထွက်ရှိလာပါသည်။ အမေရိကန်သုံး အင်္ဂလိပ်စကားပြောဆိုရာတွင် သာမန်ရိုးရိုး အင်္ဂလိပ်စကားပြော ကျွမ်းကျင်မှုမှသည် အမေရိကန်အင်္ဂလိပ် အီဒီယမ်အသုံးများဖြင့် ပြောဆိုလိုသူများအတွက် အသုံးဝင်စေသော စာအုပ်တစ်အုပ်ဖြစ်သည်။ ဤစာအုပ်ကို လေ့လာခြင်းဖြင့် ဤစာအုပ်ပါသင်ခန်းစာများက ထိရောက်စွာ အထောက်အကူပြုပေးမည်ဖြစ်ပါသည်။ သင်ခန်းစာစုစုပေါင်း အခန်း ၂၅ ခန်းပါဝင်သည်။ အသံထွက်စီဒီခွေပါ ထည့်သွင်းထား ပါသည်။ အင်္ဂလိပ်စကားလေ့လာသူတိုင်းအတွက် မရှိမဖြစ်ဆောင်ထားသင့်သောစာအုပ်တစ်အုပ်ဖြစ်ပါသည်။

ဤစာအုပ်ကို မဇ္ဈိမစာပေ အမှတ် (၂၃၇) ပထမထပ်(၀) ၃၉-လမ်း အပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန် မြို့ ဖုန်း ၀၁-၃၉၂၈၃၅၊၀၉-၅၀၅၆၈၄၃၃မှ တန်ဖိုး ၂၀၀၀ ကျပ်ဖြင့် ဖြန့်ချိထားပါသည်။

ပရိတ်တော် (၁၁) သုတ်နှင့် ဓမ္မစကြာကျင့်စဉ် (ပါဠိ+အသံထွက်)

နေသူရိန်စီစဉ်ပူဇော်သည့် ပရိတ်တော် (၁၁) သုတ်နှင့် ဓမ္မစကြာကျင့်စဉ် (ပါဠိ+အသံထွက်) စာအုပ်ထွက်ရှိလာပါသည်။ ဤစာအုပ်လေးသည် ဝါတွင်းအဓိဋ္ဌာန်ဝင်လိုသူများ၊ ဓမ္မလက်ဆောင်ပေးလိုသူများအတွက် အကောင်းဆုံးစာအုပ်တစ်အုပ်ဖြစ်သည်။ စက္ကူအကောင်းစား၊ စာလုံးကြီး၊ အိတ်ဆောင်စာအုပ်ငယ်ဖြစ်၍ မိမိသွားလိုသည့် နေရာများကို ယူဆောင်၍ ရွတ်ဖတ်ပူဇော်နိုင်ပါသည်။ ဤစာအုပ်လေးတွင် လက်တွေ့အသုံးချ ပရိတ်အစီအရင်လိုအင်ဆန္ဒပြည့်ဝစေသော ပရိတ်ရွတ်ဖတ်နည်း၊ အဓိဋ္ဌာန်စီရင်ပြုနည်း၊ဆုတောင်းနည်း စသောအကြောင်းအရာ များပါဝင်ပါသည်။

ဤစာအုပ်ကို မဇ္ဈိမစာပေ အမှတ် (၂၃၇) ပထမထပ်(၀) ၃၉ လမ်း အပေါ်ဘလောက် ကျောက် တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃၃မှ တန်ဖိုးကျပ် ၇၀၀ ဖြင့်ဖြန့်ချိထားပါသည်။

အသွင်သစ်နှင့် စက်တင်ဘာလထုတ်သုတပဒေသာစာစောင်ထွက်ပြီး

၁၉၇၃ ခုနှစ် ဇူလိုင်လမှစတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ်စာအုပ်စာစောင်များမှ ကောင်းနိုးရာရာအကြောင်းအရာများကို ရွေးချယ်ဘာသာပြန်ဆိုထားသော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သိပ္ပံနှင့် နည်းပညာ၊ အတွေးအခေါ်၊ ကျန်းမာရေး၊ ပညာရေးစသည့် သုတဆောင်းပါးများ၊ နိုင်ငံရပ်ခြားကဗျာ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်စသည့် ရသကဏ္ဍများနှင့် နိုင်ငံသားများ ဗဟုသုတရရှိနိုင်ရေးကို ရည်ရွယ်၍ ခေတ်မီအကြောင်းရပ်များကို အထူးပြုရေးသားသည့် မျက်နှာဖုံးဆောင်းပါးကြီးများကိုလည်း ဖော်ပြလျက်ရှိသည်။

အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိလူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားပြီး အသွင်သစ်ဖြင့် ထုတ်လုပ်လိုက်သော သုတပဒေသာစာစောင်(စက်တင်ဘာလ)ကို ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါသုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ၂၅၀၀ ကျပ်နှုန်းဖြင့် စာပေဗိမာန်စာအုပ်ဆိုင်၊ အမှတ်(တ-၅၅)၊ သပြေကုန်းစျေး၊ နေပြည်တော်၊ ဖုန်း ၀၆၇-၄၁၄၆၈၁ စာပေဗိမာန်စာအုပ်ဆိုင်၊ အမှတ်(၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့ စာပေဗိမာန်စာအုပ်ဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး၊ ဖုန်း ၀၂-၃၀၁၈၆တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန
လူမှုဖူလုံရေးအဖွဲ့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
၁။ လူမှုဖူလုံရေးအဖွဲ့မှ အောက်ဖော်ပြပါ ပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး (DPPရန်ကုန်၊ အလုံစုတို) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
(က) နှုံးသုံးစားရေးကိရိယာများ
(ခ) နှုံးသုံးပုံစံများ(ပုံနှိပ်ရန်)
(ဂ) မော်တော်ယာဉ်သုံးအပိုပစ္စည်းများ(တာယာ၊ ကျွတ်၊ ဘက်ထရီ အင်ဂျင်ဝိုင်၊ ဘရိတ်ဆီ)
၂။ တင်ဒါပုံစံဝယ်ယူရမည့်ရက် - ၂၈-၉-၂၀၁၅ရက်မှ ၂-၁၀-၂၀၁၅ရက်အထိ (နှုံးချိန်အတွင်း) ၁၀း၀၀နာရီမှ ၁၆း၀၀နာရီအထိ
၃။ တင်ဒါSpecification -၁၉-၁၀-၂၀၁၅ရက် နှုံးချိန်အတွင်း
တင်သွင်းရမည့်ရက် -၁၀း၀၀နာရီမှ ၁၆း၀၀နာရီအထိ
၄။ တင်ဒါတင်သွင်းရမည့်ရက် - ၂၆-၁၀-၂၀၁၅ရက် ၉း၃၀နာရီမှ ၁၀း၀၀နာရီအတွင်း
တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။
၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၆၇-၄၃၀၃၇၁၊ ၀၆၇-၄၃၀၂၂၅တို့သို့ နှုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။
တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
လူမှုဖူလုံရေးအဖွဲ့
နှုံးအမှတ်-၅၁၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၃၀၃၇၀

မြန်ယခ်ဆန့်ကျင် အောင်ပွဲဆင်

MGY Travel & Tour
မြတ်ဂုဏ်ရောင် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
'အပါယ်တံခါးပိတ်စေဖို့ မြတ်မြေမဟာ ဗုဒ္ဓဂယာသို့ မြတ်ဂုဏ်ရောင်နဲ့ သွားကြစို့'
သံဃဇနီယလေးဌာန၊ အဝီဇဟိတာလေးဌာန၊ ဝေသာလီ၊ ရာဇဂြိုဟ် ၁၁/၁၂ရက် (၉သိန်း)
သံဃဇနီယလေးဌာန၊ အဝီဇဟိတာလေးဌာန၊ တာရ၏မဟာ၊ နယူးဒေလီ၊ ဝေသာလီ၊ ရာဇဂြိုဟ် ၁၄/၁၅ရက် (၁၀သိန်း)

၁၄/၁၅ ရက် - အောက်တိုဘာ ၁၆ (၅ လို)၊ နိုဝင်ဘာ ၁၁ (၁၂လို)၊ ဒီဇင်ဘာ ၉၊ ဇန်နဝါရီ ၆၊ ဖေဖော်ဝါရီ ၁၀၊ မတ် ၂၊ ဧပြီ ၈။
၁၁/၁၂ရက် - ဇန်နဝါရီ ၂၇ (၁၅ လို)၊ မတ် ၂။ ဟိုတယ်(၂)ညအိပ်၊ ညမောင်းခရီးစဉ် လုံးဝမပါရှိပါ။ ရန်ကုန် - ဂယာ - ရန်ကုန်
ခရီးစဉ်မိတ်ဆက်အနေဖြင့် အောက်တိုဘာ(၁၆)ရက် (၁၄/၁၅ရက်) ခရီးစဉ်အား (၉.၅)သိန်းဖြင့် ပို့ဆောင်ပေးသွားပါမည်။
ခရီးစဉ်တိုင်းတွင် သံယာတော်များ ၊ သီလရှင်ဆရာလေးများအား ကုသိုလ်ယူသည့်အနေဖြင့် ခရီးစဉ်နှုန်းထား သီးသန့်စီစဉ်ပေးထားပါသည်။ နိုင်ငံကူးလက်မှတ်(၆)လသက်တမ်းကျန်ရှိလျှင် (၃၀၀၀၀/ -)လျှော့ပေးပါမည်။ (၁၆)ဦး(၁)ဦးအခမဲ့၊ (၁၀)ဦး ၅၀%၊ (၈)ဦး၃၀%၊ ၅ ဦး ၁၅% (ခေါင်းဆောင်တစ်ဦးသာ) လျှော့ပေးပါသည်။ ခရီးစဉ်အတွင်း ငွေကြေးထပ်မံ ကောက်ခံခြင်း မရှိကြောင်း အထူးပင်အာမခံပါသည်။ ခရီးစဉ်တိုင်းတွင် (၃ ၂)ဦးသာ ကန်သတ်ပို့ဆောင်ပါသည်။ ရန်ကုန်မြို့အတွင်း အိမ်အရောက် ဝန်ဆောင်မှုရှိသည်။ နယ်မှခရီးသည်များအား ရန်ကုန်မြို့ရှိအဆင့်မြင့်လုံးချင်းအိမ်ကြီးတွင် အခမဲ့တည်းခိုနိုင်ခြင်းနှင့် သက်ဆိုင်ရာ လေဆိပ်၊ ကားဂိတ်များသို့ အကြိုအပို့ပြုလုပ်ပေးပါမည်။ မေတ္တာဖြင့် ရှင်းပြပေးမည့် ဦးဆောင်ဆရာတော်တစ်ပါး၊ ကျွမ်းကျင် Tour Leader တစ်ဦးနှင့် လိုအပ်လျှင် ဘီးတပ်ကုလားထိုင် စီစဉ်ပေးပါသည်။
ရုံးချုပ် - အမှတ်(၂၇/၆)၊ တော်စင်(၂)လမ်း၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏ၊ သဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၁-၅၆၀၆၄၊ ၅၆၀၆၆၅၊ ၀၉-၄၉၇၇၇၀၄၅၅၊ ၀၉-၄၆၀၅၁၃ ၂၃ ၂၊ ၀၉၄၃၀၁၅၆၆၁၀

ဘီဘာဝတ္ထုနိုး
(ရပ်ကွက်ကြီးရေတာ)
ဘာဘပ္ပါ၊ ပုပ္ပါးသီးသန့် (ဇနုစုန်ခြမ်း) 25000 Sep 29
ဘာဘပ္ပါ၊ ပုပ္ပါးသီးသန့် (ဗညားဘီ-ဇမင်းကွေ့) 30000 Sep 28
ဘာဘပ္ပါ၊ ပုပ္ပါး၊ ပုဂံ(ဝွယ်တော်လေးဆု)၊ ပခုက္ကူ (ထမင်းကျွေး) 40000 Sep 28
09-254806015,09-254806017

Thatoe Libraries Foundation
မှ စီစဉ်ထုတ်ဝေလိုက်သည်၊
ဘုန်းရှိသော လူသားများ
သတိုးသူဇာအောင်

ထွက်ပြီ
ဖြန့်ချိရေး ခေါ်ဝင်းဝင်းဆိုင်
သိမ့်ထိုက်စာပေဖြန့်ချိရေး
အမှတ် - ၂၃၁၊ (ဒုတိယထပ်)၊
၃၂ လမ်း (အထက်)၊
ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၀၅၉၂၀၄
ရောင်းဈေး - ၂၃၀၀ ကျပ်

BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ
အဆင့်မြင့် Laminate Flooring ကြမ်းစင်းပြားများနှင့် 100% ဓရေနှိစ်ခ်ို ခ်ိုနိုင်းကြမ်းစင်းပြားများကို စျေးနှုန်းစျိုသာစွာဖြင့် တိုက်ရိုက်ဈေးစျေးပေးနေပါသည်။
အရောင်းခန်းမ(၁)-အမှတ်(၂၈၁)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး။ ရွှေဂုံတိုင်ဟိုတယ်ဘေး။ ဗဟန်းမြို့နယ်၊ ရန်ကုန်။
Ph : 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381
အရောင်းခန်းမ(၂)-တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာဘေး။ အောင်မင်္ဂလာမှတ်တိုင်အနီး။ ဗညားဒလမ်း။
Ph : 09-5425251, 09-73225484

အာနန်းဆက်ဝတ္ထုရှည်

ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

ယမန်နေ့မှအဆက်

အေး . . ပရမတ္ထအမြင်နဲ့ ရေးကြတဲ့ ရှိတ်စပီးယားတို့၊ ဂိုဘဲတို့၊ ဟင်မင်ဝေးတို့၊ ဦးပုညတို့၊ ကျည်းကန်ရှင်ကြီးတို့၊ သခင်ကိုယ်တော်မှိုင်းတို့၊ ဇော်ဂျီတို့၊ သိပ္ပံမောင်ဝတို့ဆိုတဲ့ စာရေးဆရာကြီးမျိုးတွေလည်း ရှိကြပါရဲ့၊ ဒါပေမဲ့ ဒီလို ပုဂ္ဂိုလ်မျိုးကြီးတွေက အလွန်ရှားတယ်၊ မင်း ဘာဝေဖန်ချင်သလဲ သူငယ်ချင်း"

အေးဝင်းက ပြုံးသည်။

"ထားပါတော့လေ၊ မင်းက အခု ဘာကဗျာမျိုးတွေ စပ်နေသလဲ၊ နေဦး . . . ယုမောင်က ပြောတယ်၊ မင်းက သောမတ်(စ်)ဟာဒီရဲ့ 'မျိုးပျက်ချိန်' ကဗျာကို မှီးပြီး "ကမ္ဘာကုန်ကျယ်သရွေ့ဝယ်" ဆိုတဲ့ ကဗျာကို စပ်နေသတဲ့. . ဟုတ်လား"

"ပထမတော့ ဒီအတိုင်း စပ်မလို့ပါပဲ၊ ဒါပေမဲ့ ပါမ္ဘာက သောမတ်(စ်)ဟာဒီရဲ့ ကဗျာကို သွားမှီးစပ်မိရင်. . အေးလေ. . အချိန်စောနေသေးတယ် ထင်လို့ ငါရပ်ထားတယ်"

"ဒါဖြင့် မင်းအခုစပ်နေတဲ့ ကဗျာတွေက ဘာလဲ"

"တစ်ပုဒ်ကိုတော့ ဒ္ဓိဟလို့ နာမည်ပေးထားတယ်၊ ရှုမဝကို ပို့မလို့ပဲ၊ အလှအပနဲ့ ကာမအာရုံကြားမှာ ဒ္ဓိဟပွားရတဲ့ လူတစ်ယောက်ရဲ့ အကြောင်း၊ တစ်ပုဒ်ကတော့ ဘယ်ကိုမှ ပို့ဖို့ မဟုတ်ဘူး၊ ငါ့အသည်းနှလုံးအတွက် ငါစပ်ထားတာပဲ"

"နာမည်က ဘာတဲ့လဲ"

"မိုးနတ်ဒေဝီသို့ တောင်းပန်ခြင်းတဲ့၊ ဒီလောက်ဆိုရင် ကျေနပ်တော့ကွာ၊ နေမြင့်လာပြီ၊ တို့ပြန်ကြရအောင်"

သူငယ်ချင်းနှစ်ယောက်သည် အုတ်ခုံထက်မှ ထကြ၏။

ဤတစ်နံနက်၌မူ ဝင်ဒါမီယာပါတ်(ခ်)လမ်းအတိုင်း လျှောက်ကြပြီး ဦးဝိစာရလမ်းပေါ် ရောက်လာကြသည်။

ဦးဝိစာရလမ်းအတိုင်း ဆက်လျှောက်လာကြရာ ပြည်လမ်းနှင့် ဆုံခင်းကလေး၌ ဝင်ဒါမီယာကုဒ်အတွင်းသို့ ပြေးလျက်ရှိသော လမ်းကျဉ်းကိုတွေ့ရ၏။

ဤလမ်းအတိုင်း ချီးဝင်လိုက်သွားလျှင် မလေးနွယ်တို့၏ အိမ်သို့ ရောက်နိုင်သည်။

ဤလမ်းကို မြင်လေမှ အေးဝင်းက တိုက်တွန်းသည်။

"သက်ခိုင်ရေ . . မိုးနတ်ဒေဝီသို့ တောင်းပန်ခြင်း ဆိုတဲ့ ကဗျာနာမည်က ငါ့ရင်ကို လာပြီး ခိုက်နေတယ်၊ မင်းရွတ်မပြနိုင်ဘူးလား"

သက်ခိုင်က ခေါင်းငိုက်စိုက်ချရင်း လျှောက်လာနေရာမှ အေးဝင်းကို မော့ကြည့်သည်။ ဤမော့ကြည့်သော မျက်လုံးများ၌ မျက်ရည်မသိမသာဝဲနေသော်လည်း သက်ခိုင်သည် ဖြည်းလေးတည်ငြိမ်စွာ ဆိုသည်။

"မင်းက ရွတ်ပြစေချင်ရင် ငါ ရွတ်ပြပါ့မယ်၊ လေးချီးမို့ ငါ့ကဗျာမှာ အပိုဒ်လေးပိုဒ် ပါတယ်၊ ပထမ သုံးပိုဒ်ဟာ ပုဂ္ဂလိကရေးရာမို့ သက်ဆိုင်သူဟာ တစ်ဦးသာရှိတယ်၊ ဒီသုံးပိုဒ်ကိုနားမထောင်ပါနဲ့တော့ သူငယ်ချင်း၊ နောက်ဆုံး အပိုဒ်ကတော့ ဆိုင်ချင်သူတိုင်းနဲ့ ဆိုင်နိုင်တာမို့ ငါရွတ်ပြမယ်"

သက်ခိုင်သည် ဆောင်းနံနက်၏ မိုးပြင်ကို ငေးကြည့်ရင်း ဂီတလွမ်းသော အသံနှင့် ကဗျာကို ဆွေးဆွေးမြည့်မြည့် ရွတ်ပြ၏။

"လောကမဲ့ ထန်မုန်တိုင်းနဲ့၊
သောကမြူ မှုန်မှုန်မှိုင်းလေတဲ့၊
ဘဝကို ဒီပုံနှိုင်းချင်ရဲ့၊
ကသိုဏ်းဥာဏ် တစ်ဖန်ရှုလေတော့
အရိုင်းက သူ မပြုလေဘူး
တစ်ပိုင်းဝန် ကိုယ်အမှုပေမို့
(မိုးနတ်ဒေဝီရေ. .)ပြုပြုသမျှ. . .
အနုသယက စခဲ့ရတဲ့၊
သမုဒ္ဒယဆိုတဲ့ မောင့်ရဲ့အမှား. . ."

အေးဝင်းက သက်ခိုင်းကို နားလည်စာနာစွာ တစ်ချက်စိုက်ကြည့်ပြီး ဘာမျှ မဝေဖန်တော့ဘဲ သက်ခိုင်၏ ကဗျာမှ နောက်ဆုံးစာသုံးကြောင်းကိုသာ ပြန်ရွတ်၏။

"ပြုပြုသမျှ. . အနုသယက စခဲ့ရတဲ့၊ သမုဒယဆိုတဲ့. . . မောင့်ရဲ့အမှား"

လုပသော ဆောင်းအခါဝယ် တက္ကသိုလ်နယ်မြေ၌ ပွဲလမ်းသဘင်များလည်း စည်ကားသည်။

ပထမဦးဆုံးအဖြစ် တန်ဆောင်တိုင်ပွဲတော်က လာသည်။

တန်ဆောင်တိုင်ပွဲတော်၏ ညများ၌ ရန်ကုန်မြို့တော် တစ်ခုလုံးကဲ့သို့ပင်တက္ကသိုလ်နယ်မြေတွင် မီးပုံးရောင်၊ မီးပွင့်ရောင်တို့သည် ကြယ်ရောင်၊ လရောင်တို့နှင့် ပြိုင်၍ ဝင်းလက်နေ၏။

ထိုစဉ်က တက္ကသိုလ်နယ်မြေ၌ တန်ဆောင်တိုင်ပွဲတော် ရက်အတွင်း အစည်ကားဆုံး နှစ်နေရာ ရှိသည်။

တစ်နေရာမှာ တက္ကသိုလ်ဓမ္မာရုံကြီးဖြစ်သည်။ တက္ကသိုလ်ဓမ္မာရုံ၌ တက္ကသိုလ်ဗုဒ္ဓဘာသာအသင်းကြီးမှ ကြီးမှူး၍ မီးပူဖော်ပွဲ ကျင်းပသည်။ ကြာဆံကြီးခေါက်ဆွဲ လည်းကျွေး၏။ တခြားတစ်နေရာကား ဘီအီးဒီ ဆရာမ လောင်းများ စံပျော်ရာ တီတီစီ ကျောင်းဆောင်ဖြစ်သည်။ တီတီစီကျောင်းဆောင်၌လည်း မီးပွဲသဘင်နှင့် အကျွေးအမွေးရှိ၏။

နေမဝင်မီ မီးပုံးရောင်စုံတို့ မဝင်းလက်မီ ညနေစောင်းကတည်းက တက္ကသိုလ်နယ်မြေတစ်ဝန်းလုံးသည် ဝတ်ကောင်းစားလှဆင်ယင်၍ လှုပ်ရှားနေကြသော ကျောင်းသား ကျောင်းသူတို့၏ ပိုးရောင်၊ ဖဲရောင်၊ နိုင်လွန်ရောင် ကတ္တီပါရောင်နှင့် စိန် ရွှေ ငွေ လက်ဝတ်ရတနာ ရောင်တို့ကြောင့် ဝင်းလက်တောက်ပနေသည်။

ကျောင်းသားကျောင်းသူများသည် ကျောင်းဝင်းအတွင်း ရှိပွဲသဘင်တို့၌လည်း ဆုံကြသည်။ မြို့တွင်း ထွက်လည်ကာ ရွှေတိဂုံစေတီတော် ရင်ပြင်၌လည်း "ဘုရားမှာ တစ်ခါဆုံ" ကြပြန်သည်။

ဩော်. . . တက္ကသိုလ်မြေဆိုသည်မှာ ဆုံတတ် . . . ကြုံတတ်သော မြေပါပင်တည်း။ ရွှေတိဂုံရင်ပြင်တော်သည်လည်း ဆုံတတ် ကြုံတတ်သောမြေပါဝင်တည်း။

ဆုံလာ ကြုံလာတတ်သော မြေဝယ်ဖြစ်သဖြင့် ကိုယ်ကရင်မဆိုင်လိုသည် မှန်စေ၊ နွဲ့ပင်တိုင် ကြဉ်ရှောင်တိမ်း စိမ်းလို့မဖြစ်. . . မဖြစ်။

တန်ဆောင်မုန်းလ၏ ငွေလသာသာတွင် အများတကာ လည်ပတ်ကြသည်သို့ သက်ခိုင်က မလည်ပတ်ချင်။

အေးမြပြာလွင်သော မိုးပြင်၊ ဖွေးလက် သန့်စင်သော ငွေလ၊ ရွှန်းပ စုံလင်သော ကြယ်တစ်သင်းတို့ကို ငေးရင်း တယောတစ်လက်နှင့် တေးကြူလိုသည်။ ကဗျာတစ်ပုဒ် စာတစ်နွဲ့ကို ရေးဖွဲ့ယူလိုသည်။

သို့ရာတွင် သူ့ဘဝမှာ ကျောင်းရိပ်၊ ဆောင်းရိပ်၊ လရောင်ရိပ်ကို ခိုကာမာန်ပိုနိုင်သည့် ဘုန်းမဟုတ်။ သူ့သည်းဘဝ်ဖိုကာ ဘယ်ညိုတော်တည့် ပူအောင်သားငယ်ကို ထားနိုင်လေသည့် ဘုန်းမဟုတ်၊ မဟုတ်. . . ဖိချင်းဖိလျှင်ကိုယ့်ရင်သာ ဖိလေရမည်။ သူညိုမည်ကိုတော့ စိုးရသည်၊ စိုးလေရသည်။

ဆောင်း၏ ပွဲတော်ဦးစကတည်းက မလေးနွယ်က လာခေါ်သော် သက်ခိုင်မငြင်းနိုင်၊ လိုက်ရပြန်သည်။

မလေးနွယ်တို့ အိမ်ခြံဝင်းအတွင်းတွင် မီးပုံးရောင်စုံများကို အတူတကွ ချိတ်ကြဆင်ကြသည်။ ကလေး အရွယ်များမဟုတ်ကြသော်လည်း ကလေးများသဖွယ် မီးရှူးမီးပန်းများကို ရှိုည်ဥ့ေ့ယမ်းကစားကြသည်။ တက္ကသိုလ်နယ်မြေနှင့် ရန်ကုန်မြို့တော်၏ မီးပွဲသဘင်တို့ဆီ ငွေရောင်ကားပေါ် အတူစီး၍ လည်ပတ်ကြသည်။

လည်ပတ်ပြီး၍ ပြန်လာကြသောအခါ မမောနိုင်သေးဘဲ မလေးနွယ်က ပီယာနိုတီး၍ သက်ခိုင်က တယောထိုးသည်။

ညစဉ်ညတိုင်း မလေးနွယ်၏ အကြိုက်ဆုံး ပဟိုရ်မြွက်သံ ဆောင်းဘွဲ့ အမျှော်စိုက်ပတ်ပျိုးလေးကို မပျက်တမ်းတီးကြဆိုကြသည်။ ပဟိုရ်မြွက်သံပတ်ပျိုးလေးသည် ဆောင်း၏ အလှနှင့် လူ့ရင်မှ ခံစားမှုတို့ကို အဖွဲ့အန္တဲ့မပုံဘဲ လိုရင်းမိအောင် ဖော်ပြလေသောကြောင့် သက်ခိုင်ကလည်း နှစ်သက်သည်။

ချစ်လှစွာသော မမနွယ်နှစ်သက်ရာကို ကိုယ်ကလည်း နှစ်သက်၍ နှစ်ဦးစုံ နှစ်သက်ရာကို နှစ်ကိုယ်တူပြုကံဆုံ လေရသဖြင့် သည်ဆောင်း၌ သက်ခိုင်ပျော်မိသည်။ ပျော်လေရသည်။

အမှန်မှာ တိုတောင်းသော ထိုနှစ်ဆောင်းကာလသည် သက်ခိုင်၏ ဘဝတာတွင် ပျော်ဖွယ်ရာအကောင်းဆုံးသော အချိန်များပင် ဖြစ်ခဲ့လေသည်။

တန်ဆောင်တိုင်ပွဲတော် နောက်တွင် တက္ကသိုလ်နယ်မြေ၏ ကိုယ်ပိုင်သီးသန့်ပွဲတို့သည် ဆက်ကာဆက်ကာလိုက်ပါလာ၏။

အသင်းအဖွဲ့ အသီးသီးတို့၏ နှစ်ပတ်လည်ညစာစားပွဲတို့သည် စနေနေ့ည ညဉ့်တိုင်းလိုလိုရှိသည်။

အထူးကဲဆုံးနှစ်ပွဲကား တက္ကသိုလ်မြန်မာအသင်းကြီးက ကြီးမှူးကျင်းပသော နှစ်ပတ်လည် ဆုနှင်းသဘင်ပွဲနှင့် တက္ကသိုလ်သမဂ္ဂမှ ဦးစီးဆင်ယင်ပေးသော ဂီတပြိုင်ပွဲတို့ ဖြစ်ကြ၏။

တက္ကသိုလ် မြန်မာအသင်းကြီးက ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးပြိုင်ပွဲများ လုပ်သည်။ တံခွန်စိုက်ဒိုင်းလုရသော စကားရည်လုပွဲများကိုလည်း လုပ်ပေး၏။ ထိုပြိုင်ပွဲတကာ အနက် စကားရည်လုပွဲသည် အထင်ရှားဆုံးနှင့် လူကြိုက်အများဆုံးပွဲဖြစ်၏။

(ဆက်လက်ဖော်ပြပါမည်။)

(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)

ခေတ်ရှေ့ဆောင်
Smile စီးကျွမ်းခိုင်- သရက်ကောက်(၄)လမ်းထိပ် ကြည့်ရှုနိုင်ကြပါ။ Oct 27, Nov 25, Dec 24
ဗန်ကောက်မြို့ဘုရား၊ အယုဒ္ဓယ၊ ပတ္တရား၊ ကန်ချနာယူရီ၊ ထားဝယ်ရှင်ကိုးပျင်
(၉)ရက် ဥပုသ်+အစ်ကထ ▲ အင်းလေးမှ ရွှံ့ပြင်ကား၊ သံချယ်လုံးနန်းစေတီ၊ တောင်ကြီး ပင်းတယ၊ ထမ်ထမ်း ကလူး ထမင်းကျွေး ဓမ္မဝေတီ ▲ ခြောင်း၊ မဲဆောက်၊ ဘားအံ၊ ဂွင်းဂူ၊ ကျဲခေတ် ရေတံခွန် ဌဝေဝေ/

Ayarwaddy Legend Travels & Tours မှ စီစဉ်သော
ဘုရားဖူးဂန်ဆောင်မှလုပ်ငန်း
စိန်ရောင်ခြည်
အိန္ဒိယနိုင်ငံရှိ ဘုရားပွင့်ရာ သံဃေဇနီယလေးဌာန၊ အဂိဇဟိတလေးဌာန၊ နယူးဒေလီ၊ တပ်ချိမဟာ၊ အိန္ဒိယစံတပ်သို့
(၁၄ညအိပ်/၁၅ရက် ခရီးစဉ်များ) (Oct 7 / Nov 16 / Dec 11)
(၇ ညအိပ် / ၈ ရက် အထူးခရီးစဉ်) → Oct 23 (Nov 9 / Dec 4)
ခရီးစဉ်တလျောက်လုံး စိတ်ချမ်းမြေ့စွာ ကုသိုလ်ယူနိုင်ရန် နေ့းထွေး ပြည့်စုံသောဂန်ဆောင်မှုများပေးခြင်း။
ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၏ ခရီးစဉ်များအတွက် အထူးနှုန်းထားဖြင့် ဂန်ဆောင်မှုပေးပါသည်။
သီးသန့်သွားချင်သူများအတွက်လည်း အထူးစီစဉ်ပေးပါသည်။
(ညမောင်းခရီးစဉ်လုံးပေါ်မှီပါ။ သတ်မှတ်ထားသော နှုန်းထားအပြင်ငွေကြေး ထပ်မံကောက်ခံခြင်းမရှိပါ)
ရန်ကုန် ☎ ၊ ၂၄၁၂၆၂ ၊ ၂၅၂၀၀၇ ၊ ၂၅၂၀၀၈ ၊ ၃၇၇၆၉၇ ၊ ၃၉၈၃၀၃ ၊ ၂၅၀၉၀၉
မန္တလေး ☎ ၊ ၀၉- ၄၀၂၆၉၄၄၄ ၊ ၀၉-၈၆၀၀၂၁၈၊

SEVEN စံ
ဒဂုံဆိပ်ကမ်း အရှေ့ဝိုင်း၊
တောင်ပိုင်းရှိ မြေကွက်များ
ရောင်းလိုပါသလား?
SEVEN စံ နဲ့အတူသွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်။
"ပွဲခလုံး၀ မယူပါ"
Ph: 09 - 33 333 511
09 - 33 333 514
09 - 33 333 644

NELC
" Don't worry, just speak! "
Nelson English Language Centre
Myaynigone 01 523680 Sanchaung 01 501947
Yankin 01 8550727~8 BoAungKyaw 01 256516~7
nelchocentre1@gmail.com
www.nelc-centres.com
www.facebook.com/nelcyankin
5 Fundamental Development
social
critical
mental
emotional
physical
3 to 5 years old
Pre school
Adult Over 16 years old
Communicative English
Basic grammar, Intro, Level 1,2,3,4
IELTS/TOEFL

ရွှေရတုတိပိဋကလေးထပ်စာသင်ကျောင်းဆောင် အသစ်ဆောက်လုပ်နေခြင်းအတွက်လှူဒါန်းနိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ မင်းကွန်းတောင်ရိုးမိမတ် ကုန်းမြေ၊ တိပိဋကနိကာယကျောင်းတိုက်အတွင်း၌ ရွှေရတုတိပိဋက လေးထပ်စာသင်ကျောင်းဆောင်အသစ်၊ ဆောက်လုပ်နေပြီဖြစ်ပါသဖြင့် အောက်ဖော်ပြပါနှုန်းထားများအတိုင်း ကုသိုလ်ပြုပါဝင်လှူဒါန်းနိုင်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ရှိုးဆော်အပ်ပါသည်။

(၁)၁ထပ်အတွက် သိန်း-၁၅၀၀
(၂)ဓာတ်လှေကား သိန်း၃၅၀
(၃)(၁၆'×၁၅')ပတ်လည်(၁)ခန်း သိန်း၁၀၀
(၄)၁၅'အတွက်-၁၅သိန်း
(၅)၁'အတွက် ၁သိန်း
(၆)ဘီလပ်မြေတစ်အိတ်-၅၀၀၀ကျပ်
(၇)ကျောက်သေးတစ်ကျင်း-၃၅၀၀၀ကျပ်
(၈)ကျောက်ကြီးတစ်ကျင်း-၁၅၀၀၀ကျပ်
(၉)သဲတစ်ကျင်း-၁၀၀၀၀ကျပ်
လှူဒါန်းနိုင်သောဌာနများ
(က) ရန်ကုန်ဌာန-မင်းကွန်းတိပိဋကနိကာယ သာသနာပြုဥပဒ္ဒာကအဖွဲ့
(၁၂)စကားဝါလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း-၀၁-၂၂၂၂၇၈/၃၉၊ ၀၉-၇၃၁၉၇၉၉၅
(ခ) မန္တလေးဌာန-မင်းကွန်းတိပိဋကနိကာယသာသနာပြု ဥပဒ္ဒာကအဖွဲ့ခွဲရုံး(၂၆ဘီလမ်း၊ ပိုက်ကျုံး၊ မန္တလေးမြို့
ဖုန်း-၀၉၆၄၆၃၂၉၄၊ ၀၉-၅၁၄၀၂၈၃
မင်းကွန်းတိပိဋကနိကာယကျောင်းတိုက်
မင်းကွန်းတောင်ရိုး၊ မိုးမိတ်ကုန်းမြေ၊ စစ်ကိုင်းမြို့နယ်
ဖုန်း-၀၉-၆၄၆၃၇၃၇၊ ၀၉-၂၅၆၆၂၀၆၈၆၊ ၀၉-၂၅၆၀၅၈၁၂၉

ပြည်တွင်းရေးရာ

အမှောင်လမ်းကို သိမြင်ရှောင်ရှားပါ

ယမန်နေ့မှအဆက်

à မေသက်ုန်

"ဆေးပြားကျတော့ ဈေးလည်း သက်သာတယ်လေ။ အရင်တုန်းက တစ်ပြားမှ သုံးလေးထောင်ပဲရှိတာဆိုတော့ ကျွန်တော်တို့ရှာဖွေသုံးရလွယ်ခဲ့တာပေါ့။ ကျွန်တော်ဆို ငါးသောင်းဖိုး၊ တစ်သိန်းဖိုးဝယ်သိမ်းထားပြီးသုံးခဲ့တယ်။ သုံးစွဲနည်းတွေကတော့ အမျိုးမျိုးရှိပါတယ်။ စားသုံးတာလည်းရှိတယ်။ ဆေးထိုးအပ်နဲ့ထိုးတာလည်း အနည်းငယ်ရှိပါတယ်။ ရှူရှိုက်တာကတော့ အများဆုံးပါ။ စီးကရက်စက္ကူပေါ်မှာ တင်ပြီး မီးမြှိုက်ထွက်လာတဲ့အငွေ့ကို ရှူတာတို့၊ ရေသန့်ဘူးထဲမှာ ရေကို ဖြတ်ပြီးလာတဲ့အငွေ့ကို ရှူတာတို့ကတော့ အသုံးများပါတယ်။ ဆေးသုံးပြီး နာရီဝက်လောက်အကြာမှာ ဆေးရဲ့ အာနိသင်ကစပြပါတယ်။ ပျော်လာတယ်၊ တက်ကြွလာတယ်။ တစ်ခါတလေဆိုသီချင်းသံတွေကိုပါ ကြားလာရတယ်။ စိတ်ကပေါ့ပါးပြီး လွတ်လပ်လန်းဆန်းနေတယ်။ ဆာလောင်မှုလည်း မရှိဘူး။ မအိပ်ဘဲလည်းနေနိုင်တယ်။ ပင်ပန်းနွမ်းနယ်တာလည်း မရှိဘူး။ အလိုလိုကို လူကရင်ခုန်နေတယ်။ သာယာနေတယ်။ ဆေးရဲ့ အာနိသင်ကတော့ တစ်ယောက်နဲ့ တစ်ယောက် မတူပါဘူး။ ပျမ်းမျှအားဖြင့်တော့ လေးနာရီကနေ ခြောက်နာရီလောက်အထိကြာပါတယ်။

ဆေးအာနိသင်ကုန်တဲ့အချိန်ကြတော့ မောပန်းလာတယ်။ နုံးလာတယ်။ စိတ်တွေဂယောက်ဂယက်ဖြစ်လာတယ်။ စိတ်တွေပူပန်လာတယ်။ ဘာမှလည်း မစားချင်တော့ဘူး။ ဘာမှလည်း မလုပ်ချင်တော့ဘူး။

အဲဒီလိုနဲ့ပဲနောက်တစ်ခါ ဆေးသုံးဖြစ်သွားတယ်။ နောက်ပိုင်းကျတော့ မသုံးရမနေနိုင်တော့ဘူး။ စိတ်ကအဲဒါကိုပဲစွဲနေတယ်။ ဒီအရသာကိုပဲ ထပ်ထပ်ပြီးလိုချင်နေတယ်။ အဲဒီလိုနဲ့ပဲ ကျွန်တော့်ဘဝအမှောင်တိုက်ထဲကျခဲ့ရတာပါ" ဟု တစ်ချိန်က စိတ်ကြွဆေး၏ သားကောင်ဖြစ်ခဲ့ ရသူ ကိုသူရ(အမည်လွှဲ)က ဆိုသည်။

မိသားစုတွင်းပြဿနာများ၊ စိတ်လုံခြုံမှုရှိသော မိသားစုပတ်ဝန်းကျင် မရရှိခြင်း၊ မိသားစုအတွင်း အသိအမှတ်ပြု မခံရခြင်းတို့ကြောင့်

လူငယ်များအတွက် စိတ်ကြွဆေး၏ သားကောင်ဘဝသို့ ရောက်ရှိစေရန် တွန်းအားပေးသော အရာများတွင် ပတ်ဝန်းကျင်သည်လည်း အဓိကအကြောင်းတစ်ခုဖြစ်သည်။ မိသားစုတွင်းပြဿနာများ၊ စိတ်လုံခြုံမှုရှိသော မိသားစုပတ်ဝန်းကျင်မရရှိခြင်း၊ မိသားစုအတွင်း အသိအမှတ်ပြုမှုမခံရခြင်းတို့ကြောင့် ပြင်ပပတ်ဝန်းကျင်နှင့် အပေါင်းအသင်းသူငယ်ချင်းများအပေါ် ပိုရခင်တွယ်ခြင်းတို့ဖြစ်ပေါ်လာစေနိုင်ပြီး အပေါင်းအသင်းများမှုကြောင့် မူးယစ်ဆေးဝါး၏ သားကောင်အဖြစ်သို့ ရောက်ရှိစေနိုင်ပါသည်။

"အိမ်မှာက အိမ်တွင်းရေးက သိပ်အဆင်မပြေကြဘူး။ ဒီကြားထဲ ကျွန်တော်က စာမေးပွဲကျတော့ အဖေက ကျွန်တော့်ကို တော်တော်ကို ဆူတယ်။ စကားမပြောတော့ဘူး။ အိမ်မှာ တစ်ခုခုဖြစ်တိုင်း ကျွန်တော့်အပြစ်လို့ ပြောကြတယ်။ အိမ်သားတွေကလည်း ကျွန်တော့်ကို လူရာမသွင်းဘူး။ ကျွန်တော်ကလည်း အိမ်ကို မခင်တော့ဘူး။ သူငယ်ချင်းတွေနဲ့ပဲ ပျော်သလိုနေတယ်။ အိမ်လည်း သိပ်မပြန်တော့ဘူး။ သူငယ်ချင်းတွေမှာလည်း စိတ်ညစ်စရာ ကိုယ်စီနဲ့ဆိုတော့ စိတ်ညစ်စရာတွေဆီက ဘယ်လိုထွက်ပေါက်ရှာကြမလဲဆိုပြီး မူးယစ်ဆေးကို စမ်းသပ်မိခဲ့တာပါ။ အဲဒီအချိန်တုန်းက ဗဟုသုတနည်းတာလည်းပါပါတယ်"ဟု ကိုသူရ(အမည်လွှဲ)က သူ၏ တစ်ချိန်က အကြောင်းကို ရင်ဖွင့်သည်။

ဥပဒေအရလည်း ပြစ်မှုမြောက်သော မူးယစ်ဆေးဝါးကို မသုံးစွဲဘဲ ဝေးရာက ရှောင်ရှားခြင်းသည်သာ အကောင်းဆုံးဖြစ်ပါသည်။ မတော်တဆမူးယစ်ဆေး၏ သားကောင်ဘဝသို့ ကျရောက်ခဲ့ကြရသူများအတွက်သည်လည်း နိုင်ငံတော်အစိုးရမှလည်း နိုင်ငံအတွင်း မူးယစ်ဆေးဝါးပပျောက်ရေးကို စီမံချက်များ ချမှတ်ဆောင်ရွက်နေသကဲ့သို့ မူးယစ်ဆေး၏ သားကောင်ဘဝရောက်ရှိခဲ့ရသူများအတွက်လည်း ကူညီရေးအတွက် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအဖွဲ့ကဲ့သို့ မူးယစ်ဆေးဝါးကြောင့် လမ်းပျောက်ခဲ့ရသူများအတွက် ကူညီကယ်ဆယ်ပေးနေသည့် အဖွဲ့အစည်းများ၏ အကူအညီကို ရယူနိုင်ပါသည်။

မူးယစ်ဆေးကြောင့် လမ်းမှားကျရောက်နေသူများအား ပတ်ဝန်းကျင်မှ ပစ်ပယ်မထားဘဲ လက်တွဲကူညီခြင်းဖြင့် မူးယစ်ဆေးဝါးကို ဆန့်ကျင်ရာတွင် များစွာအထောက်အကူရရနိုင်ပါသည်။ မိမိ၏ မိသားစု၊ ပတ်ဝန်းကျင်မှ လက်တွဲကူညီခြင်းကြောင့် မူးယစ်ကမ္ဘာထဲတွင် ပျော်မွေ့ကာ ဘဝဆုံးနေသော မိမိ၏ဘဝကို ပြန်လည်ကယ်ဆယ်နိုင်ခဲ့သည့် အကြောင်းကို ကိုသူရ (အမည်လွှဲ)က "ကျွန်တော် မူးယစ်ဆေးစွဲနေမှန်းသိကြတော့ ကျွန်တော့်မိသားစု အတော်တုန်လှုပ်ခဲ့ကြတယ်။ မိသားစုပြဿနာတွေလည်း ရပ်တန့်သွားတယ်။ ကျွန်တော်ဆေးဖြတ်ဖို့ ကူညီပေးခဲ့ကြတယ်။ ကျွန်တော့်ကို စကားမပြောတဲ့အဖေက ကျွန်တော်ဆေးပြတ်ဖို့အတွက် အဓိကကူညီပေးခဲ့တယ်။ လူအသိုင်းအဝိုင်းထဲကို ကျွန်တော်ပြန်ဝင်နိုင်အောင် ကျွန်တော် မိသားစုက လက်တွဲခေါ်ခဲ့တယ်။ ကျွန်တော်ကိုအပြစ်တင်တာတွေလည်း မလုပ်တော့ပါဘူး။ ကျွန်တော်မိသားစုကသာ ကျွန်တော့်ကို လက်တွဲကူညီဖေးမတာတွေ မလုပ်ဘဲ ကျွန်တော်ကို ပစ်ပယ်ခဲ့မယ်ဆိုရင် ကျွန်တော် ဘဝအဆုံးသတ်သွားမှာပါ။ ရှေ့လျှောက် ကျွန်တော့်မိသားစု သာယာဖို့အတွက် ကျွန်တော်ကြိုးစားသွားမှာပါ။ ကျွန်တော် ဖြစ်ချင်တဲ့ ဖက်ရှင်ဆိုင်ဖွင့်နိုင်အောင် ကြိုးစားသွားမှာပါ။ ကုန်ဆုံးသွားခဲ့တဲ့အချိန်တွေကို ကျွန်တော်တကယ်နှမြောပါတယ်။ အတိုးချပြီး ကြိုးစားသွားမှာပါ"ဟု သူ၏ ရှေ့ဆက်မည့် ဘဝအတွက် အားမာန်ပြည့်ဝသော အသံတို့ဖြင့် ဆိုသည်။

ကိုသူရကဲ့သို့ လမ်းမှန်ပေါ်ပြန်ရောက်လာသူများရှိနေပေမယ်လည်း အမှောင်ထဲတွင် လမ်းပျောက်ခဲ့ရသူ မူးယစ်ဆေး၏ သားကောင်များမှာ မည်မျှများနေပြီလဲဆိုသည်မှာ တုန်လှုပ်စရာကောင်းသော မေးခွန်းတစ်ခုပင်။ လူငယ်တို့၏ ဘဝသည်လန်းဆန်းသည်။ လတ်ဆတ်သည်။ အားမာန်ပြည့်ဝသည်။ မျှော်လင့်ချက်အိပ်မက်များအပြည့်နှင့် ဖြစ်သည်။ နေ့ချိုလန်းဆန်းတက်ကြွသော လူငယ်တို့၏ ဘဝကို ဖျက်ဆီးဝါးမြိုရန် ချောင်းမြောင်းနေသည့် မူးယစ်ဆေးဝါးဆိုသည့် အန္တရာယ်ဆိုးကြီးကို အမြဲသတိပြုဆင်ခြင်ကြရန် သတိတရားကို လက်ကိုင်ပြုထားရပါမည်။ မူးယစ်ဆေးဝါးကို ဆန့်ကျင်တိုက်ဖျက်ကြရန်မှာ လူသားမျိုးနွယ်အားလုံး၏ တာဝန်ပင်ဖြစ်ပါသည်။ ကောင်းကျိုးမပေးသော မူးယစ်ဆေးကို ဝေးဝေးကပင် ရှောင်ရှားကြရပါမည်။ ။

ဂုဏ်ပြုဆုရ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များကို ဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၂၁

၁၂၉ ရွှေမြင်းပျံ အထွေထွေသယ်ယူပို့ဆောင်ရေးသမဝါယမ ယာဉ်လိုင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၌ အရပ်ရပ်ဆိုင်ရာ သင်းလုံးကျွတ် အစည်းအဝေးနှင့် ယာဉ်ကြံ့ခိုင်မှု ကောင်းမွန်ခြင်း ခရီးသည်ပို့ဆောင်မှု အခေါက်ရေ အများဆုံးပျက်ရက်မရှိပြေးဆွဲနိုင်ခြင်း ထူးချွန်ဆု ချီးမြှင့်ပွဲကို စက်တင်ဘာ ၁၉ ရက်က ရန်ကုန် မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ် (၁၆) ရပ်ကွက် ပိုလ်အောင်ကျော်လမ်း အသင်းရုံးခန်းမ၌ ကျင်းပရာ ထူးချွန် ဂုဏ်ပြုဆုရ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ယာဉ်နောက်လိုက်များကို အသင်းဥက္ကဋ္ဌ ဦးတင်အေးနှင့် တာဝန်ရှိသူတို့က ချီးမြှင့်ကြကြောင်းသိရသည်။ (၃၂၉)

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လက်ရှိတံတားအသုံးပြုခကောက်ခံနေသော သန်လျင်တံတား(မြန်မာ့မီးရထား)၏ (၁-၁၀-၂၀၁၅ရက်မှ ၃၀-၉-၂၀၁၈ရက်)အထိ တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း(၃)နှစ်၊ လုပ်ပိုင်ခွင့်လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရွေးချယ်ငှားရမ်းသွားမည်ဖြစ်ပါသည်-

(က) အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်တံတား
သန်လျင်တံတား

(ခ) လေလံယှဉ်ပြိုင်ခွင့်ပုံစံနှင့်စည်းကမ်းချက်များ ဝယ်ယူနိုင်သောနေရာ
မန်နေဂျာ(စီးပွားရေး/တိုင်း)တိုင်းအမှတ် (၇)ရန်ကုန်ဘူတာကြီး(ပထမထပ်)နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးရုံး၊ သန်လျင်မြို့နယ်

(ဂ) အိတ်ဖွင့်တင်ဒါတင်သွင်း/ဖွင့်လှစ်မည့်ရက်နှင့်အချိန်
၂၉-၉-၂၀၁၅ရက်(အင်္ဂါနေ့) (၁၂:၀၀)နာရီတိတိ

(ဃ) အိတ်ဖွင့်တင်ဒါတင်သွင်း/ဖွင့်လှစ်မည့်နေရာ
မြန်မာ့မီးရထား၊ ရန်ကုန်ဘူတာကြီး၊ စခန်းသာဧည့်ခန်းမဆောင်

မှတ်ချက်။ (၁) အထက်အပိုဒ်ခွဲ(ခ)ပါ နေရာများတွင် အိတ်ဖွင့်တင်ဒါလေလံယှဉ်ပြိုင်ခွင့်ပုံစံနှင့် စည်းကမ်းချက်များအား (၁)စုံလျှင် (၁၀၀၀၀/-) ကျပ်နှုန်းဖြင့် ၂၂-၉-၂၀၁၅ ရက်မှစ၍ နေ့စဉ်(၀၉း၀၀)နာရီမှ (၁۵း၀၀)နာရီအထိ (နံနက်ရက်အပါအဝင်) ၂۹-۹-၂၀၁၅ရက် ၁၀း၀၀နာရီထိ ဝယ်ယူနိုင်ပါသည်။
ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ် (Q-13)၊ မြကန်သာလမ်း၊ (၄)ရပ်ကွက်၊ နေ (ဦးညွှန့်မောင်-ဒေါ်ခင်ပု)တို့၏သမီး၊ ဦးအေးကို (ဥက္ကဋ္ဌ-မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်)၏ဇနီး၊ ဦးဇော်ညွန့်ဦး(မန်နေဂျင်းဒါရိုက်တာ-မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်)-ဒေါ်မေမြတ်ကြူ၊ ဦးအောင်ကျော်ဦး(President & CEO မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်)၊ ဦးအောင်ထွန်း-ဦး(ခ)ဦးထွန်း-ထွန်း-ဦး(ဒါရိုက်တာ၊ မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်)-ဒေါ်ကြူကြူချိုတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွား ဒေါ်နုနခင်သည် ၂၁-၉-၂၀၁၅ရက် နံနက် ၄း၂၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၁၅ရက်မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်တင်မြင့် (၇၆)နှစ်

ရန်ကုန်မြို့၊ ရွှေပေါက်တံ၊ မြင်စိုင်း လမ်း၊ အမှတ်(၂၅၀)နေ ဦးအုန်းမြင့် (တပ်မတော်-လေ၊ ငြိမ်း)၏ဇနီး၊ (ဒုတိုလ် အောင်ထွန်းဦး)၊ ဦးသောင်း-ဒေါ်ခင်လေးမြင့်၊ ဦးသန်းထိုက်-ဒေါ်နီလာမြင့်၊ ဦးဇော်သက်ထွေး-ဒေါ်သီတာမြင့် (Singapore)တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၂၁-၉-၂၀၁၅ ရက် ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ညောတုန်းမြို့နယ်အသင်း(ရန်ကုန်)

ဦးသိန်းအောင်(ရာ/၁၇၀၇)

ဥပဒေအရာရှိ(ငြိမ်း)

အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ သယ်နန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်းမကြီး၊ သုမဝဏ်လာ အိမ်ရာ(၁)၊ တိုက်(၂၆/၁)၊ အခန်း(၅၀၃) နေ (ဦးဘဝင်း-ဒေါ်စိန်သင်း)တို့၏ သားငယ်၊ ဒေါ်လှညိုတို့၏ခင်ပွန်း၊ မမိုးသူဇာ အောင်၊ ကိုမျိုးဇော်ထွန်း-မသက်သက်မော်၊ ကိုမင်းသန်းထိုက်-မသိမ့်သိရိထွန်းတို့၏ဖခင်ကြီး၊ ဖိုးသား၏အဘိုးသည် ၁၈-၉-၂၀၁၅ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၅ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။ အမှုဆောင်အဖွဲ့

ဦးဟုတ်ဝီ(ရေးတောင်ဘုံရွာ)

အသက်(၅၇)နှစ်

B.Econ(Eco)(1982)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ်(၁၈၁)၊ မြေညီထပ်နေ ဒေါ်လှဲလှဲသင်း၏ခင်ပွန်း၊ တာမွေမြို့နယ်နေ (ဦးအန်စိန်-ဒေါ်ခင်အိုင်)တို့၏သားကြီး၊ မရည်မွန်ဦး၊ မရွှေဝင်ဦး၊ မောင်နေမျိုးလင်းတို့၏ ကျေးဇူးရှင် မွေးသဖခင် ဦးဟုတ်ဝီသည် ၂၀-၉-၂၀၁၅ (တနင်္ဂနွေနေ့) နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၉-၂၀၁၅(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကြွယ်လွန်သူအားရည်စူး၍ ၂၆-၉-၂၀၁၅ (စနေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အမှတ်(၂)တပ်မတော် ခုတင်(၅၀၀) ဆံ့စစ်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

ဒေါ်ကာတာဒေါ်ခင်သန်းမြင့် (ဗိုလ်မှူး-ငြိမ်း)

ဆေးတပ်ဖွဲ့၊ဆမ-၂၈၀၊BC-၃၃၈၅)

အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ကမ္ဘာအေးစေတီလမ်း၊ ဂမုန်းပွင့်ကွန်ဒို၊ ခုနစ်လွှာ၊ အမှတ်(၇) E&Fနေ (ဒေါက်တာ A.S Nair-ဒေါ်သိန်းမေ)တို့၏သမီး၊ ဒေါက်တာဦးမျိုးမြင့်၊ ဒေါ်ချိုချိုငြိမ်း၊ (ဒေါ်တင်တင်ငြိမ်း)၊ ဦးစိုးမြင့်ငြိမ်း၊ (ဦးသက်မြင့်ငြိမ်း)၊ ဒေါ်ယုဝေငြိမ်း၊ ဒေါ်သက်နွယ်ငြိမ်း၊ ဦးမောင်မောင်ငြိမ်း၊ ဒေါ်မြင့်မြင့်သန်းငြိမ်း၊ ဒေါ်ခင်ခင်ကြီး၊ ဦးစံမင်း၊ (ဦးနိုင်မင်း)၊ (ဦးမိုးမင်း)၊ ဒေါ်တင်မူအောင်(ခ) Julie၊ ဦးနေမျိုးအောင်(ခ)Edwin၊ (ဦးနိုင်အောင်)၊ ဦးအေးအောင်၊ ဒေါ်စန္ဒာအောင်၊ ဦးမင်းအောင်၊ ဒေါ်သဇင်အောင်၊ ဦးမျိုးထွန်း၊ ဒေါ်မလာမြင့်၊ ဦးအောင်ဖေသန်း၊ ဒေါက်တာဦးလင်းဖေသန်း၊ ဦးအုပ်စိုးဖေသန်း၊ ဦးဇင်ပိုင်ဖေသန်းတို့၏အဘေါ် ဒေါက်တာဒေါ်ခင်သန်းမြင့်(ဗိုလ်မှူး-ငြိမ်း)သည် ၁၉-၉-၂၀၁၅ (စနေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အမှတ်(၂)တပ်မတော် ခုတင်(၅၀၀) ဆံ့စစ်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ အသိပေးအကြောင်းကြားအပ်ပါသည်။ [ကြွယ်လွန်သူအားရည်စူး၍ ၂၆-၉-၂၀၁၅ (စနေနေ့) နံနက် ၈ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်း၊ဒါယိကာမကြီး

ဒေါ်မေမေဟန် (၈၃)နှစ်

**(ဦးဘအေး-ဒေါ်လှဝင်း)တို့၏သမီး၊ (ဦးဘိုးထိုက်-ဒေါ်ပု)တို့၏သမီးချွေးမ၊ ဗိုလ်မှူးမောင်မောင် (လေယာဉ်မှူးကြီး-ငြိမ်း)၏ဇနီး၊ ဒေါ်ခင်ဝင်း၊ ဒေါ်ခင်အေး-ဦးသက်ဝေ၊ ဦးမောင်မောင်အေး-ဒေါ်အေးအေးဇင်၊ ဒေါက်တာမောင်မောင်လတ်-ဒေါက်တာသင်းပါကြည်၊ဦးမောင်မောင်ထွေး(ဒေါ်ခင်မော်လွင်)တို့၏မိခင်၊ မြေး ၁၄ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွား ဒေါ်မေမေဟန်သည် ၂၀-၉-၂၀၁၅ (တနင်္ဂနွေနေ့) နံနက် ၂ နာရီတွင် ခြိုအမှတ် (F/3)၊ ချမ်းသာရွှေပြည် အိမ်ရာ၊ အနော်ရထာလမ်း၊ (၁၀) ရပ်ကွက်၊ အရှေ့ဒဂုံမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ အသိပေးအပ်ပါသည်။ [ကြွယ်လွန်သူအားရည်စူး၍ ၂၆-၉-၂၀၁၅ (စနေနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးစောမောင် (၈၂)နှစ်

အထက(၁)လသာကျောင်းဆရာ(ငြိမ်း)

ဒေါ်ပုံမြို့နယ်၊

တရားသူကြီးအဖွဲ့ဝင်(ငြိမ်း)၊

ဌာနမှူး၊အထည်လိပ်စက်မှု-၁(ငြိမ်း)

ကျောက်မန်းတောင်းမြို့နယ်၊ ဘူတာစံပြရပ်ကွက်နေ (ဦးချစ်ရာ-ဒေါ်ဝေါ်ဝန်တာ)တို့၏သား၊ (ဦးဘစိန်-ဒေါ်သိန်းမြ)တို့၏သမက်၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ သီရိရတနာလမ်း၊ အမှတ်(၁၀)နေ ဒေါ်ခင်အိ (အမက-၁၁၊ ငြိမ်း)၏ခင်ပွန်း၊ ကိုထွန်းမြင့်အောင်-မနီလာစော၊ ကိုအောင်နိုင်စော-မခင်ယုယုမွန်၊ ကိုစည်သူစော-မမြမြအေး၊ ကိုအောင်မိုးစော-မဝင်းဝင်းစန်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်မျိုးသက်အောင်၊ မောင်စွမ်းရည်အောင်၊ မကြည်စင်လင်းလက်၊ မောင် Oxygen စည်သူစောတို့၏အဘိုးသည် ၂၀-၉-၂၀၁၅ (တနင်္ဂနွေနေ့) နံနက် ၀၀း၁၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၆-၉-၂၀၁၅(စနေနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။) [ကြွယ်လွန်သူအားရည်စူး၍ ၂၆-၉-၂၀၁၅ (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ ရန်ကုန်မြို့၊ အမှတ်(၁၀)၊ သီရိရတနာလမ်း၊ ဝါဆိုရပ်ကွက် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးအောင်ကြွယ် (၇၆)နှစ်

မြို့နယ်ကုန်သွယ်ရေး-ငြိမ်း

ပဲခူးမြို့၊ လက်ပံတန်းနေ (ဦးမြ-ဒေါ်သက်ရီ)တို့၏သား၊ ပဲခူးမြို့၊ ညောင်ပိုင်း (၁၀)လမ်း၊ အမှတ် (၁၂၃)နေ ဒေါ်ခင်သိန်းမြင့်၏ခင်ပွန်း၊ (ဦးစိုးဝင်းလှိုင်)-ဒေါ်သန်းသန်းနွဲ့တို့၏ မောင်၊ ဦးစံမြင့်-ဒေါ်ကြည်ကြည်ညွှန့်တို့၏သား၊ ဦးအောင်သန်းကြွယ်၊ ဒေါ်ဇာနည်အောင်ကြွယ်၊ ဒေါ်သန်းသန်းတင်၊ ဦးအောင်သက်ကြွယ်၊ ဦးသက်ထွေးလွင်-ဒေါ်မေသက်ကြွယ်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၀-၉-၂၀၁၅ (တနင်္ဂနွေနေ့) နံနက် ၁ နာရီတွင် အမှတ် (၄၀/ဂ+ခ)၊ သီရိမင်္ဂလာမြို့ပတ်လမ်း၊ (၅/၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၉-၂၀၁၅ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ကျေချောင်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးမောင်ကျော်(ငြိမ်း) (၉၁)နစ်

နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူး ဇနီး ဒေါ်သက်ထားတင်တို့၏ဖခင်၊ ဒေါ်တင်တင်အေး၏ခင်ပွန်းဖြစ်သူ ဒုတိယဗိုလ်မှူးကြီး မောင်ကျော်(ငြိမ်း)သည် ၁၉-၉-၂၀၁၅ (စနေနေ့) မွန်းလွဲ ၂း၁၀နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အဖွဲ့ဝင်ဦးမြသိန်းနှင့် ဇနီး ဒေါ်ရီရီဝင်း

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ဝမ်းနည်းကြေကွဲခြင်း

အထက(၁) ဒဂုံ XI (A) (83-84 Batch) သူငယ်ချင်းနိုင်နိုင်ကျော်၏ဖခင် ဒုတိယဗိုလ်မှူးကြီးမောင်ကျော်(ငြိမ်း) (စစ်သံမျှား၊ ကြည်း/ရေ/လေ၊ ငြိမ်း) အသက် (၉၁)နှစ်သည် ၁၉-၉-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရသည့်အတွက် သူငယ်ချင်းမိသားစုနှင့်တကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၈၄ အထက(၁) ဒဂုံ XI (A)မှ သူငယ်ချင်းများ

အာနိဋ္ဌ

ဘုရား၊ရဟန်း၊ကျောင်း၊ဒါယိကာ မကြီး

ဒေါ်မေမေဟန် (၈၃)နှစ်

(ဦးဘအေး-ဒေါ်လှဝင်း)တို့၏သမီး၊ (ဦးဘိုးထိုက်-ဒေါ်ပု)တို့၏သမီးချွေးမ၊ ဗိုလ်မှူးမောင်မောင် (လေယာဉ်မှူးကြီး-ငြိမ်း)၏ဇနီး၊ ဒေါ်ခင်ဝင်း၊ ဒေါ်ခင်အေး-ဦးသက်ဝေ၊ ဦးမောင်မောင်အေး-ဒေါ်အေးအေးဇင်၊ ဒေါက်တာမောင်မောင်လတ်-ဒေါက်တာသင်းပါကြည်၊ဦးမောင်မောင်ထွေး(ဒေါ်ခင်မော်လွင်)တို့၏မိခင်၊ မြေး ၁၄ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွား ဒေါ်မေမေဟန်သည် ၂၀-၉-၂၀၁၅ (တနင်္ဂနွေနေ့) နံနက် ၂ နာရီတွင် ခြိုအမှတ် (F/3)၊ ချမ်းသာရွှေပြည် အိမ်ရာ၊ အနော်ရထာလမ်း၊ (၁၀) ရပ်ကွက်၊ အရှေ့ဒဂုံမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကြွယ်လွန်သူအားရည်စူး၍ ၂၆-၉-၂၀၁၅(စနေနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။) [ကြွယ်လွန်သူအားရည်စူး၍ ၂၆-၉-၂၀၁၅ (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ ရန်ကုန်မြို့၊ အမှတ်(၁၀)၊ သီရိရတနာလမ်း၊ ဝါဆိုရပ်ကွက် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်လုံး(ခ)ဒေါ်မိမိနိုင်

အသက်(၆၉)နှစ်

မွန်ပြည်နယ်၊ တောင်စွန်းမြို့နယ်နေ (ဦးဘို့-ဒေါ်ရှယ်မိန်)တို့၏ သမီး၊ (ဦးကျင်ဝက်-ဒေါ်ကျင်တိ)တို့၏ သမီးချွေးမ၊ ဦးသောင်းမင်း (ဦးစီးအရာရှိ-ငြိမ်း)၊ အကျည်ဦးစီးဌာန)၏ဇနီး၊ ဒေါ်ခင်စန္ဒာမင်း (မန်နေဂျာ၊ ကစစ-၂၃၊ ညောင်ခြေထောက်)၊ ဦးရဲမင်းထွန်း(ဦးစီးအရာရှိ၊ မြို့ပြ၊ လမ်းဦးစီးဌာန)၊ မော်ဘီ)-ဒေါ်ချောယမ်ဦးတို့၏မွေးသမီး၊ မြေးနှစ်ယောက်တို့၏အဘွားသည် ၂၀-၉-၂၀၁၅ရက်တွင် ပြည်မြို့၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ [ကြွယ်လွန်သူအားရည်စူး၍ ၂၄-၉-၂၀၁၅ရက်တွင် ကစစ(၂၃) အရာရှိ အိမ်ရာ၊ ညောင်ခြေထောက် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးအုံပရာကာစ်(ခ)ဦးစိုးညွန့်

အသက်(၅၆)နှစ်

ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၁၄၀)၊ (၄၅)လမ်း၊ ခုနစ်လွှာ(စီ)၊ (၁၀) ရပ်ကွက်နေ (ဦးရာမစရိ-ဒေါ်ထရီဇာ)တို့၏သားကြီး၊ ဦးအုံပရာကာစ်(ခ) ဦးစိုးညွန့်သည် ၁၈-၉-၂၀၁၅ရက်တွင် ဗဟိုရဲစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၅ရက်တွင် ရေဝေးဟိန္တူ သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကြွယ်လွန်သူအားရည်စူး၍ ၂၄-၉-၂၀၁၅ရက် နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန်၊ စာကြည့်တိုက် အလှူရှင်

ဦးကောက် (၉၅)နှစ်

(ဦးကောက်-မုန့်မျိုးစုံဖြန့်ချိရေး) ပဲခူးမြို့

(စိန်စတိုး-ဘုရင့်နောင်ပွဲရုံ) ရန်ကုန်မြို့

ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်း၊ ချမ်းမြေ့ရိပ်သာကျောင်းတိုက် ဆရာတော် ဥဒုဏဝန၏ရဟန်းဒါယကာကြီး၊ ပဲခူးမြို့နေ ဒေါ်သန်းသန်းမြင့် (ဦးကောက်မုန့်တိုက်)၊ ရန်ကုန်မြို့နေ ဦးမျိုးရီ-ဒေါ်ငြေးမြင့်၊ ပဲခူးမြို့နေ ဒေါ်အေးအေး(ပွင့်ရတနာအဆင့်မြင့် မူကြိုကျောင်း၊ ပဲခူး)၊ ဒေါ်ယုယု(စိန်စတိုး၊ ဘုရင့်နောင်ပွဲရုံတန်း)တို့၏မွေးသဖခင်၊ မောင်ဇော်မျိုးထွန်း၊ မချောစုသဇင်တို့၏ဘိုးဘိုးကြီး၊ အမှတ်(K1A)၊ ဝိတောက်လမ်းသွယ်(၂)၊ မြရိပ်မွန်အိမ်ရာ၊ (၄)ရပ်ကွက်၊ လှိုင်မြို့နယ်နေ (ဒေါ်အုန်း)၏ချစ်လင်္ဂဟာသောခင်ပွန်းသည် ၂၁-၉-၂၀၁၅(တနင်္လာနေ့) နံနက် ၉း၀၅နာရီတွင် ရန်ကုန်မြို့၊ SSC ဆေးရုံ အထူးကြည်မတ်ဆောင် ICU၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၁၅(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၁၀နာရီတွင် ထွက်ပါမည်။) [ကြွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၁၅(တနင်္လာနေ့)တွင် အမှတ်(K1A)၊ ဝိတောက်လမ်းသွယ်(၂)၊ မြရိပ်မွန်အိမ်ရာ၊ (၄)ရပ်ကွက်၊ လှိုင်မြို့နယ် (ဒေါ်အုန်း)၏ချစ်လင်္ဂဟာ ဦးကောက်ကို ရန်ကုန်မြို့ SSC ဆေးရုံ ICU၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၁၅(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတားဒါယိကာမကြီး

ဒေါ်လှ(ပြင်ဦးလွင်) (၈၉)နှစ်

ပြင်ဦးလွင်မြို့နေ(ဦးသြဘာ)၏ဇနီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် သုရဝိနီ-ဒေါ်ခင်မလေး၊ ရန်ကုန်မြို့နေ ဗိုင်းစိန်ဝင်း-နန်းထွေးမှုံ၊ ပြင်ဦးလွင်နေ ဗိုင်းအောင်ကြည်-နန်းသီတာလွင်၊ မုံရွာမြို့ လစရရ(၆)နေ ဒုအရာခံဗိုလ်ရိုင်းမြတ်သင်း-ဒေါ်မာမာချစ်၊ မနှင်းနှင်းမူတို့၏ချစ် လှစွာသော မွေးသမီခင်၊ မြေးကိုးယောက်တို့၏ချစ်လင်္ဂဟာသောအဘွားသည် ၂၁-၉-၂၀၁၅ (တနင်္လာနေ့) နံနက် ၄း၁၀ နာရီတွင် နေပြည်တော်ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၉-၂၀၁၅ ရက် ညနေ ၃ နာရီတွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [နေပြည်တော် ခုတင် (၁၀၀၀) ရေခဲတိုက်မမ္မာရုံ၌ မွန်းလွဲ ၁း၃၀နာရီတွင် သရဏာဂုဏ်တင်ပြီး မွန်းလွဲ ၂ နာရီတွင် ကားများထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း ဒါယိကာမကြီး

ဒေါ်စိန်တင် (၈၅)နှစ်

ရွှေဘိုမြို့ဇာတ်နိပါတ်တော်၊ ပန်းချီဆရာကြီး ဦးဘထန်-ဒေါ်မြသိန်း(ခ) ဒေါ်ရွှေဘုတ်)တို့၏သမီး၊ မော်လမြိုင်မြို့၊ အောက်လမ်းမကြီး၊ စစ်ကဲကုန်းရပ်ကွက်၊ စိုးမိုးစာပုံနိပ်တိုက်၊ အမှတ်(၂၇၉)နေ ဦးဖေသန်း၏ဇနီး၊ ဒုတိယဗိုလ်မှူးကြီး အောင်သန်းလွင်(ငြိမ်း)-ဒေါ်အေးမိစတို့၏အစ်မ၊ ဦးလက်မြင့်အောင်-ဒေါ်ခင်စန်းဝေ (May International School)၊ (ဦးမျိုးဝေ)၊ ဦးကိုကိုနိုင်(Artist)-ဒေါ်ငြေးငင်း၊ ဦးမြင့်နိုင် (စိုးမိုးပုံနှိပ်တိုက်)၊ ဒေါ်မိုးမိုးမြတ်(ကထိက၊ ဓာတုဗေဒ)၊ ဦးအောင်ကိုလတ် (High Tech)-ဒေါ်စိုးစိုးမြတ် (English teacher)တို့၏မိခင်၊ မောင်သက်ကိုကို၊ မယေမာန်ကိုကို၊ မောင်ပြည့်ဖြိုးဝေအောင်(သရုပ်ဆောင်ဟိန်းစစ်)၊ မောင်စောထွန်းနောင်-မယုဇနဝေအောင်၊ မဆုပြည့်ပြင်း၊ မောင်ကောင်းဆုရစ်တို့၏အဘွားသည် ၂၀-၉-၂၀၁၅ (တနင်္လာနေ့) နံနက် ၉း၃၀ နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကြွယ်လွန်သူအားရည်စူး၍ ၂၄-၉-၂၀၁၅ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ တိုက်(၂၁)၊ သုံးလွှာ(ယာ) ဗိုလ်သူရလမ်း၊ ဗိုလ်စိန်မှန်နရပ်ကွက်၊ ဗဟန်းမြို့နယ် ဒေါ်ခင်စန်းဝေ ၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးသိန်းလွင်(ခ)တော်ဘူးညို

(လှည်းကူး)

ကုန်သွယ်ရေး(ငြိမ်း)

အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၇) ရပ်ကွက်၊ (၂၄)လမ်း၊ အမှတ်(၄၅)၊ မြေညီထပ်နေ (ဦးအိန်ချောင်-ဒေါ်ရီ)တို့၏သား၊ (ဦးပွင့်ကြည်-ဒေါ်သိန်းကြည်)တို့၏သားသမက်၊ ဒေါ်ညွှန့်ညွှန့်ရီ၏ခင်ပွန်း၊ မအေးမိမိစိုး-ကိုကျော်စွာလှိုင်၊ ကိုနေယု-မသိမ်ဝသူဌာဝင်း၊ ကိုဇော်ယုတို့၏ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၂၁-၉-၂၀၁၅ (တနင်္လာနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၁၅ (ဗုဒ္ဓဟူးနေ့) နေ့လယ် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၇ နာရီတွင် ထွက်ပါမည်။) [ကြွယ်လွန်သူအားရည်စူး၍ ၂၆-၉-၂၀၁၅ (စနေနေ့) နံနက် ၆နာရီမှ ၈နာရီတွင် ကွမ်းခြံကုန်းမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၉-၂၀၁၅(တနင်္လာနေ့)တွင် အမှတ်(K1A)၊ ဝိတောက်လမ်းသွယ်(၂)၊ မြရိပ်မွန်အိမ်ရာ၊ (၄)ရပ်ကွက်၊ လှိုင်မြို့နယ် (ဒေါ်အုန်း)၏ချစ်လင်္ဂဟာ ဦးကိုကို ရန်ကုန်မြို့ SSC ဆေးရုံ ICU၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၁၅(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယိကာမကြီး

ဒေါ်အေးသင် (၉၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ အမှတ်(၈၃)၊ သုံးပန်လှလမ်း၊ ဈေးပိုင်းရပ်ကွက်နေ (ဦးစံရွှေ-ဒေါ်ဘူး)တို့၏သမီး၊ (ဦးအောင်သာ-ဒေါ်ရွှေအိမ်)တို့၏သမီးချွေးမ၊ (ဆရာကြီး ဦးသာလှိုင်)၏ဇနီး၊ အငြိမ်စားကျောင်းဆရာမ ဒေါ်မြင့်ဝင်း၊ ဦးအောင်မွန်-ဒေါ်အေးသန်း၊ ဦးရွှေဝင်

ဈေးနှုန်းသက်သာပြီး ပြည်သူကို အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်သည့် အမျိုးသားဓာတ်အားပေးစနစ် ဖြစ်ရန်လိုအပ်

နေပြည်တော် စက်တင်ဘာ ၂၁

အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး အမှုဆောင်ကော်မတီအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး အမှုဆောင်ကော်မတီနာယက ဒုတိယသမ္မတ ဦးဉာဏ်ထွန်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဦးအုန်းမြင့်၊ ဦးဇေယျာအောင်၊ ဦးမောင်မြင့်၊ ဦးဝင်းရှိန်၊ ဒေါက်တာကိုကိုဦး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍဆိုင်ရာ အမျိုးသားအဆင့် စီမံချက်ကြီးသုံးခုဖြစ်သည့် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ပူးပေါင်းရေးဆွဲသည့် အမျိုးသားစွမ်းအင်စီမံချက်၊ ဂျပန်နိုင်ငံနိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် ပူးပေါင်းရေးဆွဲသည့် အမျိုးသားလျှပ်စစ်ဓာတ်အားစီမံချက်၊ ကမ္ဘာ့ဘဏ်အုပ်စုနှင့် ပူးပေါင်းရေးဆွဲသည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်များကို တာဝန်ခံဝန်ကြီးဌာနများနှင့် ကျွမ်းကျင်ပညာရှင်များက အသေးစိတ်လေ့လာသုံးသပ်ပြီး ရေးဆွဲခဲ့ပါကြောင်း။

မြန်မာနိုင်ငံအတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံချက်ကို ကမ္ဘာ့ကုလသမဂ္ဂ၏

စာမျက်နှာ ၃ ကော်လံ ၃ သို့ ❖

ဒေါ်လာ သန်း ၃၃၀ ကုန်ကျမည့် သီလဝါအထူးစီးပွားရေးဇုန် တိုးချဲ့ရေးစီမံကိန်း ၂၀၁၆ ခုနှစ် နွေရာသီတွင် ပြီးမြောက်မည်

စာမျက်နှာ - ၃

အောက်တိုဘာလကုန်၌ လျှပ်စစ်ရထား စမ်းသပ်ပြေးဆွဲမည်

စာမျက်နှာ - ၅

စက်ရုက်ကန်းလုပ်ငန်းများဖြင့် ဖွံ့ဖြိုးတိုးတက်လာသည့် ဝမ်းတွင်းမြို့က ထီးလှိုင်ကျေးရွာ

စာမျက်နှာ - ၁၁

မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေး ကားမောင်းပွဲတော်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၁

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီး အစိုးရတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာ-ထိုင်းနှစ်နိုင်ငံ မောင်နှမမြို့တော်များအကြား ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်စေရန်နှင့် ချစ်ကြည်ရင်းနှီးမှုပိုမိုလာစေရန် အတွက် ထိုင်းနိုင်ငံ ပရာကျွတ်ခီရီခန်ခရိုင်ဝန်ဦးဆောင်သော မော်တော်ယာဉ်အစီးရေ ၁၀၂ စီးဖြင့် အဖွဲ့ဝင် ၃၅၀ ပါဝင်သော မောတောင်၊ စင်ခွန်းနယ်စပ်ဖြတ်ကျော် ကားမောင်းပွဲတော်ကို စက်တင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ကျင်းပခဲ့သည်။

အဆိုပါအဖွဲ့သည် စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ပရာကျွတ်ခီရီခန်ခရိုင် စင်ခွန်းနယ်စပ် ဂိတ်မှ ကားမောင်းပွဲတော် စတင်ဖွင့်လှစ်ရန် မောတောင်ဂိတ်သို့ရောက်ရှိခဲ့သည်။

ဆက်လက်၍ မောတောင်နယ်စပ် ဂိတ်မှ ယာဉ်တန်းများ စတင်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် တနင်္သာရီမြို့သို့ လည်းကောင်း၊ ညနေပိုင်းတွင် မြိတ်မြို့သို့လည်းကောင်း ရောက်ရှိခဲ့သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍

အာရှယူ-၁၉ ခြေစစ်ပွဲ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်

သတင်းနှင့်ဓာတ်ပုံ - ရှင်းထက်ဇော်

ရန်ကုန် စက်တင်ဘာ ၂၁

ယခုစက်တင်ဘာလမှာ မြန်မာဘောလုံးလောကအတွက် နိုင်ငံတကာပြိုင်ပွဲများ ဆက်တိုက်ယှဉ်ပြိုင်နေရသည့် ကာလဖြစ်ပြီး မကြာမီ နိုင်ငံတကာပြိုင်ပွဲတစ်ခု ထပ်မံယှဉ်ပြိုင်ရတော့မည်ဖြစ်သည်။ ၂၀၁၆ အာရှယူ-၁၉ ပြိုင်ပွဲဝင်ခွင့်အတွက် ခြေစစ်ပွဲများကို စက်တင်ဘာ ၂၈ ရက်မှစတင်ကာ ကျင်းပမည်ဖြစ်သည်။

အာရှယူ-၁၉ ခြေစစ်ပွဲကို အုပ်စု ၁၀ စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု (G) ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် ၂၀၁၄ ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော ကြောင့် ခြေစစ်ပွဲယှဉ်ပြိုင်စရာမလိုဘဲ နောက်ဆုံးအဆင့် ပြိုင်ပွဲကို တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။ ၂၀၁၄ အာရှယူ-၁၉ ပြိုင်ပွဲမှာ မြန်မာ့ဘောလုံးသမိုင်း၌ မမေ့နိုင်စရာ ပြိုင်ပွဲဖြစ်ခဲ့ပြီး ၂၀၁၅ ဖေဖေါ်ဝါရီ-၂၀ ကမ္ဘာ့ဖလားဝင်ခွင့်ကို ကွာတားဖိုင်နယ်၌ ယူအေအီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူကာ ရယူနိုင်ခဲ့သည်။ မြန်မာအသင်းကို ကမ္ဘာ့ဖလားဝင်ခွင့်ရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် နည်းပြ ဂတ်ဖရိုင်းဒရစ်ကပင် ယခု ယူ-၁၉ အသင်းကို ဆက်လက်ကိုင်တွယ်မည်ဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✪

ရာပြည့်® ကြက်လည်ဆံလက်ဖက်ခြောက် အမှတ်တံဆိပ် အပန်ရည်
ကြက်လည်ဆံလက်ဖက်ခြောက် ခရေခန္ဓားကြမ်းစမ္ပားစမ္ပားကခေလး အရသာကို စံစားရင်း ဆီးချိုခရောဂါ၊ ဆီးပူညောင်းကျခြင်း၊ ဆီးခကျောက်တည်ခြင်း၊ အသည်းရောင်အသားဝါဖြစ်ခြင်း ခေသွေးတိုးခြင်း၊ ဇက်ခကြောတက်ခြင်း၊ ဆီးနည်းခြင်း၊ ကိုယ်လက်ခေလေးလဲ ထိုင်းမှိုင်းခြင်း၊ လန်းဆန်းခွန်အား ပြစ်စေခြင်းတို့အတွက် စိတ်ကျေနပ်မှုရစေပါမည်။ ယင်းခရောဂါများ မပြစ်မွားစေရန် ကြိုတင်၍ ကာကွယ်မှုအပြစ် အမြဲသောက်သုံးနိုင်ပါသည်။ "ကြက်လည်ဆံလက်ဖက်ခြောက်၊ အခန့်ရှိတဲ့အမြဲသောက်ပါက ....
ဆီးချို၊ သွေးတိုးနဲ့ ဆီးရောဂါ ဖုန်အမှု၊ အဝေးရောက်ပေလိမ့်"
ဝင်ရင်း- ရာပြည့်ဆေးဝါးထုတ်လုပ်ခရေ yarpyaenine@gmail.com
ခြံအမှတ် ၃၄ အီ+၂ ကျောက်ကုန်းလမ်း၊ ၁၄ ရပ်တွက်၊ ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း-၀၉ ၂၅၁၃ ၅၃၃၅၊ ၀၉ ၂၅၁၂ ၀၆၃၂၆၊ ၀၉ ၂၅၁၂ ၀၆၃၂၆ ခြင်္သေ့ကျီးရေး - ကိုဝင်းမြင့် + မခေတာ်
ကမ်းနားလမ်းနှင့် ၁၅လမ်းထိပ်၊ရန်ကုန်မြို့၊ ၀၁-၂၂ပြဲ၀၅၂ ထူးဆုခမဏ္ဍာတော်။ ၂၄လမ်း၊ ရန်ကုန်မြို့၊ ၀၁-၂၄၁၀၃၁၊ ခေါ်ညီ့ဆေးဆိုင်၊ သင်္ဃဇိုမြို့၊ ၀၉ ၉၃၄၄၅၅၃၄၂ မတူးမရူး ဈေးဆိုင် မန္တလေးမြို့၊ ၀၂-၃၁၄၄၃၃၊ Super One နှင့် ဝမ္ဘန်းမွန်ကုန်တိုက်များအားလုံး

ကြေးမုံ Mirror
၂၀၁၅ ရွေးကောက်ပွဲ အထူးကဏ္ဍအချပ်ပို
စက်တင်ဘာ ၂၂ ၂၀၁၅
စာမျက်နှာ-၁

မဲဆန္ဒရှင်နှင့် သတင်းမီဒီယာ

မြန်ဂုဏ်ဆောင်

(ယမန်နေ့က အဆက်)

အဆိပ်နှင့်တူမျှသော ဆိုးကျိုးများစွာကို တစ်ချိန်တည်း၊ တစ်ပြိုင်နက်တည်း ကျရောက်နိုင်စွမ်းသော 'အမုန်းစကား'များကို နားထောင်စေခြင်း၊ ပြောဆိုသုံးနှုန်းခြင်းက လူအများစု ပတ်ဝန်းကျင်တစ်ခုကို ယုံကြည်မှုပျက်ပြားစေသည်။ ပဋိပက္ခများက အသိုင်းအဝိုင်းတစ်ခုလုံးကို ပဲ့တင်ထပ်သွားစေသည်။

လက်ထဲတွင်ကိုင်ထားသော စမတ်ဖုန်းတစ်လုံးက အဆိပ်လူသားတစ်ဦး၏ ပြောဆိုလိုက်သော အမုန်းစကားများကို အချိန်တိုကာလအတွင်း တစ်ကမ္ဘာလုံးသို့ လှိုင်းဂယက်ထသွားစေသည်။ အွန်လိုင်းမျက်နှာစာပေါ်မှ လူသားတို့၏အမုန်းစကား၊ အမုန်းတရားများကို နိစ္စဓုဝ မြင်ကြရသည်။ ကြားသိရသည်။ အမုန်းတရားများ ရစ်သိုင်းလွှမ်းခြုံထားသော အမုန်းစကားများ အမြန်ဆုံး ပျံ့နှံ့မှုဖြင့် ပျံ့နှံ့သွားသည်။ ဆဝွားသာမက ရာထောင်မကသော ထပ်ဆင့်ထပ်ဆင့်စကားများမှာ ကမ္ဘာကြီးကို ကိုင်လှုပ်သွားစေသည်။

ရွေးကောက်ပွဲတွင် ဖြစ်ရိုးဖြစ်စဉ်အရ မရိုးသားမှု၊ ရှုပ်ထွေးမှု၊ မသမာမှုများက သမားရိုးကျသဖွယ် ကြုံတွေ့ရင်ဆိုင်ရတတ်သည်။ ဒီမိုကရေစီစနစ်သို့ ဦးတည်သွားရာတွင် လမ်းကြောင်းတစ်လျှောက် ကြုံတွေ့ရတတ်သော ပြဿနာတစ်ခုပင်ဖြစ်သည်။

ရွေးကောက်ပွဲမတိုင်မီ ကာလတိုတစ်ခုအတွင်း အမုန်းစကား(Hate Speech)များကို အသုံးပြုမှုများ ဟိုမှသည်မှ ထွက်ပေါ်တတ်သည်။ ပုဂ္ဂိုလ်ရေးထိခိုက်မှု၊ ပုဂ္ဂိုလ်ရေးစော်ကားမှု(Personal Attack)တို့ ဖြစ်ပေါ်တတ်သည်။

အချင်းချင်း အွန်လိုင်းပေါ်မှာ အမုန်းစကားများ ထပ်ခါ ထပ်ခါဆိုတတ်သည်။ ဆက်သွယ်ရေးမီဒီယာ လိုင်းကလည်း ထက်မြက်သွက်လက်လာသည်နှင့်အတူ လေအဟုန်တွင် လေဟုန်စီးလာသည်။ ကမ္ဘာကြီးထဲက အမုန်းစကားများက မနေ့တစ်နေ့ကမှ ဖွံ့ဖြိုးတိုးတက်လာသော အမိနိုင်ငံအပေါ် အရိပ်မည်းကြီးသဖွယ် အုပ်မိုးလာသည်ဟု ဆိုရမည်။ အသုံးချခံလက်နက် ပစ္စည်းအဖြစ် ရပ်တည်နေရာယူလာသည်။

ပုဂ္ဂိုလ်ရေးမုန်းတီးမှု ရန်ငြိုးရန်စကို အွန်လိုင်းပေါ်တွင် ခြေကုပ်ယူ၍ တစ်ဦးနှင့် တစ်ဦး၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့ မကောင်းမြင်ဝါဒလက်ကိုင်ပြု၍ ဖောဖောသီသီ အချိန်ကုန်ခံ၍ ရေးသားဖော်ပြတတ်သည်။

ရှေးခေတ်ဟောင်းက ပျားရည်တစ်စက်ကြောင့် ပြည်ပျက်ခဲ့ဖူးသည်။ ယခု အွန်လိုင်းပေါ်မှ ကလစ်(Click) တစ်ချက်ကြောင့် ပြည်ပျက်ရုံသာမက ကမ္ဘာကြီးပါ ပျက်သုဉ်းသွားနိုင်သည်။

ခေတ်များ ခေတ်များကား ပြောင်းလဲခဲ့ပြီး ရွာကြီးတစ်ရွာဖြစ်လာသောအခါ ကမ္ဘာကြီးပေါ်ရှိ အပြစ်မဲ့လူသားများအား အွန်လိုင်းဖေ့စ်ဘုတ်(Facebook)ပေါ်က အမုန်းစကားအနတ္တဖြင့် နိစ္စဓုဝ နားကို အဆိပ်ခတ်ခံနေရ ဆဲဖြစ်သည်။ အာကာသတွင် အသံမထွက်သော တိုက်ပွဲခေါ်သံများရှိနေသည်။

တရုတ်နိုင်ငံတွင် ဩဂုတ်လအတွင်းကဖြစ်ပွားခဲ့သော စတော့စျေးကွက်ပြိုကျမှုနှင့် တီယန်ကျင်း ဓာတုပစ္စည်းသိုလှောင်ရုံပေါက်ကွဲမှုအဖြစ်အပျက်များနှင့်ဆက်နွယ်၍ အွန်လိုင်းပေါ်တွင် ကောလာဟလများ ထုတ်လွှင့်ခဲ့မှုစွဲချက်ဖြင့် မီဒီယာဂျာနယ်လစ်တစ်ဦးနှင့် စတော့စျေးကွက် အရာရှိအပါအဝင် လူ ၁၉၇ ဦးကို အပြစ်ပေးခဲ့သည်ဟု တရုတ်အစိုးရပိုင် ဆင်ဟွာသတင်းဌာနက စက်တင်ဘာ ၁ ရက်က ညွှန်းဆိုခဲ့သည်။

ယနေ့မြန်မာ့မီဒီယာ၊ ဂျာနယ်လစ်နှင့် အွန်လိုင်းချစ်သူများ သတိချပ်သင့်ပါသည်။

ရွေးကောက်ပွဲနီးချိန် လပိုင်းအလိုတွင် ရွေးကောက်ပွဲကိုသာ အာရုံစိုက်ရမည့်အချိန်ကို ကောလာဟလသတင်း၊ စိုးရိမ်ထိတ်လန့်ဖွယ်သတင်း၊ ကုန်စျေးနှုန်း၊ စီးပွားရေးကမောက်ကမသတင်း၊ ဘဏ်ငွေကြေးကိစ္စသတင်းများကို ထုတ်လွှင့်တတ်သည်။ ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူများကို စိတ်အနှောင့်အယှက် ဖြစ်စေသည်။ မဲပေးမှဦးတည်ချက်ပစ်မှတ်ကို လမ်းလွဲစေသည်။ အားပြိုင်လွန်ဆွဲမှုကြားဝယ် မဲဆန္ဒရှင်ပြည်သူများ လျင်သောမျက်စိဖြင့် ကြည့်ရှုသုံးသပ်ဖို့လိုသည်။ မွေးရာပါအခွင့်အရေး၊ အသည်းကြားမှမဲတစ်ပြားကို ငါးနှစ်တစ်ကြိမ် ထည့်ပိုင်ခွင့်အရ ရွေးချယ်ပေးဖို့သာလိုပါသည်။

နှစ်ပေါင်း (၅၀)ကျော် ရာစုထက်ဝက်ကြာ စနစ်ဟောင်းအင्ဃေ့အသက်များကို မည်မျှကုန်စင်အောင်၊ ပဝေါက်အောင် ဖယ်ရှားနိုင်ပြီဆိုသည့် အဓိကအချက်ကို ဆန်းစစ်၍ ပြည်သူလူထု တိုင်းရင်းသားသွေးချင်းများက ယုံကြည်ကိုးစားကြမည်။ အားကိုးမည်။ ထို့ကြောင့် ဒုတိယ ငါးနှစ်သက်တမ်းကာလအတွက် ပြည်သူလူထု၊ တိုင်းရင်းသားသွေးချင်းများက ကိုးစားမှုခံရခြင်း၊ မခံရခြင်းကို အဆုံးအဖြတ်ပေးရန် င့်လင့်နေကြပါသည်။ အချိန်ပိုင်းအတွင်း သန့်ရှင်းမျှတမှန်ကန်သောရွေးကောက်ပွဲကိုသာ ပြည်သူက မျှော်လင့်နေကြသည်။

ယနေ့မဲဆန္ဒရှင်ပြည်သူတို့ကြား အတွေးကွန်ရက်က နှောင်ဖွဲ့နေပြီဖြစ်သည်။ ပြည်သူတိုင်းက ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ပါတီစွဲမထားဘဲ နိုင်ငံတော်မျက်နှာကိုကြည့်၍ ရွက်ဆောင်သင့်သည်။

နိုင်ငံရေးအရွှေ့အပြောင်းတစ်ခုတွင် တိုင်းရင်းသားပြည်သူများကြားဝယ် လုပ်ကြံ-လန်ကြုပ်သမား၊ အဖျက်သမားရန်ကို ဂရုထားဖို့လိုသည်။ လေသေနတ်ကျည်ဆန်၊ ပါးစပ်သေနတ်တို့က သန်းပေါင်းများစွာသော လူများကို အသက်ရှင်လျက်သေစေနိုင်သည်။

မည်သူက မည်သို့ပင်ဆိုစေကာမူ ကိုယ်ပိုင်အသိ၊ ကိုယ်ပိုင်အတွေး၊ ကိုယ်ပိုင်ဉာဏ်ဖြင့် ချင့်တွေး၊ ချင့်ယှဉ်ကြဖို့လိုအပ်သောအချိန်ကာလဖြစ်သည်။ ဤနေရာတွင် မြန်မာစာပေမှ ကျည်းကန်ရှင်ကြီး၏ မေတ္တာစာကို ငယ်စဉ် ရွာဦးကျောင်းဆရာတော် သင်ကြားခဲ့မှုကို ပြေး၍အမှတ်ရမိသည်။

'ပလုတ်တုတ်သံကြားတိုင်းလည်း ဆွမ်းလှူ ခွေးအူသံကြားတိုင်းလည်း တော်သလင်း၊ ဝင်းခင်းသည်မြင်တိုင်းလည်း ထွက်တော်မူလတ်မည်'မဟုတ်ဟူသော။

မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲမဲဆွယ်ကာလတွင် ဖေ့စ်ဘုတ် (Facebook) ပို့စ်(Post)များ အလွဲသုံးမှုကို ဂရုပြုသင့်သည်။ ၂၀၁၄ ခုနှစ်ထက် ၂၀၁၅ ခုနှစ်တွင် ဖေ့စ်ဘုတ် (Facebook) သုံးစွဲသူများက ၅၅ ရာခိုင်နှုန်းကျော် တိုးပွားလာရာ ပျားရည်ဆမ်းထားသော အမုန်းစကားများကို သတိပြုဖို့လိုပါသည်။

မဲဆန္ဒရှင်ပြည်သူတို့ကြား မီဒီယာသမားတို့က သုမေဓာရှင်ရသေ့ထုံး နှလုံးမူ၍ ပေါင်းကူးဆက်နွယ်ပေးဖို့သာလိုအပ်ပါကြောင်း။ ။

မဲဆန္ဒရှင်တစ်ဦး သိမှတ်ဖွယ်

မဲပေးပုံအဆင့်ဆင့်

၁။ မဲရုံသို့သွားရောက်ရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားကို ယူဆောင်သွားပါ။
၂။ ထိုသက်သေခံလက်မှတ်ကို မဲစာရင်းစစ်ဆေးသူထံ ပြသပြီး မဲစာရင်းစာရွက်ပေါ်ရှိ မိမိအမည်စာရင်းတွင် လက်မှတ်ထိုးပါ။
၃။ မဲလက်မှတ်ထုတ်ပေးသူထံမှ ဆန္ဒမဲလက်မှတ်ကို ထုတ်ယူပါ။
၄။ မဲလက်မှတ်ထုတ်ပြီးလျှင် လျှို့ဝှက်မဲပေးခန်း(သို့) လျှို့ဝှက်ဆန္ဒပြုရန်နေရာသို့သွားရောက်ပြီး ကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်း၏အမည်နှင့် တံဆိပ်ဘေးရှိ ဆန္ဒပြုရန် လေးထောင့်ကွက်နေရာတွင် အမှန်အမှတ်အသား ပါရှိသည့် တံဆိပ်တုံးရိုက်နှိပ်၍ ဆန္ဒပြုပါ။
၅။ ဆန္ဒပြုပြီးပါက မဲလက်မှတ်ကိုခေါက်၍ မဲပုံးရှိရာသို့ ယူဆောင်သွားပါ။
၆။ ဆန္ဒပြုထားသော မဲလက်မှတ်အခေါက်ကို သက်ဆိုင်ရာလွှတ်တော်မဲပုံးသို့ ကိုယ်တိုင်သွားရောက်၍ ထည့်ပါ။

မှတ်ချက်။ ။ အထက်ဖော်ပြပါအဆင့်များအတိုင်း လွှတ်တော်သုံးရပ်အတွက် ဆန္ဒမဲ သုံးကြိမ်ထုတ်၊ သုံးကြိမ် ဆန္ဒပြု၊ သုံးကြိမ် မဲထည့်ရမည်ဖြစ်သည်။ တိုင်းရင်းသားလွှတ်တော်အမတ်များအတွက် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးများမှ မဲတစ်မဲ ထပ်မံပေးရမည်။

မဲဆန္ဒရှင်

မဲဆန္ဒရှင်ဆိုသည်မှာ လွှတ်တော်ရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးကိုခေါ်ပါသည်။

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ

(က) ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီးသူ၊
(ခ) နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊
(ဂ) သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သူ၊

ဆန္ဒမဲပေးပိုင်ခွင့်မရှိသူ

(က) သာသနာ့ဝန်ထမ်း၊
(ခ) ထောင်ဒဏ်ကျခံနေရသူ၊
(ဂ) စိတ်ပေါ်သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
(ဃ) လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊
(c) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊
(စ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူ၊

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)၏ ရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်စာအုပ်မှ ထုတ်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။

ရွေးကောက်ပွဲကျင်းပရန် ၄၅ ရက်သာ လိုတော့သည်။

၂၀၁၅ ရွေးကောက်ပွဲ အထူးကဏ္ဍအချပ်ပို
စက်တင်ဘာ ၂၂ ၂၀၁၅
စာမျက်နှာ-၂
ကြေးမုံ Mirror

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၂၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ပထမဦးစွာ တိုင်းသူပြည်သားအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ဆုတောင်းလိုက်ပါတယ်။

နိုဝင်ဘာလ(၈)ရက်နေ့မှာကျရောက်မယ့် ရွေးကောက်ပွဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နိုင်ငံတစ်ဝန်း ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာဝင်ရောက်ယှဉ်ပြိုင်တယ်ဆိုတာ ပြည်သူလူထုရဲ့ ထောက်ခံမဲတွေကို တောင်းခံတာပဲဖြစ်တာကြောင့် ပြည်သူကို ကျွန်မတို့အဖွဲ့ချုပ်ရဲ့ မူဝါဒသဘောတရားများ၊ နိုင်ငံ့အတွက် မျှော်မှန်းချက်များနဲ့ သမိုင်းဖြစ်စဉ် အချို့ကို တင်ပြချင်ပါတယ်။

ဒီမိုကရေစီစနစ်တည်ထောင်ရာမှာ ပြည်သူလူထုရဲ့ကဏ္ဍဟာ အဓိကပါပဲ။ ပြည်သူလူထုရဲ့ ဆန္ဒ၊ သြဇာ၊ အာဏာအပေါ် အခြေခံတဲ့စနစ်ဖြစ်တာကြောင့် ပြည်သူတွေ တက်တက်ကြွကြွ ပါဝင်ကြမှ အောင်မြင်နိုင်မှာပါ။ ပြည်သူတွေရဲ့ ပါဝင်ပတ်သက်မှုလိုအပ်သလို ပြည်သူတွေရဲ့ ဆုံးဖြတ်ချက်ဟာ အင်မတန်အရေးကြီးပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ပွင့်လင်းထင်ရှားတဲ့၊ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲမှတစ်ဆင့် ဖော်ထုတ်လိုက်တဲ့ ပြည်သူ့ဆန္ဒကိုလေးစားလိုက်နာပါ့မယ်ဆိုတာကို အာမခံပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို (၁၉၈၈)ခုနှစ်မှာ လူအခွင့်အရေးများကို ကာကွယ်ထိန်းသိမ်းမယ့် စစ်မှန်တဲ့ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ဖို့ ရည်မှန်းချက်နဲ့ ထူထောင်ခဲ့တာဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ ပန်းတိုင်ရောက်အောင်ကြိုးပမ်းရာမှာ အကြမ်းမဖက်ရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ သဟဇာတဖြစ်ရေး၊ အာယာတကင်းစင်ရေး စတဲ့ သဘောတရားများကို ခိုင်ခိုင်မာမာစွဲကိုင်ခဲ့ပါတယ်။ (၂၇)နှစ်အတွင်း အခက်အခဲပေါင်းစုံကို အဖွဲ့ချုပ်နဲ့ အဖွဲ့ချုပ်ဝင်များ ပြင်းပြင်းထန်ထန်ခံခဲ့ရပေမယ့် ဒီမူဝါဒသဘောတရားတွေကို လုံးဝလက်မလွှတ်ခဲ့ပါဘူး။ အခုလည်း ကျွန်မတို့နိုင်ငံ တည်ငြိမ်အေးချမ်းစွာ ပြောင်းလဲနိုင်ရေးအတွက် ဒီမူဝါဒသဘောတရားတွေအရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တိုင်းပြည်မထိ၊ ပြည်သူမနာတဲ့ နည်းလမ်းတွေနဲ့သာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို ပြည်ထောင်စုသားအားလုံးနဲ့အတူ ပူးပေါင်းလက်တွဲ အကောင်အထည်ဖော်လိုတဲ့ဆန္ဒနဲ့အညီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ (၁၉၉၀) ခုနှစ် ရွေးကောက်ပွဲမှာဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ လူထုရဲ့ တစ်ခဏက်ထောက်ခံမှုကိုရရှိခဲ့ပေမယ့် တိုင်းပြည်တာဝန်ကို ထမ်းဆောင်ခွင့်မရခဲ့ဘူးဆိုတာ အများသိပြီးဖြစ်ပါတယ်။ ဒါပေမယ့်လည်း (၁၉၉၀)ခုနှစ် ရွေးကောက်ပွဲဟာ မြန်မာနိုင်ငံသူ နိုင်ငံသားများရဲ့ ပြင်းပြတဲ့ ဒီမိုကရေစီရရှိရေးဆန္ဒကို ဖော်ထုတ်လိုက်တာကြောင့် ကျွန်မတို့ နိုင်ငံ ဒီမိုကရေစီအရေးနဲ့အတူ အဖွဲ့ချုပ်ပါ ဆက်လက်ရှင်သန်လှုပ်ရှားနိုင်ခဲ့ပါတယ်။ မဲဆန္ဒရှင်ပြည်သူတွေရဲ့ကျေးဇူးကို မမေ့မလျော့ တန်ဖိုးထားလျက်ပါ။

(၂၀၁၂) ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာကလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ နိုင်ငံအတွက် မျှော်မှန်းချက်တွေကို တတ်အားသရွေ့ အေးချမ်းစွာ ဥပဒေဘောင်အတွင်းက ဖော်ဆောင်ဖို့ရာ ကြိုးပမ်းချက်ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဖွံ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးတို့ကို အဖွဲ့ချုပ်ရဲ့ ဦးတည်ချက်တွေအဖြစ် သတ်မှတ်ခဲ့ပါတယ်။ ပြည်သူရဲ့ ယုံကြည်ထောက်ခံမှု ကျေးဇူးကြောင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ မဲဆန္ဒနယ် ၄၄ နေရာအနက် ၄၃ နေရာမှာ အနိုင်ရရှိခဲ့ပါတယ်။ ကိုယ်စားလှယ် ၆၀၀ ကျော်ပါဝင်တဲ့ ပြည်ထောင်စုလွှတ်တော်မှာ ၄၀ ကျော်မျှသော ကိုယ်စားလှယ်များရဲ့ စွမ်းဆောင်အားဟာ အကန့်အသတ်နဲ့သာရှိနိုင်မယ်ဆိုတာ ပြည်သူတွေနားလည်နိုင်လိမ့်မယ်လို့ ယူဆပါတယ်။ ဒီမိုကရေစီအကျိုး၊ ပြည်ထောင်စုအကျိုးအတွက် လွတ်တော်အတွင်းသာမက လွတ်တော်ပြင်ပမှာပါ အဖွဲ့ချုပ်က ကြိုးပမ်းခဲ့မှုများကြောင့် ပြည်သူ့ပြည်သားများ ဖွံ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲဖို့ ဘာကြောင့် လိုအပ်တယ်ဆိုတာကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် နားလည်ခဲ့ကြတယ်လို့ ယုံကြည်ပါတယ်။ ဒါပေမယ့် (၂၀၁၂) ကြားဖြတ်ရွေးကောက်ပွဲရဲ့ ဦးတည်ချက်တွေကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဖို့ကတော့ အစိုးရတာဝန်တွေ ထမ်းဆောင်ပိုင်ခွင့် လိုအပ်ပါတယ်။ ဒီတာဝန်ကို ပြည်သူလူထုက အပ်နှင်းပေးစေလိုတာကြောင့် ယခု(၂၀၁၅)ခုနှစ် နိုဝင်ဘာလ (၈)ရက်နေ့ ရွေးကောက်ပွဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပါဝင်ယှဉ်ပြိုင်မှာပါ။

တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေးဟာ ဆက်နွယ်နေပါတယ်။ ဥပဒေများဟာ တရားပြီး အများပြည်သူတွေရဲ့ဘဝ လုံခြုံရေးအတွက်ဖြစ်ရပါမယ်။ ဒါကြောင့် ဖျက်တန်ရာဖျက်၊ ပြင်တန်ရာပြင်၊ အသစ်ပြဋ္ဌာန်းတန်ရာ အသစ်ပြဋ္ဌာန်းဖို့လိုပါတယ်။ တရားဥပဒေများထိရောက်မှု ရှိစေရေးအတွက် လုပ်ဆောင်ပိုင်ခွင့် အာဏာကတော့ အုပ်ချုပ်ရေးဆိုင်ရာနဲ့ တရားစီရင်ရေးဆိုင်ရာတို့မှာသာရှိတာ ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေး ထိရောက်စွာ အကောင်အထည်ဖော်နိုင်တာက အစိုးရသာဖြစ်ပါတယ်။ ဒါကြောင့် အစိုးရဖွဲ့နိုင်ရေးဟာ တရားဥပဒေစိုးမိုးရေးဦးတည်ချက် အောင်မြင်ဖို့အတွက် အဓိကကျပါတယ်။

(၂၀၁၂)ကြားဖြတ်ရွေးကောက်ပွဲ အကြိုကာလမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ပြည်တွင်းငြိမ်းချမ်းရေးဦးတည်ချက်ကို တင်ပြခဲ့ပါတယ်။ ပြည်တွင်းစစ်ရပ်စဲသွားဖို့အတွက် အဆင့်သုံးဆင့်နဲ့ ဆောင်ရွက်သွားရန်လိုကြောင်း၊ ပထမအဆင့်မှာ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ အပစ်အခတ်ရပ်စဲရေး၊ ဒုတိယအဆင့်မှာ နိုင်ငံရေးဆွေးနွေးပွဲတွေကျင်းပပြီး ညှိနှိုင်းအဖြေရှာရေး၊ တတိယအဆင့်မှာတော့ ပင်လုံရဲ့အခြေခံမူဖြစ်တဲ့ တိုင်းရင်းသား တန်းတူညီမျှမှု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် စသည်များကို ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံရေးပဲဖြစ်ပါတယ်။ အခုအချိန်မှာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ဖြစ်မြောက်စေရန်အတွက် သဘောတူညီချက်စာချုပ်ကို သက်ဆိုင်ရာအဖွဲ့အစည်းများ မကြာမီကာလအတွင်း လက်မှတ်ရေးထိုးနိုင်မယ့် အလားအလာရှိနေတာကြောင့် ပြည်သူ့ပြည်သားတွေ ဝမ်းသာစွာစောင့်မျှော်နေကြပါတယ်။ ဒီအပစ်အခတ်ရပ်စဲရေးစာချုပ်ဟာ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်လေးစားယုံကြည်မှုတို့ပေါ်မှာ အခြေခံတဲ့ တည်တံ့ခိုင်မြဲမယ့် သဘောတူညီချက်ဖြစ်ဖို့ရာက အဓိကဖြစ်ပါတယ်။

အပစ်အခတ်ရပ်စဲရေးစာချုပ် အောင်မြင်စွာသဘောတူလက်မှတ်ရေးထိုးပြီးတဲ့အခါမှာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းစေဖို့ မဖြစ်မနေလိုအပ်နေတဲ့ ထာဝရငြိမ်းချမ်းရေးရဲ့ အခြေခံအုတ်မြစ်ချခြင်းဖြစ်တဲ့ ဒုတိယအဆင့်နဲ့ တတိယအဆင့်တို့ကို အကောင်အထည်ဖော်ရပါမယ်။ တကယ်တော့ ဒီအဆင့်နှစ်ဆင့်ကို တစ်ပြိုင်တည်းလုပ်သွားဖို့လိုပါတယ်။ ဒုတိယအဆင့်ဖြစ်တဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို တာဝန်ယူဆောင်ရွက်ရမှာကတော့ နိုဝင်ဘာလ အထွေထွေရွေးကောက်ပွဲမှ ထွက်ပေါ်လာမယ့် အစိုးရပဲဖြစ်ပါတယ်။ ပြည်သူကလိုလားထောက်ခံခဲ့ရင် ဒီတာဝန်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ထမ်းဆောင်ဖို့ အသင့်ဖြစ်ပါတယ်။

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေး ရည်မှန်းချက်ကို လွန်ခဲ့တဲ့ ၂၇ နှစ်အတွင်း အန္တရာယ်အခက်အခဲမျိုးစုံနဲ့ ကြုံတွေ့ရပေမယ့် လုံးဝလက်မလွှတ်ခဲ့ပါ။ ၂၀၁၀ ကစပြီးလည်း ကျွန်မတို့အဖွဲ့ချုပ်က ဒုတိယပင်လုံညီလာခံကျင်းပရေးကို ဦးတည်ခဲ့တာဖြစ်ပါတယ်။ 'ဒုတိယပင်လုံ' ဆိုတာကတော့ ပင်လုံစိတ်ဓာတ်ရဲ့ အနှစ်သာရဖြစ်တဲ့ တိုင်းရင်းသားများအားလုံး (၇မာတွေဟာလည်း တိုင်းရင်းသားတွေထဲမှာ ပါပါတယ်ဆိုတာ မမေ့ကြဖို့ သတိပေးပါရစေ) ပူးပေါင်းဆောင်ရွက်ခြင်းနဲ့သာ ဘုံမျှော်မှန်းချက်များကို အောင်မြင်အေးချမ်းစွာ အကောင်အထည်ဖော်နိုင်မယ်ဆိုတဲ့ ယုံကြည်ချက်အပေါ် အခြေခံတဲ့ ငြိမ်းချမ်းရေး၊ ပြည်ထောင်စုရေး ဆွေးနွေးပွဲကို ဆိုလိုတာပါ။

ယခုတစ်နိုင်ငံလုံး တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးမကျန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကိုယ်စားလှယ်လောင်းများ ဝင်ရောက်အရွေးခံတာဟာ စစ်မှန်တဲ့ ပြည်ထောင်စုဖြစ်ပေါ်လာရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်နဲ့ ပြည်ထောင်စုညီညွတ်မှုကို ကိုယ်စားပြုနိုင်မယ့် ဗဟိုအစိုးရဖွဲ့စည်းနိုင်ဖို့ ဖြစ်ပါတယ်။ ဗဟိုအစိုးရဟာ အမှန်တကယ် ဒီမိုကရေစီစံနှုန်းစံထားများနဲ့ ကိုက်ညီမှုရှိပြီး တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတွေနဲ့ ဟန်ချက်ညီညီကြိုးပမ်းဆောင်ရွက်နိုင်မှသာ စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ထောင်နိုင်မှာပါ။ မတူကွဲပြားမှုကို အင်အားဖြစ်အောင်လုပ်ပြီး ညီညွတ်မှု ကြိုးစားဖော်ဆောင်နိုင်ခွင့်ကို အဖွဲ့ချုပ်က ပြည်ထောင်စုသားအားလုံးထံက တောင်းခံခြင်းဖြစ်ပါတယ်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေဟာ အချိန်ကြာနိုင်ပါတယ်။ နိုင်ငံရဲ့အနာဂတ် တစ်ခုလုံးအတွက် ရည်ရွယ်တဲ့ သဘောတူညီမှုများကို အဆောတလျင်မရယူဘဲ အသေအချာတိုင်ပင်ဆွေးနွေးအဖြေရှာတာဟာ မှန်ကန်တဲ့လုပ်ရပ်ပါ။ သို့သော်လည်း အကန့်အသတ်မရှိ အချိန်ဆွဲနိုင်တဲ့ အနေအထားမဖြစ်ဖို့လည်း အင်မတန်အရေးကြီးပါတယ်။ ဆွေးနွေးပွဲတွေက ထွက်ပေါ်လာတဲ့ သဘောတူညီချက်တွေကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်ဖို့လည်း အရေးကြီးပါတယ်။ ဒါကြောင့် ဒုတိယအဆင့်လို့ သတ်မှတ်တဲ့ဆွေးနွေးပွဲများနဲ့ တစ်ပြိုင်နက်တည်း တတိယအဆင့်လို့သတ်မှတ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ပြောင်းလဲရေးကိုလည်း လုပ်ကိုင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ပြောင်းလဲရာမှာ တပ်မတော်ရဲ့ကဏ္ဍက အဓိကဖြစ်တယ်ဆိုတာ ကျွန်မတို့ ပြည်သူ့ပြည်သားများ အသိဖြစ်ပါတယ်။ ပြင်ဆင်ပြောင်းလဲရေးနဲ့ပတ်သက်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အမြင်နဲ့ တပ်မတော်ရဲ့အမြင်ဟာ တစ်ထပ်တည်းမဟုတ်ဘူးဆိုတာကိုလည်း ပြည်သူ့ပြည်သားများ အသိဖြစ်ပါတယ်။ သို့သော်လည်း ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးရဲ့ အနာဂတ်တည်ငြိမ်တောက်ပလေးကို လိုလားတဲ့နေရာမှာ တပ်မတော်နဲ့ကျွန်မတို့အကြား လုံးဝကွဲပြားမှုမရှိဘူးလို့ ယုံကြည်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းက ပြည်သူတွေနဲ့ ထူထောင်ခဲ့တဲ့ ပြည်သူ့တပ်မတော်ကို ပြည်သူ့အကျိုးကိုသာဦးတည်ဆောင်ရွက်တဲ့ ပြည်သူ့ချစ်အဖွဲ့အစည်းအဖြစ် ပြည်သူ ပြည်သားများက ပြင်းပြစွာမြင်လိုနေကြပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနဲ့ လာမယ့်ရွေးကောက်ပွဲတွေမှာ ထွက်ပေါ်လာမယ့် ပြည်သူ့ဆန္ဒကို လေးစားကာကွယ်ရေးများအပါအဝင် နိုင်ငံရဲ့ကံကြမ္မာ ဖန်တီးရေးနဲ့ ပတ်သက်တဲ့ ကိစ္စအဝဝမှာ ပြည်သူနဲ့ တပ်မတော် တစ်သားတည်းရှိဖို့ကို လေးလေးနက်နက် လိုလားနေကြပါတယ်။

အဖွဲ့ချုပ်ဟာ မြန်မာ့တပ်မတော်ကို ဒီမိုကရေစီစံနှုန်းစံထားများနှင့် အညီ တိုးတက်ခေတ်မီပြည့်စုံစွာ ပြည်သူတွေလေးစားချစ်ခင်မှုကြောင့် ကဘာ့အလယ် တင့်တယ်တဲ့၊ နိုင်ငံနဲ့ပြည်သူလွတ်လပ်၊ လုံခြုံ၊ အေးချမ်းရေးတို့ကို အခိုင်အမာ ကာကွယ်ပေးမယ်၊ နိုင်ငံက အားကိုးရတဲ့ အဖွဲ့အစည်းဖြစ်စေလိုပါတယ်။ အဖွဲ့ချုပ်နဲ့ တပ်မတော်အကြား သံသယတွေ ဖယ်ရှားပြီး ပြည်ထောင်စုအရေး၊ ဒီမိုကရေစီအရေးအတွက် အပြန်အလှန် ယုံကြည်လေးစားစွာ ပူးပေါင်းဆောင်ရွက်ချင်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ပြောင်းလဲရေးမှာလည်း နိုင်ငံရဲ့တည်ငြိမ်မှု၊ ပြည်သူတွေရဲ့ နှလုံးစိတ်ဝမ်း အေးချမ်းမှုတွေကို မထိခိုက်စေဘဲ ပြည်သူ့ဆန္ဒနဲ့ ကိုက်ညီစွာ အတူလုပ်ဆောင်ချင်ပါတယ်။

အဖွဲ့ချုပ်ဟာ ပြည်သူ့ပြည်သားအားလုံး အေးချမ်းတည်ငြိမ်စွာရှင်သန်ပြီး လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်နိုင်မယ့် လူ့အဖွဲ့အစည်းကို ထူထောင်ချင်ပါတယ်။ (၂၇)နှစ်ကျော် အတိုက်အခံ အဖွဲ့အစည်းတစ်ခုအနေနဲ့ ရုန်းကန်ခဲ့ရတဲ့ပါတီဟာ နိုင်ငံ့အစိုးရတာဝန်တွေကို ထမ်းဆောင်နိုင်တဲ့ အရည်အချင်းရှိနိုင်ပါ့မလားလို့ အချို့က စောဒကတက်ပါတယ်။ ရှိနိုင်ရုံမကရှိကိုရှိပါတယ်လို့ ကျွန်မရဲ့ကြီး ပြောဝံ့ပါတယ်။ တာဝန်တစ်ရပ်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ဖို့အတွက် အသိနှစ်ရပ် လိုအပ်ပါတယ်။ဘာကိုမလုပ်သင့်၊ ဘာကိုလုပ်သင့်ဆိုတဲ့ အသိနှစ်ရပ်ပါပဲ။ ဘာကိုမလုပ်သင့်နဲ့ ပတ်သက်လို့တော့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ အတွင်း မြန်မာနိုင်ငံကို အရှေ့တောင်အာရှရဲ့ အတောက်ပဆုံးကြယ်အဆင့်မှ မှေးမှိန်သေးသိမ်တဲ့ မထင်မရှား ဂြိုဟ်လေးအဖြစ် ရောက်ရှိသွားစေတဲ့ဖြစ်ရပ်တွေကိုလေ့လာပြီး သင်ခန်းစာတွေ အများကြီးရနေပါပြီ။ ဘာတွေလုပ်သင့်တယ်ဆိုတာကတော့ ပြည်သူတွေက သင်ကြားပေးလို့ သိနေရတာဖြစ်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကြေညာစာတမ်းမှာ ပြည်သူ့လူထုရဲ့ဘဝတွေ ကောင်းမွန်မှန်ကန်စွာ ပြောင်းလဲနိုင်ဖို့ အတွက် လုပ်ဆောင်ရန် ရည်မှန်းချက်များကို ကဏ္ဍလေးရပ်ခွဲပြီးတင်ပြထားပါတယ်။

(၁) တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊
(၂) တိုင်းရင်းသားပြည်သူ့တစ်ရပ်လုံး အေးချမ်းလုံခြုံစွာ လက်တွဲနေထိုင်ရေးကို အာမခံချက်ပေးနိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ် ထွန်းရေး၊
(၃) ပြည်သူလူထုအား တရားမျှတစွာ အကာအကွယ်ပေးမည့် အုပ်ချုပ်မှုစနစ်တစ်ရပ်ပေါ် ပေါက်လာရေး၊
(၄) လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးတို့ဖြစ်ပါတယ်။

ဒီရည်မှန်းချက်အားလုံးကို သတ်မှတ်ရာမှာ ပြည်သူတွေရဲ့ အသံတွေနားထောင်၊ ပြည်သူတွေရဲ့ မျက်နှာတွေကြည့်ပြီး ပြည်သူတွေရဲ့ ဆန္ဒတွေအပေါ် အခြေခံထားတာဖြစ်ပါတယ်။ နိုင်ငံတစ်ဝန်း ပြည်သူတွေနဲ့ဆွေးနွေးခွင့်ရခဲ့ရာမှ ပြည်သူတွေရဲ့ စိုးရိမ်ပူပန်မှုတွေ၊ အခက်အခဲတွေ၊ မျှော်လင့်တောင့်တချက်တွေကို ကြားသိခဲ့ရပါတယ်။

အဖွဲ့ချုပ်ရဲ့ လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအောက်မှာ စီးပွားရေး၊ တောင်သူလယ်သမား၊ မွေးမြူရေးနှင့်ရေလုပ်ငန်း၊ အလုပ်သမား၊ ပညာရေး၊ ကျန်းမာရေးစသဖြင့် အပိုင်း ၁၂ ပိုင်းပါဝင်ပါတယ်။ ပြည်သူများရဲ့ အဓိကလိုအပ်ချက်များကို ဖြည့်ဆည်းရန် ဦးတည်တဲ့ မူဝါဒ၊ စီမံကိန်းများ ဖြစ်ပါတယ်။ ယခု နိုဝင်ဘာလ ရွေးကောက်ပွဲမှာ နိုင်ငံရေးပါတီ ၉၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ပါတီတိုင်းဟာ မိမိတို့ရဲ့ သဘောထားရည်ရွယ်ချက်တွေကို နိုင်ငံသိတင်ပြပြီး ပြည်သူတွေရဲ့ ထောက်ခံမှုကို တောင်းယူကြမှာဖြစ်ပါတယ်။ ထောက်ခံမှုတောင်းဆိုတယ်ဆိုတာ ယုံကြည်မှုကို တောင်းဆိုတာပါပဲ။ ဘယ်ပါတီကို ယုံကြည်ထောက်ခံရမယ်ဆိုတာကို ပြည်သူတွေက ဆုံးဖြတ်ရမှာပါ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြည်သူတွေရဲ့ စစ်ဆေးသုံးသပ်ချက်ကို ရဲရဲခံနိုင်ပါတယ်။

အဖွဲ့ချုပ်ဟာ မည်သည့်အခါကမှ တိုင်းပြည်နဲ့ပြည်သူ ထိခိုက်နစ်နာအောင်မလုပ်ခဲ့ပါ။ အဖွဲ့ချုပ်ဟာ နိုင်ငံရေးအရ ယှဉ်ပြိုင်တဲ့နေရာမှာ စည်းမျဉ်းစည်းကမ်းဘောင်အတွင်းက အစဉ်လုပ်ဆောင်ခဲ့ပါတယ်။ အဖွဲ့ချုပ်ဟာ မတရားမှုမျှားကို ခိုင်ခိုင်မာမာဆန့်ကျင်ခဲ့သော်လည်း မည်သည့်ပုဂ္ဂိုလ် အဖွဲ့အစည်းကိုမျှ လုပ်ငန်းပိုင်းဆိုင်ရာဘောင်ကိုကျော်လွန်ပြီး တိုက်ခိုက်ခြင်းမပြုခဲ့ပါ။ အဖွဲ့ချုပ်ဟာ ပြည်သူကိုပေးတဲ့ ကတိကဝတ်တွေ မည်သည့်အခါကမျှ မချိုးဖောက်ခဲ့ပါ။ အဖွဲ့ချုပ်ဟာ ပြည်သူကို လိမ်လည်လှည့်ဖြားရှာသော်လည်းကောင်း၊ ခြိမ်းခြောက်၍သော်လည်းကောင်း စည်းရုံးဆွဲဆောင်ခြင်းမပြုခဲ့ပါ။

၁၉၈၈ ခုနှစ် စတင်ဖွဲ့စည်းစဉ်ကစပြီး ယခုတိုင် ပြည်သူကိုလေးစားပွင့်လင်းစွာ ဆက်ဆံခဲ့သည့်အတိုင်း ဆက်လက်ပြီး လုပ်ဆောင်သွားမည်မှာ အဖွဲ့ချုပ်ရဲ့ ခိုင်မာတဲ့ သန္ဓိဋ္ဌာန်ဖြစ်ပါတယ်။ ပြည်သူတွေအပ်နှင်းတဲ့ တာဝန်ကို ဖြောင့်မတ်စွာ အကောင်းဆုံးထမ်းဆောင်ဖို့က အဖွဲ့ချုပ်ရဲ့ဂုဏ်သိက္ခာနဲ့ အသက်ပဲဖြစ်ပါတယ်။ နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျရောက်မယ့် အထွေထွေရွေးကောက်ပွဲကြီးမှတစ်ဆင့် ပြည်သူများက အဖွဲ့ချုပ်ကို အစိုးရတာဝန်ထမ်းဆောင်နိုင်ရန် ပြတ်ပြတ်သားသားဆုံးဖြတ်ချက် ချပေးစေချင်ပါတယ်။ ဒီလိုတာဝန်ထမ်းဆောင်ခွင့်ရခဲ့ရင် အမျိုးသားရင်ကြားစေ့ရေး၊ သဟဇာတဖြစ်ရေး၊ အာယာတကင်းစင်ရေးမူများကို အစဉ်တစိုက် နှလုံးသွင်းပြီး ဒီမိုကရေစီပြည်ထောင်စုကြီး ထွန်းကားရေးအတွက် မည်သူ့ကိုမှရန်သူသဖွယ် မသတ်မှတ်၊ အခြားအဖွဲ့အစည်းများကို လက်ကမ်းကြိုဆိုပြီး အတူလုပ်ကိုင်သွားဖို့ ခိုင်ခိုင်မာမာခံယူထားပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ပြည်သူများရဲ့ ဆုံးဖြတ်ချက်ကို လေးစားလိုက်နာမှာဖြစ်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်း ပြည်သူ့ပြည်သားအားလုံး ကျန်းမာချမ်းသာကြပါစေ။ ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးကြပါစေ။ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ ကောင်းကျိုးလိုရာဆန္ဒအဝဝနှင့် ပြည့်နိုင်ကြပါစေ။

ကြေးမုံ Mirror
၂၀၁၅ ရွေးကောက်ပွဲ အထူးကဏ္ဍအချပ်ပို
စက်တင်ဘာ ၂၂၊ ၂၀၁၅
စာမျက်နှာ-၃

မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးဇင်အောင်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

လူတိုင်းလူတိုင်းဟာ ကိုယ့်သမိုင်းကိုယ်ရေးနေသလို လူတိုင်းမှာ သမိုင်းကိုယ်စီရှိကြပါတယ်။ ထိုနည်းအတူ ပါတီတိုင်း၊ အဖွဲ့အစည်းတိုင်းမှာလည်း သမိုင်းကိုယ်စီရှိကြပါတယ်။ ကောင်းတာလုပ်ရင် ကောင်းတဲ့သမိုင်း၊ မကောင်းတာလုပ်ရင် မကောင်းတဲ့သမိုင်းရှိနေပါတယ်။ သမိုင်းကို မြေမြှုပ်ဖျောက်ဖျက်ပစ်ရန်မရပါ။ ထိုအဆိုကို အဓိပ္ပာယ်လွဲမှားစွာ ကောက်ယူပြီး သမိုင်းကိုတူးဆွဖြေရှင်းကြစတမ်းဆိုရင် အတိတ်သမိုင်းမှာပဲ တဝဲလည်လည်ဖြစ်ကာ ရှေ့ဆက်ဖို့ ခက်ခဲသွားမှာပါ။ သမိုင်းဆိုတာ သင်ခန်းစာယူပြီးအသိအမှတ်ပြုဖို့ပဲဖြစ်တယ်။ သမိုင်းကို လေးစားတန်ဖိုးထားဖို့လိုပါတယ်။ လူတိုင်းကိုတန်ဖိုးထားခြင်းက လူ့အဖွဲ့အစည်းရဲ့ ယဉ်ကျေးမှုအဆင့်အတန်းကို မြှင့်တင်နိုင်တဲ့ မောင်းနှင်အား တစ်ခုဖြစ်စေပါတယ်။ နိုင်ငံရေးပဋိပက္ခအတွင်း နစ်နာခဲ့သူများ နိုင်ငံရေးအကျဉ်းသားဟောင်းများ၏နစ်နာဆုံးရှုံးခဲ့မှုများကို တရားမျှတရေးအတွက် ကြိုးပမ်းသွားပါမည်။

၁၉၈၈ ခုနှစ် ဒီမိုကရေစီတော်လှန်ရေးနှင့်အတူ မွေးဖွားလာတဲ့ လူ့ဘောင်သစ်ရဲ့ အဓိကနိုင်ငံရေးမူဟာ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတွင်ရှိသော မည်သည့် အာဏာရှင်စနစ်မျိုးကိုမဆို တော်လှန်ဆန့်ကျင်သွားမယ်ဆိုတဲ့ မူဝါဒချမှတ်ပြီး ကျောင်းသားပါတီအဖြစ် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီကို ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ တိုင်းပြည်နဲ့ ပြည်သူလူထုအတွက် ဘဝကိုစွန့်လွှတ်စွန့်စားပင် ပေးဆပ်ခဲ့သူတွေလည်းဖြစ်ပါသည်။

ထိုသို့ဖြတ်သန်းခဲ့သည့် သမိုင်းကိုလေးစားသောအားဖြင့် ပြည်သူလူထုကြားမှာ တရားဝင်ပြန်လည်ရှင်သန်နိုင်ရန်အတွက် လည်းကောင်း၊ ပြည်ပနိုင်ငံအသီးသီးသို့ ရောက်ရှိနေသော မိမိတို့လုပ်ဖော်ကိုင်ဖက်များ ပြည်တွင်းသို့ ဂုဏ်သိက္ခာရှိရှိ ပြန်လည်ဝင်ရောက်လာနိုင်ရန်အတွက်လည်းကောင်း၊ အကျဉ်းထောင်အသီးသီးတွင် အကျဉ်းကျခံနေရသော လုပ်ဖော်ကိုင်ဖက်များ ပြန်လည်လွတ်မြောက်ရန်အတွက် လည်းကောင်း ရည်ရွယ်ကာ ၂၀၁၀ ခုနှစ်တွင် မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအဖြစ် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါတယ်။ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲတွင် အကြောင်းအမျိုးမျိုးကြောင့် ယှဉ်ပြိုင်ခြင်းမပြုခဲ့သည့်အတွက် ဖျက်သိမ်းခံခဲ့ရပြီး ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမတိုင်မီ တရားဝင်ပြန်လည်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။

ယခုအခါ မူလလူ့ဘောင်သစ်အလံအောက်မှာ လူ့ဘောင်သစ်ပါတီနှင့်လူ့ဘောင်သစ်၏မူဝါဒများအတိုင်း ပေါင်းစည်းရေးအတွက် လက်မှတ်ထိုး သဘောတူညီထားပြီးဖြစ်သော်လည်း ကော်မရှင်ဥပဒေအရ ပါတီဝင်များ အသက်ဆက်နိုင်ရန် မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီအမည်ဖြင့် ရွေးကောက်ပွဲဝင်ရခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ပါတီ၏ အဓိကနိုင်ငံရေးမူမှာ လွတ်လပ်ရေး၊ တရားမျှတရေး၊ ငြိမ်းချမ်းရေး၊ အေးအတူပူအမျှ အညီအမျှခံစားနိုင်ရေးဖြစ်ပြီး ဘယ်ပါတီအာဏာရရ၊ ညွှန့်ပေါင်းပဲဖြစ်လာဖြစ်လာ ပြည်သူလူထုကိုယ်စား အကောင်းဆုံးအတိုက်အခံပါတီအဖြစ် ရပ်တည်သွားဖို့ သန္ဓိဋ္ဌာန်ချထားပြီးဖြစ်ပါသည်။

ကျွန်တော်တို့ပါတီ၏ အထိမ်းအမှတ်သင်္ကေတ၏အနက်အဓိပ္ပာယ်မှာ အနီရောင်အောက်ခံပေါ်မှ ကြယ်ဖြူသည် ဒီမိုကရေစီတော်လှန်ရေးမှ မွေးဖွားလာသော အဓိပ္ပာယ်ကိုဖော်ဆောင်ထားပြီး အရွယ်တူကြယ်ဖြူ၈၁းလုံး တစ်ပြေးညီ ထပ်ထားခြင်းမှာ အလုပ်သမား၊ လယ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ တပ်မတော် မိသားစုများ၊ တိုင်းရင်းသားများကို ကိုယ်စားပြု၍ လူတန်းစားအလွှာ ငါးလွှာ၏အရေးပါမှု၊ တန်းတူ တူညီမျှမှု၊ တရားမျှတမှုကို အခြေခံရည်ညွှန်း၍ ဖွံ့ဖြိုးတိုးတက်သော လူ့ဘောင်သစ်သို့ချီတက်သွားရန် ရည်ရွယ်ထားခြင်း ဖြစ်ပါသည်။

စီးပွားရေးမူ

Globalization ခေါ်ကမ္ဘာအနှံ့ဖြစ်စဉ်တွင် ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာကဲ့သို့ နိုင်ငံအချင်းချင်း ဆက်စပ်နေပြီး ချက်ချင်းဆိုသလို ခေါ်နိုင်ပြောနိုင်ကြားနိုင်သော ခေတ်ကာလကို ရောက်ရှိနေပြီဖြစ်သည့်အတွက် လူသုံးကုန်ပစ္စည်း၊ စားကုန်ပစ္စည်းမှန်သမျှသည် ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နေကြရပါသည်။

ဈေးကွက်၌ ကုန်ပစ္စည်း၏အရည်အသွေး (Quality) သည် ဝယ်လိုအား Demand ကို ဖြစ်ပေါ်စေပါသည်။ Demand ရှိလျှင် Supply ကအလိုအလျောက်ဖြစ်ပေါ်လေ့ရှိပါသည်။ ဒါကြောင့် အရာရာတိုင်းမှာ အရည်အသွေးကို ဦးစားပေးမြှင့်တင်ဖို့လိုပါသည်။ ကျွန်တော်တို့ပါတီ၏မူမှာ အရည်အသွေးကပထမ၊ အရေအတွက်က ဒုတိယဦးစားပေးမူဝါဒချမှတ်ထားပါသည်။

စစ်မှန်သော ဈေးကွက်စီးပွားရေးစနစ်သည် အရာရာတိုင်းတွင် အပြေးပြိုင်သလို ယှဉ်ပြိုင်နေရပါသည်။ ယုန်နဲ့လိပ်အပြေးပြိုင်တဲ့အခါ ကုန်းပေါ်မှာယုန်ကနိုင်ပြီး ရေထဲဖြတ်တဲ့ခရီးလမ်းမှာ လိပ်ကနိုင်ပါသည်။ ကိုယ်နိုင်ခြေရှိတဲ့ ခရီးလမ်းကြောင်းကို ဦးစားပေးရွေးချယ်ရပါမည်။ ကျွန်တော်တို့နိုင်ငံသည် မြေနှင့်သယံဇာတပေါများကြွယ်ဝသည့်အတွက် မြေနှင့်သယံဇာတထုတ်ကုန်များ၏ အရည်အသွေးကောင်းမွန်ရန်အတွက် အဓိကထား ရင်းနှီးမြှုပ်နှံသွားပါမည်။

ငွေကြေးစီးဆင်းမှုစနစ်ကို ပြောင်းလဲပစ်ရပါမည်။ တိုင်းပြည်စီးပွားရေးစနစ်သည် လူသားအရင်းအမြစ်ပေါ် အခြေခံသည့် စီးပွားရေးစနစ်ဖြစ်ရပါမည်။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် အောင်နိုင်မည့်သူသည် ကလေးသူငယ်များ ဖြစ်စေဖို့ တောင်းဆိုကြပါစို့ဆိုတဲ့ ခေါင်းစဉ်နှင့် UNICEF က ဦးဆောင်ကာ ပါတီခေါင်းဆောင်တွေကို တွေ့ဆုံပြီး လှိုင်သာယာ၊ ရွှေပြည်သာက ကလေးသူငယ်တွေရဲ့ စိတ်လှုပ်ရှားဖွယ်ရာ ဖျော်ဖြေတင်ဆက်မှု အစီအစဉ်တွေနဲ့ ကျွန်တော်တို့ကို ကွက်ကွက်ကွင်းကွင်းမီးမောင်းထိုးပြခဲ့တဲ့အတွက် ကျွန်တော်တို့ပါတီအနေနဲ့ အနာဂတ်ကို ပိုင်ဆိုင်ထားတဲ့ ကလေးသူငယ်တွေရဲ့အရေးကို အဓိကဦးစားပေးဆောင်ရွက်သွားဖို့ကိုလည်း ဆုံးဖြတ်နိုင်ခဲ့ပါသည်။ ကလေးသူငယ်များသည် မြန်မာနိုင်ငံလူဦးရေ၏ ၃၄ ရာခိုင်နှုန်းကို ကိုယ်စားပြုလျက်ရှိပါသည်။ ကောက်ယူထားသည့် စစ်တမ်းများအရ-

- -အသက်(၅)နှစ်မှ (၁၈)ကြားရှိ ကလေးသူငယ် ၄ ဒသမ ၄ သန်းသည် ကျောင်းမတက်ကြတော့ပါ။(၃၆ ရာခိုင်နှုန်း)
- -အသက်(၁၀)နှစ်မှ (၁၈)နှစ်ကြားရှိ ကလေးငယ် ၁ ဒသမ ၆ သန်းသည် အလုပ်လုပ်နေကြရပါသည်။(၂၁ ရာခိုင်နှုန်း)
- -၁၀ သန်းသောကလေးငယ်များသည် ဆင်းရဲခြင်းသံသရာတွင် နေထိုင်လျက်ရှိပါသည်။(၆၀ ရာခိုင်နှုန်း)
- -အသက်(၅)နှစ်အောက် ကလေးသေနှုန်းသည် အရှင်မွေးကလေး ၁၀၀၀ တွင် ၇၂ ယောက်နှုန်းဖြစ်ပြီး အာဆီယံဒေသတွင်း နိုင်ငံများအကြား အမြင့်ဆုံးဖြစ်ပါသည်။
- -၅ သန်းသော ကလေးငယ်များသည် သန့်ရှင်းသောသောက်သုံးရေ သုံးစွဲနိုင်ခြင်းမရှိကြပါ။(၂၉ ရာခိုင်နှုန်း)
- -၂ ဒသမ ၃ သန်းသော ကလေးငယ်များသည် အိမ်သာသုံးစွဲနိုင်ခြင်းမရှိကြပါ။ (၂၅ ရာခိုင်နှုန်း)
- -မြန်မာနိုင်ငံ၏ ကျန်းမာရေးနှင့်ပညာရေးတွင် ဘဏ္ဍာငွေသုံးစွဲမှုပမာဏသည် အာဆီယံဒေသတွင်းနိုင်ငံများအကြား အနည်းဆုံးဖြစ်ပြီး လူမှုရေးကဏ္ဍများတွင် ဘဏ္ဍာငွေသုံးစွဲမှုသည် ပြည်တွင်း အသားတင်ကုန်ထုတ်လုပ်မှု၏ ၃ ရာခိုင်နှုန်းသာ ရှိပါသည်။ ထို့ကြောင့် ၂၀၁၇ ခုနှစ်တွင် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍများအတွက် နိုင်ငံတော်၏ဘတ်ဂျက်ကို ၉ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းသို့ တိုးမြှင့်သွားရန်ဆောင်ရွက်မည်။

ပညာရေး

ဘက်စုံပညာရေးစနစ်ကို ကျင့်သုံးသွားပါမည်။ အတတ်ပညာ၊ အသိပညာနှစ်မျိုးစလုံး ပြုစုပျိုးထောင်သင်ကြားပေးမည့် ပညာရေးစနစ်ဖြစ်ရပါမည်။ ပညာသင်ကြားနိုင်ရန် အခမဲ့ပညာရေးစနစ်အပြင် မသင်မနေရအခြေခံမူလတန်းပညာ သင်ယူစဉ် ကလေးများကို အခမဲ့ကျွေးမွေးစောင့်ရှောက်ရေးစနစ်ကို ကျင့်သုံးသွားပါမည်။ တရားမျှတမှု၊ လွတ်လပ်မှု၊ မဟုတ်မခံ မမှန်တာမလုပ်သည့် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှင်သန်စေရန် ပညာရေးစနစ်တွင် ထည့်သွင်းလေ့ကျင့်ပေးရပါမည်။ (Team Work) အဖွဲ့အစည်း အဝန်းအဝိုင်းဖြင့်ဆောင်ရွက်နိုင်သည့် စိတ်ဓာတ်များပြုစုပျိုးထောင်နိုင်ရန် ကျောင်းသားသမဂ္ဂကို တရားဝင်ခွင့်ပြုမည်။ ပညာရေးတွင် ပညာရပ်အားလုံးကို အလင်းရောင်ပေးထားရပါမည်။ ဘာသာရေး၊ နိုင်ငံရေး၊ အမှောင်ချထားသည့်ပညာရေး မဖြစ်ရန် ဘာသာရေး၊ နိုင်ငံရေး ကန့်သတ်ထားသည့် ပညာရေးမူဝါဒကို ဖျက်သိမ်းသွားမည်။

ကျန်းမာရေး

မိခင်နှင့်ကလေးများ အခမဲ့ ဆေးဝါးကုသခွင့်အတွက် ဆောင်ရွက်နေသော UNICEF နိုင်ငံတကာအဖွဲ့အစည်းများ အပါအဝင် စုပေါင်းရေးဆွဲထားသော စီမံချက်များ အကောင်အထည်ပေါ်လာရန် ဆောင်ရွက်သွားမည်။ နိုင်ငံသားတိုင်း မျှတသော၊ ကုန်ကျစရိတ်သက်သာသော ဆေးဝါးကုသခွင့်ရရှိစေရန် ကျန်းမာရေးအသုံးစရိတ် ဘတ်ဂျက်ကို ပိုမိုသုံးစွဲသွားမည်။

ကျန်းမာရေးတွင် ကြိုတင်ကာကွယ်ရေးနှင့် ကုသရေးအပိုင်း နှစ်ပိုင်းရှိသည့်အနက် ကြိုတင်ကာကွယ်ရေးကိုလည်း အလေးထားဆောင်ရွက်သွားပါမည်။

ဘေးဥပဒ်အန္တရာယ်ရှိသော စားသောက်ကုန်ပစ္စည်းမှန်သမျှကို ပြည်ပကဖြစ်စေ၊ ပြည်တွင်းကဖြစ်စေ၊ သိုလှောင်ခြင်း၊ ဖြန့်ချိခြင်း၊ ထုတ်လုပ်ခြင်းမှန်သမျှကို အပြင်းအထန်ထိရောက်စွာ ကာကွယ်တားဆီးအရေးယူသွားမည်။

လူကို ဘေးဖြစ်စေသော အရည်အသွေးမမီသည့် အရက်စက်ရုံများကို ဖျက်သိမ်းတားမြစ်မည်။

လူကို ဘေးဖြစ်စေသော မူးယစ်ဆေးဝါးများ၊ ပြည့်တန်ဆာလုပ်ငန်းများကို ပိတ်ပင်တားဆီးသွားမည်။

လူကို ဘေးအန္တရာယ်ဖြစ်စေပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသော ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်မှုကို ဖျက်သိမ်းမည်။

ကုသရေးပိုင်းတွင် ဆေးရုံဆေးပေးခန်းများ လိုအပ်သလို တိုးချဲ့ဆောက်လုပ်ပေးသည့်အပြင် နယ်လှည့်ဆေးဝါးကုသသည့် နည်းစနစ်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

လယ်သမားအရေး

မြန်မာနိုင်ငံသည် လယ်မြေနှင့် သယံဇာတပေါကြွယ်ဝသည့်အတွက် မြန်မာ့စီးပွားရေးသည် မြေသယံဇာတထွက်ကုန်များပေါ်တွင် အခြေခံပြီး အခြားစက်မှုလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်စေရမည်ဆိုသည့် မူဝါဒနှင့်အညီ မြေသယံဇာတထုတ်ကုန်များကို အရည်အသွေးကောင်းမွန်စေရန် အဓိက ဦးစားပေးဆောင်ရွက်သွားပါမည်။ ကမ္ဘာ့ဈေးကွက်တွင် လယ်ယာထုတ်ကုန်ပစ္စည်းများ အရည်အသွေးပြည့်အဆင့်အတန်းပြည့်မီရန် လယ်သမားများကို နည်းပညာများအပြင် လုံလောက်သော ရင်းနှီးမြှုပ်နှံမှုများအတွက် လုံလောက်သောချေးငွေများ တိုးမြှင့်ပေးသွားမည်။

